စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE

# ဈေးကွက်သတင်းလွှာ

myantrade

**အမှတ်စဉ် ၈/၂၀၂၄**

## ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ကွမ်းရွက်တစ်ပိဿာ ကျပ် ၄၀,၀၀၀ အထိ ဈေးတက်လာ

### နိုင်ငံတကာဈေးကွက်

- ဆန်တင်ပို့နိုင်သည့် အဆင့်ရောက်အောင်ကြိုးပမ်းမည်ဟု ဘင်္ဂလားဒေ့ရှ်ဝန်ကြီးပြောဆို
- ဖိလစ်ပိုင်သို့ ဆန်တန်ချိန် ၁၃၀,၀၀၀ တင်ပို့ရန် နားလည်မှုစာချွန်လွှာများအား ထိုင်းကုန်သည်များ လက်မှတ်ရေးထိုး
- ဝယ်လိုအားများမြင့်တက်လာခြင်းကြောင့် အိန္ဒိယနိုင်ငံမှ ဘာစမာတီဆန်များတင်ပို့မှု တိုးမြင့်လာ
- ဆန်တင်သွင်းမှုအပေါ် အခွန်နှုန်းလျှော့ချပေးခဲ့သည့် မူဝါဒအပြောင်းအလဲသည် ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှုအား တိုးမြင့်စေနိုင်ကြောင်း အမေရိကန်စိုက်ပျိုးရေးဌာနက ပြောကြား
- အစားအသောက်ဖူလုံမှုရှိစေရေး ဗီယက်နမ်နိုင်ငံနှင့် ဆန်တွင်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဖိလစ်ပိုင်နိုင်ငံအလိုရှိ
- ယခုနှစ်၌ ထိုင်းနိုင်ငံ၏ စားအုန်းဆီတင်ပို့မှု တန်ချိန် ၈ သိန်းခန့်ရှိနိုင်
- ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဦးဆောင်၍ ထိုင်းဆန်တင်ပို့သူများပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဆန်ကုန်သွယ်မှုအတွက် ဘတ် ၂ ဒသမ ၈ ဘီလီယံတန်ဖိုးရှိသော နားလည်မှုစာချွန်လွှာ ၉ ခု ကို ဖိလစ်ပိုင်နိုင်ငံ၌ လက်မှတ်ရေးထိုးခဲ့
- အိန္ဒိယဝန်ကြီးများကော်မတီအစည်းအဝေးတွင် ဘာစမာတီမဟုတ်သော ဆန်များတင်ပို့မှုအပေါ် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း တစ်တန်လျှင် ကန်ဒေါ်လာ ၅၀၀ သတ်မှတ်ဆုံးဖြတ်သွားဖွယ်ရှိ
- ထိုင်းနိုင်ငံရှိ ၁၀ စုနှစ်တစ်ခုကြာ သိုလှောင်သိမ်းဆည်းထားသည့် ဆန်များကို အမြင့်ဆုံးဈေးပေးခဲ့သည့် လေလံအောင်မြင်သူ ၂ ဦး သို့ ဘတ် ၂၄၄ သန်းဖြင့်ရောင်းချခဲ့
- အိန္ဒိယနိုင်ငံတွင် ၂၀၂၄ ခုနှစ် ဧပြီလမှ ဇွန်လအထိ လယ်ယာစိုက်ပျိုးရေးပို့ကုန်များတင်ပို့မှု အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၈ ဘီလီယံ (၃ ရာခိုင်နှုန်း) သို့ ကျဆင်း
- ကုလားပဲအဖြူအား သိုလှောင်ခွင့်ကန့်သတ်ချက် ချမှတ်ခြင်းမှ အိန္ဒိယအစိုးရ ကင်းလွတ်ခွင့်ပြု
- ၂၀၂၄ ခုနှစ်၊ ပထမ ၆ လအတွင်း တောင်ကိုရီးယားနိုင်ငံသည် အမေရိကန်နိုင်ငံနှင့် ကုန်သွယ်မှုတွင် ကုန်သွယ်မှု ပိုငွေစံချိန်တင်မြင့်မား
- ဖိလစ်ပိုင်နိုင်ငံမှ ကြက်သွန်နီတင်သွင်းခွင့်ရပ်ဆိုင်းထားခြင်းအား ဩဂုတ်လအထိ သက်တမ်းတိုးမြှင့်
- ဗီယက်နမ်နိုင်ငံ၏ ငရုတ်ကောင်းတင်ပို့မှုတန်ဖိုး ၃၀ ရာခိုင်နှုန်းမြင့်တက်
- အီသီယိုပီးယားနိုင်ငံသည် ကော်ဖီတင်ပို့မှုမှ စံချိန်တင်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ ရရှိ


ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ

ဖုန်း ၀၁ -၃၈၈၂၉၇

၀၁ -၃၇၆၄၆၀

http://www.myantrade.org

- ယခုဘဏ္ဍာနှစ်တွင် သဘာဝရော်ဘာထုတ်လုပ်မှု တန်ချိန် ၈ ဒသမ ၇၅ သိန်းအထိရရှိနိုင်မည်ဟု အိန္ဒိယရော်ဘာဘုတ်အဖွဲ့ခန့်မှန်း
- လာအိုနိုင်ငံရှိ ဆည်အသစ်ကြောင့် ထိုင်းနိုင်ငံ ခရိုင် ၃ ခုရှိ တောင်သူများအတွက် စီးပွားရေးအရ ဆုံးရှုံးမှုများဆီသို့ ဦးတည်လာနိုင်
- အာဖဂန်ကုန်သည်များသည် ပထမဆုံးအကြိမ်အဖြစ် ကြက်သွန်နီများအား ပါကစ္စတန်မှတစ်ဆင့် အိန္ဒိယသို့တင်ပို့
- ဗီယက်နမ်နိုင်ငံသည် ပထမနှစ်ဝက်အတွင်း ပင်လယ်စာတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံရရှိ
- စင်ကာပူနှင့် ရှန်ဟိုင်းအကြား ဒီဂျစ်တယ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း သဘောတူ
- တရုတ်မှ မျိုးရိုးဗီဇပြောင်း ပြောင်းဖူးများ၏ အန္တရာယ်များကို ထိုင်းလယ်သမားများစိုးရိမ်
- အိန္ဒိယတွင် မိုးရာသီစိုက်ပျိုးဧရိယာ ဟက်တာ ၇၀၄ သိန်းအထိမြင့်တက်လာပြီး ပဲမျိုးစုံစိုက်ပျိုးဧရိယာတိုးလာသော်လည်း ဝါစိုက်ပျိုးမှုကျဆင်း
- ဗီယက်နမ်နိုင်ငံမှ ကျွဲကောသီးများအား တောင်ကိုရီးယားသို့ တင်ပို့သွားမည်
- တရုတ်နှင့် အာဆီယံနိုင်ငံများသည် ဒူးရင်းသီးစိုက်ပျိုးမှုအတွက် သိပ္ပံနည်းပညာဆန်းသစ်တီထွင်မှုမဟာမိတ်အဖွဲ့ကို ထူထောင်ခဲ့
- တရုတ်နိုင်ငံသည် ဂျပန်ကို ကျော်တက်၍ အာရှတွင် ထောပတ်သီး အများဆုံးတင်သွင်းသူဖြစ်လာ
- ဘင်္ဂလားဒေ့ရှ်နိုင်ငံ စန္ဒာဘန်ပျားရည်အား ပထဝီဝင်အညွှန်းကိန်းဆိုင်ရာ(GI )ထုတ်ကုန်အဖြစ် မှတ်ပုံတင်ထားခဲ့
- ထိုင်းနိုင်ငံရှိ လျှပ်စစ်မော်တော်ကား ထုတ်လုပ်သည့် တရုတ်ကုမ္ပဏီများအား ထိုင်းပြည်တွင်းထုတ်မော်တော်ကား အစိတ်အပိုင်းများကို အသုံးပြုရန် စက်မှုဝန်ကြီးဌာနက တောင်းဆိုခဲ့ခြင်း
- အင်ဒိုနီးရှားနိုင်ငံသည် အဝတ်အထည်နှင့် ကြွေထည်ပစ္စည်းများအပေါ် အခွန် ၁၀၀ ရာခိုင်နှုန်းမှ ၂၀၀ ရာခိုင်နှုန်းအထိ စည်းကြပ်ကောက်ခံမည်
- အမေရိကန်နိုင်ငံ၏ စီးပွားရေးသည် လျင်မြန်သည့်နှုန်းဖြင့် တိုးတက်လျက်ရှိ
- အမေရိကန်အစိုးရသည် Amkor Technology အား အမေရိကန်နိုင်ငံ၏ နည်းပညာမြင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများအတွက် အဆင့်မြင့် ထုပ်ပိုးမှုနည်းပညာအသစ်များ ထုတ်လုပ်ရာတွင် ပံ့ပိုးကူညီရန် ပဏာမသဘောတူညီချက်ထုတ်ပြန်ခဲ့
- အမေရိကန်အစိုးရသည် Global Wafers နှင့် Silicon Wafers များထုတ်လုပ်ရန် ပဏာမသဘောတူစာချုပ်ချုပ်ဆိုခဲ့
- အိမ်နီးချင်းနိုင်ငံများမှ ချင်း(ဂျင်း)နှင့် ကွမ်းသီးအမြောက်အမြားတင်သွင်းမှုကြောင့် မိဇိုရမ်တောင်သူများကို ထိခိုက်နစ်နာစေသည်ဟု ပြည်နယ်အထက်လွှတ်တော်အမတ်ပြောကြား
- ဆီအုန်းကဏ္ဍ၌ အိန္ဒိယနိုင်ငံနှင့် မလေးရှားနိုင်ငံ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်မည်
- ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့တင်သွင်းမှု၌ ကမ္ဘောဒီးယားနိုင်ငံက စျေးကွက်ဝေစုအများဆုံးရရှိ
- အမေရိကန်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံမှ သကြားကြမ်း (Raw Sugar) ၁၄၅,၂၃၅ မက်ထရစ်တန်အား အခွန်နှုန်းသက်သာစွာဖြင့် တင်ပို့ခွင့်ပြု
- ဗီယက်နမ်နိုင်ငံမှ ပထမနှစ်ဝက်အတွင်း ဒူးရင်းသီးတင်ပို့မှု ၄၅ ရာခိုင်နှုန်း မြင့်တက်လာ
- ထိုင်းနိုင်ငံတွင် အသေးစားနှင့်အလတ်စားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဘဏ်နှင့် နိုင်ငံအဆင့် တီထွင်ဆန်းသစ်မှုအေဂျင်စီတို့အကြား ပူးပေါင်းဆောင်ရွက်သွားရန်ရှိ

- ဂျပန်နိုင်ငံ၏ ပို့ကုန်မှာ ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် ၇ လ ဆက်တိုက်မြင့်တက်ခဲ့
- တရုတ်နိုင်ငံသို့ ဗီယက်နမ်နိုင်ငံမှ ဂုံးနှင့်ကမာတင်ပို့မှုသည် အဆ(၁၂၀)နီးပါးမြင့်တက်လာ

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေမှဘီလီယံ ၂၀၀နီးပါးဖြင့်မိုးစပါးသီးနှံကော ၉ ဒသမ ၆ သိန်းဆောင်ရွက်မည်
- ကျောက်ပန်းတောင်းမြို့နယ်၌ ဧပြီလအတွင်း စိုက်ပျိုးခဲ့သောနှမ်းများ စတင်နုတ်သိမ်းလျက်ရှိရာ အထွက်နှုန်းကောင်းမွန်

**ပြည်ပကုန်သွယ်မှုသတင်း**

- ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၃၀ ရက်အထိ သုံးလတာ ကာလအတွင်း ပြည်ပသို့ ပုစွန် မက်ထရစ်တန် ၁၀၀၀ ကျော်တင်ပို့နိုင်ခဲ့
- သုံးလကျော်အတွင်း ပြည်ပသို့ စက်မှုကုန်ချော ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း နှစ်ထောင်ကျော် ရရှိထား
- မြန်မာနိုင်ငံ၌ ပထမသုံးလပတ်အတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း ၁၄၀ ကျော် ဝင်ရောက်

**အထူးဆောင်းပါးများ**

- အိန္ဒိယနှင့် ရုရှားတို့သည် စွမ်းအင်နှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် ၂၀၃၀ ခုနှစ် တွင် ဒေါ်လာ ၁၀၀ ဘီလီယံကုန်သွယ်မှုရည်မှန်းချက်ပန်းတိုင်ချမှတ်

**ကုန်သွယ်မှုအခြေအနေ၊**

**ကုန်စည်ဈေးနှုန်းများ**

# ပြည်တွင်းဈေးကွက်

## ကွမ်းရွက်တစ်ပိဿာ ကျပ် ၄၀,၀၀၀ အထိ ဈေးတက်လာ

ယခုရက်ပိုင်းအတွင်း ရန်ကုန်ကွမ်းဈေးကွက်တွင် ကွမ်းရွက် တစ်ပိဿာ ကျပ် ၄၀,၀၀၀ အထိဈေးမြင့် တက်လာပြီး ကွမ်းယာဆိုင်အချို့ အရောင်းရပ်ထားရကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်ရေကြီးနစ်မြုပ်မှုကြောင့် ကွမ်းခင်းများပျက်စီးကုန်သည့် အတွက် ကွမ်းရွက်အဝင်မရှိသလောက် နည်းသွားကာ ကွမ်းရွက်ဈေးနှုန်းများ ဆက်လက်မြင့်တက်လာကြောင်း ကွမ်းရွက်အရောင်းဒိုင်များ၏ ပြောပြချက်အရသိရသည်။

ဇူလိုင်လ ၂၂ ရက် မတိုင်ခင်က ကွမ်းရွက် တစ်ပိဿာကျပ် ၂၁,၀၀၀ သာရှိခဲ့သော်လည်း ရေကြီးနစ်မြုပ်မှုများဖြစ်ပြီး နောက် ကွမ်းရွက်တစ်ပိဿာ ကျပ် ၃၀,၀၀၀ အထိ ဈေးတက်ခဲ့ပြီး ဇူလိုင် ၂၈ ရက်တွင် ကျပ် ၄၀,၀၀၀ အထိ မြင့်တက်ခဲ့ခြင်းဖြစ်သည်။ "ကွမ်းခင်းတွေအကုန်ရေမြုပ်ကုန်တယ်လို့ကြားတယ်။ အခုရောက်ထားပြီးသားကွမ်းတွေကိုပဲ တစ်မြို့လုံးကဖောက်သည်တွေကို အချိုးကျနဲ့ ပြန်ဖြန့်ပေးနေရတာ။ ကွမ်းက အဝင်မရှိသလောက်နည်းသွားပြီ" ဟု ကွမ်းဒိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

ကွမ်းရွက်ဈေးနှုန်း မြင့်တက်လာခြင်းကြောင့် ကွမ်းယာရောင်းချသူများအနေဖြင့် ကွမ်းရွက်ဈေးနှုန်းကျပ် ၃၀,၀၀၀ အထိ ရောက်လာချိန်တွင် အယာအရေအတွက်ကိုလျှော့ပြီးရောင်းချခြင်း၊ တစ်ဆင့်နိမ့်ကွမ်းရွက်များ ဝယ်ယူရောင်းချရကြောင်းသိရသည်။ ရန်ကုန်တိုင်းဒေသကြီးသို့ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးဘက်မှ ကွမ်းရွက်အဓိကတင်သွင်းခြင်းဖြစ်ပြီး ယခုအခါ အဆိုပါဒေသများ၌ နေရာအနှံ့ ရေကြီးနစ်မြုပ်ခြင်းဖြစ်ကြောင်း သိရသည်။

Source: https://www.popularmyanmar.com/?p=167567

# နိုင်ငံတကာဈေးကွက်

## ဆန်တင်ပို့နိုင်သည့် အဆင့်ရောက်အောင်ကြိုးပမ်းမည်ဟု ဘင်္ဂလားဒေ့ရှ်ဝန်ကြီးပြောဆို

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လွန်ခဲ့သော ၂ နှစ် ဆက်တိုက်ကာလ၌ ပြည်ပမှ ဆန်များတင်သွင်းခဲ့ရခြင်း မရှိသကဲ့သို့ ယခုနှစ်တွင်လည်း ဆန်တင်သွင်းရန်လိုအပ်ချက်မရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်အနေဖြင့် အနာဂတ် ကာလ၌ ဆန်တင်သွင်းမှုအစား

ဆန်တင်ပို့ခြင်းကို လုပ်ဆောင်နိုင်လိမ့်မည်ဖြစ်ကြောင်းဖြင့် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့၊ Naogaon ခရိုင်တွင် ကျင်းပသော စိုက်ပျိုးရေးနည်းပညာပြပွဲ-၂၀၂၄ ၏ ဖွင့်ပွဲအခမ်းအနား၌ ဘင်္ဂလားဒေ့ရှ် စားနပ်ရိက္ခာရေးရာဝန်ကြီး Sadhan Chandra Majumder က ပြောကြားခဲ့သည်။

အစိုးရ၏ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဆွဲဆောင်မှုအစီအမံများကို အဆင့်လိုက် ချိန်ကိုက်လုပ်ဆောင်မှုအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ်သည် လယ်သမားများဘက်၌ရပ်တည်ပြီး သက်သာခွင့်များ၊ အထောက်အပံ့များကို ပေးအပ်လျက်ရှိကြောင်း၊ ထို့ပြင် ခေတ်မီနည်းပညာရပ်များနှင့် လိုက်လျောညီထွေရှိမည့် စိုက်ပျိုးရေး စနစ်သို့ပြောင်းလဲဖော်ဆောင်မှုကိုလည်း မဆုတ်မနစ်ကြိုးပမ်းအားထုတ်လုပ်ကိုင်လျက်ရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် နည်းပညာရပ်များအသုံးချမှုမှာ တိုးတက်ကောင်းမွန်လျက်ရှိသဖြင့် ကုန်ထုတ်လုပ်မှုမှာလည်း မြင့်တက်လာခဲ့ကြောင်းဖြင့် Mr. Sadhan က ပြောဆိုခဲ့သည်။

အဆိုပါအခမ်းအနားတွင် Naogaon ခရိုင်အတွင်း မိုးစပါး (Aman paddy) စိုက်ပျိုးသည့် တောင်သူ လယ်သမား ၁,၂၁၀ ဦးထံသို့ အစိုးရ၏ဆွဲဆောင်မှု အထောက်အပံ့များပေးအပ်မှုနှင့်အတူ လူနည်းစု တိုင်းရင်းသားများ၏ ပညာသင်ကြားလျက်ရှိသော သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေး ချက်လက်မှတ်များနှင့် စက်ဘီးများကို စားနပ်ရိက္ခာရေးရာဝန်ကြီး Mr. Sadhan က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

Source: BSS News, 7 Jul 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့),Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_16072024_243

## ဖိလစ်ပိုင်သို့ ဆန်တန်ချိန် ၁၃၀,၀၀၀ တင်ပို့ရန် နားလည်မှုစာချွန်လွှာများအား ထိုင်းကုန်သည်များ လက်မှတ်ရေးထိုး

ထိုင်းနိုင်ငံ ပြည်ပကုန်သွယ်ရေးဦးစီးဌာနက ဦးဆောင်လျက် ထိုင်းဆန်တင်ပို့သူများ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့မှ ၅ ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်သော ခရီးစဉ်အတွင်း တန်ဖိုးအားဖြင့် ဘတ်ငွေ ၂ ဒသမ ၈ ဘီလီယံရှိမည့် ဆန်တန်ချိန် စုစုပေါင်း ၁၃၀,၀၀၀ ကို တင်ပို့ရန်အတွက် နားလည်မှုစာချွန်လွှာ ၉ စောင်ကို ဖိလစ်ပိုင်ရှိ ဆန်တင်သွင်းသူ လုပ်ငန်းရှင်များနှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။

ထိုင်းပြည်ပကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် မနီလာမြို့ရှိ ထိုင်းကူးသန်းရောင်းဝယ်ရေးရုံးနှင့် ပူးပေါင်းလျက် ထိုင်းဆန်အရောင်းမြှင့်တင်ရေးပြပွဲတစ်ရပ်ကိုလည်း ကျင်းပခဲ့ကြောင်း၊ ၎င်းပြပွဲသို့ သွင်းကုန်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များ၊ လက်လီရောင်းချသူများ၊ ဆန်စပါးလုပ်ငန်းနယ်ပယ်၌ အဓိကလုပ်ကိုင်နေသူများ၊ အစိုးရဌာနများမှ ကိုယ်စားလှယ်များနှင့် သတင်းမီဒီယာများအပါအဝင် လူဦးရေ ၇၀ ကျော် တက်ရောက်ခဲ့ကြကြောင်း၊ ၎င်းပြပွဲအား ထိုင်းစားသောက်ကုန် အသိအမှတ်ပြုပရီမီယံအဆင့်အတန်းရှိသည့်ထိုင်းဆန် (Premium Thai Rice with Authentic Thai Food) ဟူသော သဘောထားအမြင်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ Thai Select အသိအမှတ်ပြုလက်မှတ်ရရှိထားသော Mango Tree Manila စားသောက်ဆိုင်တွင် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ထိုင်းအစိုးရ၏ နိုင်ငံတကာ၌ ထိုင်းဆန်များ စားသုံးမှုမြှင့်တင်ရေးနှင့် ထိုင်းအစားအစာများဈေးကွက်မြှင့်တင်ရေးမူဝါဒကို တစ်စိတ်တစ်ဒေသဖော်ဆောင်ခြင်းလည်း ဖြစ်ကြောင်း The Nation Thailand သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါပြပွဲတွင် ထိုင်းဟင်းလျာ ၃ မျိုးနှင့် ထိုင်းစံပယ်ဆန်မွှေး (Jasmine Rice) နှင့် ထိုင်းချေိုတ်ဆန် (Riceberry Rice) တို့အား ချက်ပြုတ်သရုပ်ပြသလျက် တည်ခင်းဧည့်ခံခဲ့ရာ ထိုင်းဆန်အမျိုးအစားများနှင့် အရည်အသွေးသည် ဖိလစ်ပိုင်စားသုံးသူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှုရှိသည်ဟု တက်ရောက်လာသူများ၏ တုံ့ပြန်မှတ်ချက်ပြုခြင်းကိုခံရကြောင်း ထိုင်းပြည်ပကုန်သွယ်ရေးဦးစီးဌာနမှ ဖော်ပြချက်အရ သိရသည်။

ထိုင်းနိုင်ငံမှ ဌာနဆိုင်ရာအရာရှိများသည် ဖိလစ်ပိုင်စားနပ်ရိက္ခာအာဏာပိုင်အဖွဲ့ (NFA) မှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံခဲ့ပြီး ဖိလစ်ပိုင်အစိုးရ၏ ဆန်သွင်းကုန်အပေါ် အခွန် ၃၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့ လျှော့ချမည့်မူဝါဒအပါအဝင် ဆန်ဈေးကွက် သတင်းအချက်အလက်များ မျှဝေဖလှယ်မှုကို လုပ်ဆောင်ခဲ့ကြောင်း၊ သွင်းကုန်အခွန် စည်းကြပ်မှုအား ၄ လ ၁ ကြိမ် ပြန်လည် သုံးသပ်ခြင်းနှင့်အတူ အဆိုပါ အကောက်ခွန်နှုန်း လျှော့ချသည့် အစီအစဉ်ကို ယခုနှစ် ဇူလိုင်လ လလယ်ပိုင်းမှ စတင်၍ ၂၀၂၈ ခုနှစ်အထိ ဖော်ဆောင်လိမ့်မည်ဟု မျှော်လင့်ရကြောင်းဖြင့် ထိုင်းပြည်ပကုန်သွယ်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် Ronnarong Phoolpipat က ပြောကြားခဲ့သည်။

ဖိလစ်ပိုင်လွှတ်တော်၌ တင်သွင်းအဆိုပြုထားသည့် အရေးပေါ်အခြေအနေတွင် ဖိလစ်ပိုင်စားနပ်ရိက္ခာ အာဏာပိုင်အဖွဲ့အား ဆန်တင်သွင်းမှုလုပ်ကိုင်ခွင့်ပြုမည့်ဥပဒေတစ်ရပ်အား ပြင်ဆင်ပြဋ္ဌာန်းနိုင်မည့် အလားအလာနှင့်စပ်လျဉ်း၍လည်း ထိုင်း

ကိုယ်စားလှယ်အဖွဲ့က မေးမြန်းဆွေးနွေးခဲ့ပြီး ထိုင်းနိုင်ငံအနေဖြင့် ဖိလစ်ပိုင်၏ စားနပ်ရိက္ခာဖူလုံရေးအတွက် ဆန်ထောက်ပံ့ပေးသွင်းရန်အသင့်ရှိနေသည်ကို အာမခံပြောကြားခဲ့ကြောင်း သိရသည်။

ညွှန်ကြားရေးမှူးချုပ် Ronnarong က ထိုင်းကိုယ်စားလှယ်အဖွဲ့၏ ဖိလစ်ပိုင်ခရီးစဉ်သည် အောင်မြင်မှု မြင့်မားစွာ ရရှိခဲ့ကြောင်း၊ ထိုင်းဆန်၏ အရည်အသွေးနှင့် အရသာကောင်းမွန်မှု ဂုဏ်သတင်းကို ပြသနိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်ခဲ့ခြင်းက ဖိလစ်ပိုင်ဈေးကွက်တွင် ထိုင်းဆန်၏ ဈေးကွက်ဝေစုရရှိမှုကို တိုးတက်စေမည်ဟု မျှော်မှန်းထားကြောင်း ပြောဆိုခဲ့သည်။

ထိုင်းနိုင်ငံသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ဆန်တန်ချိန် ၂၉၉,၇၈၇ တန်ကို ဖိလစ်ပိုင်ဈေးကွက်သို့တင်ပို့ခဲ့ပြီး ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ၃၈၁ ဒသမ ၆၆ ရာခိုင်နှုန်း တိုးတက်မှုရရှိခဲ့သည်။ တန်ဖိုးအားဖြင့်မူ အမေရိကန်ဒေါ်လာ ၁၆၇ သန်းရှိပြီး ယခင်နှစ်ကာလတူထက် ၅၅၈ ဒသမ ၈၇ ရာခိုင်နှုန်း တိုးတက်ခဲ့ခြင်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်အတွင်း ဆန်တန်ချိန် ၄ ဒသမ ၁ သန်းခန့် တင်သွင်းရဖွယ်ရှိသည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီးနောက် ဖိလစ်ပိုင်ဈေးကွက်သို့ထိုင်းဆန်များကိုတိုးမြှင့်တင်ပို့နိုင်ရေးကြိုးပမ်းဆောင်ရွက်ရန် ထိုင်းစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Phumtham Wechayachai က ညွှန်ကြားချက်တစ်ရပ် ထုတ်ပြန်ထားခဲ့ကြောင်း သိရသည်။

Source: The Nation Thailand, 10 Jul 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_16072024_245

## ဝယ်လိုအားများမြင့်တက်လာခြင်းကြောင့် အိန္ဒိယနိုင်ငံမှ ဘာစမာတီဆန်များတင်ပို့မှု တိုးမြင့်လာ

အိန္ဒိယနိုင်ငံ၏ ဘာစမာတီဆန်တင်ပို့မှုသည် ၂၀၂၄ ခုနှစ်၊ ဘဏ္ဍာရေးနှစ်၏ ၂ လအတွင်း ဆော်ဒီအာရေးဗီးယားနှင့် အီရတ်တို့ကဲ့သို့သော အနောက်အာရှမှ ဝယ်လိုအားများ တိုးမြင့်လာခြင်းကြောင့် ၁၃ ရာခိုင်နှုန်းခန့် တင်ပို့မှုများတိုးမြင့်လာခဲ့သည်။ ဆော်ဒီအာရေးဗီးယားနိုင်ငံသည် ဆန်တန်ချိန် ၂ ဒသမ ၁၈ သိန်း ကျော်ဖြင့် ဝယ်လိုအားအများဆုံးနိုင်ငံဖြစ်ပြီး လွန်ခဲ့သည့်နှစ်က ဝယ်ယူတင်သွင်းခဲ့သည့် ဆန်တန်ချိန် ၁ ဒသမ ၅၄ သိန်းထက် ၄၁ ရာခိုင်နှုန်း တိုးလာခဲ့ခြင်းဖြစ်သည်။ ငွေတန်ဖိုးအရ အိန္ဒိယနိုင်ငံမှ ဆော်ဒီအာရေးဗီးယားနိုင်ငံသို့ တင်ပို့မှုသည် လွန်ခဲ့သည့်နှစ်က တန်ဖိုးဒေါ်လာ ၁၇၇ သန်းသို့ ၁၈ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ခြင်း ဖြစ်သည်။

အလားတူပင် ဒုတိယအများဆုံးဝယ်ယူသော အီရတ်နိုင်ငံသို့ ဘာစမာတီဆန်များတင်ပို့မှုသည် တန်ချိန် ၁ ဒသမ ၅၇ သိန်းရှိပြီး ယခင်နှစ်ကထက် ၂၇ ရာခိုင်နှုန်းတိုးလာခဲ့သည်။ ငွေတန်ဖိုးအားဖြင့် လွန်ခဲ့သောနှစ်၏ အလားတူကာလက အီရတ်သို့ တင်ပို့ခဲ့သော တန်ဖိုးဒေါ်လာ ၁၃၀ ဒသမ ၈၄ သန်းမှ ဒေါ်လာ ၁၆၁ ဒသမ ၇၂ သန်းသို့ ၂၃ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည်။

အီရန်နိုင်ငံမှာ အိန္ဒိယနိုင်ငံမှ တတိယအများဆုံးဝယ်ယူသောနိုင်ငံဖြစ်သည်။ သို့သော် အီရန်နိုင်ငံသို့ တင်ပို့မှုမှာ လွန်ခဲ့သောနှစ်ကတင်ပို့ခဲ့သော ဆန်တန်ချိန် ၁ ဒသမ ၅၃ သိန်းမှ ၁ ဒသမ ၁၆ သိန်းသို့ ၂၄ ရာခိုင်နှုန်းခန့် လျော့နည်းသွားခဲ့သည်။ တန်ဖိုးအားဖြင့် အီရန်သို့ ဘာစမာတီဆန်တင်ပို့မှုသည် ဒေါ်လာ ၁၅၅ သန်းမှ ဒေါ်လာ ၁၁၅ ဒသမ ၅၃ သန်းသို့ ၂၅ ရာခိုင်နှုန်းခန့် လျော့နည်းသွားခဲ့သည်။

အမေရိကန်နိုင်ငံမှာ စတုတ္ထအများဆုံးဝယ်ယူသောနိုင်ငံဖြစ်ပြီး ဆန်တန်ချိန် ၄၆၅၆၅ တန် တင်ပို့နိုင်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၄၃ ရာခိုင်နှုန်း တိုးလာခဲ့သည်။ တန်ဖိုးအားဖြင့် ဒေါ်လာ ၄၁ ဒသမ ၄၇ သန်းမှ ဒေါ်လာ သန်း ၆၀ သို့ ၄၅ ရာခိုင်နှုန်း တိုးလာခဲ့သည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ဘာစမာတီဆန် အများဆုံးထုတ်လုပ်တင်ပို့သောနိုင်ငံဖြစ်သည်။ ပြီးခဲ့သည့် ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ဘာစမာတီဆန်များတင်ပို့မှုသည် တန်ချိန် ၅ ဒသမ ၂၄ သန်းအထိ စံချိန်တင် တင်ပို့နိုင်ခဲ့ပြီး ပမာဏအားဖြင့် ၁၅ ရာခိုင်နှုန်းတိုးလာပြီး တန်ဖိုးအားဖြင့် ဒေါ်လာ ၅ ဒသမ ၈၃ ဘီလီယံကျော် လွန်ခဲ့သည်။ အနောက်အာရှနိုင်ငံများသည် အိန္ဒိယနိုင်ငံ၏ ဘာစမာတီဆန်ကို အများဆုံးဝယ်ယူသောနိုင်ငံ များဖြစ်ပြီး တင်ပို့ရောင်းချမှု၏ သုံးပုံတစ်ပုံခန့်ရှိသည်။

Source: thehinduburinessline, Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_18072024_1045

## ဆန်တင်သွင်းမှုအပေါ် အခွန်နှုန်းလျှော့ချပေးခဲ့သည့် မူဝါဒအပြောင်းအလဲသည် ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှုအား တိုးမြင့်စေနိုင်ကြောင်း အမေရိကန်စိုက်ပျိုးရေးဌာနမှပြောကြား

ဖိလစ်ပိုင်နိုင်ငံ၏ ပြည်တွင်းဆန်တင်သွင်းမှုမူဝါဒ ပြောင်းလဲလိုက်ခြင်းနှင့် အခြားသော ကမ္ဘာ့ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများ မြင့်တက်လာသည့်အတွက် ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှု တိုးမြင့်လာနိုင်ကြောင်း အမေရိကန်စိုက်ပျိုးရေးဌာန

မှ ခန့်မှန်းပြောကြားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှုသည် ၂၀၂၄ ခုနှစ် တွင် မက်ထရစ်တန်ချိန် ၄ ဒသမ ၆ သန်းထိရှိမည်ဟု ခန့်မှန်းထားရှိရာမှ မက်ထရစ်တန်ချိန် ၄ ဒသမ ၇ သန်းထိ တိုးမြှင့်ခန့်မှန်းခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ဆန်တန်ချိန် မက်ထရစ် တန် ၃ ဒသမ ၉ သန်း တင်သွင်းခဲ့သဖြင့် ၂၀ ရာခိုင်နှုန်းခန့်ထိ တိုးမြှင့်တင်သွင်းနိုင်ပြီး ကမ္ဘာ့ထိပ်တန်းဆန်တင်သွင်းသည့်နိုင်ငံတစ်ခု ဖြစ်လာနိုင်ကြောင်း ဖော်ပြပါရှိသည်။

အစိုးရမှ ဆန်တင်သွင်းမှုအပေါ် ဖြေလျှော့ပေးခြင်းအဖြစ် အမိန့်ကြော်ငြာစာအမှတ် ၆၂ ဖြင့် ဆန် တင်သွင်းမှုအပေါ် ကောက်ခံသည့်အခွန်နှုန်းထားအား ၃၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းထိ လျှော့ချပေးခဲ့ကြောင်း၊ အမေရိကန်စိုက်ပျိုးရေးဌာန၏ ဇူလိုင်လ အစီရင်ခံစာအရ ဖိလစ်ပိုင်၊ မလေးရှားနှင့် Cote d'Ivoire တို့သို့ ဆန်တင်ပို့မှု တိုးမြှင့်ခဲ့သည့်အတွက် ကမ္ဘာ့ဆန်တင်သွင်းမှုစုစုပေါင်းသည် မက်ထရစ်တန်ချိန် ၅၄ ဒသမ ၂၉ သန်း ထိတိုးမြှင့်နိုင်ကြောင်းခန့်မှန်းထားသည်။ တစ်ချိန်တည်းမှာပင် ပါကစ္စတန်နိုင်ငံ၏ ဆန်ထွက်ရှိမှုနှုန်း မြင့်တက်လာခြင်းကြောင့် ကမ္ဘာ့ဆန်ထွက်ရှိမှုနှုန်းလည်းမြင့်တက်ခဲ့ပြီး မက်ထရစ်တန်ချိန် ၅၂၈ ဒသမ ၁၇ သန်းထိ ရောက်ရှိခဲ့ကြောင်း ဖော်ပြပါရှိသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ပြင်ဆင်သတ်မှတ်လိုက်သည့် မူဝါဒအပြောင်းအလဲကြောင့် ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာ့ဆန်တင်သွင်းမှုအများဆုံးနိုင်ငံဖြစ်လာနိုင်ကြောင်း၊ Rice Tariffication Law (2019) အရ ပုဂ္ဂလိကကဏ္ဍမှ ဆန်တင်သွင်းခြင်းအတွက် ကန့်သတ်ထားခြင်းများမရှိတော့ကြောင်းနှင့် စားသုံးသူများအနေဖြင့် ပိုမိုသက်သာသည့်ဈေးနှုန်းဖြင့် ပြည်တွင်း၌ ရရှိနေသည့် အကျိုးကျေးဇူးများ ရရှိခံစားနိုင်ကြောင်း ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ပြည်တွင်းဆန်စားသုံးမှုပမာဏသည် ၂၀၁၉-၂၀၂၀ ခုနှစ်က မက်ထရစ်တန်ချိန် ၁၄ ဒသမ ၄ သန်းရှိရာမှ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၁၇ ဒသမ ၅ သန်းခန့်ထိ မြင့်တက်ခဲ့ကြောင်း၊ ၂၀၁၇-၂၀၁၈ ကာလများက ဆန်စားသုံးမှု၏ ၁၀ ရာခိုင်နှုန်းခန့်ထိ တိုးမြှင့်တင်သွင်းခဲ့ရပြီး ယခုပြင်ဆင် ထုတ်ပြန်လိုက်သည့် မူဝါဒအသစ်အရ စုစုပေါင်း စားသုံးမှု၏ လေးပုံတစ်ပုံထက် ကျော်သည့်ပမာဏထိ တင်သွင်းမှု တိုးမြှင့်လာနိုင်ကြောင်း အမေရိကန်စိုက်ပျိုးရေးဌာနမှ ပြောကြားခဲ့သည်။

ယခုကဲ့သို့ ဆန်တင်သွင်းမှုမြင့်တက်ခဲ့ခြင်းသည် ဖိလစ်ပိုင်နိုင်ငံနှင့် နိုင်ငံတကာကြား ပိုမိုနီးကပ်သည့် ဆက်သွယ်ချက်များ ဖြစ်ပေါ်လာကြောင်းကိုလည်း ထပ်လောင်းပြောကြားခဲ့သည်။

ဖိလစ်ပိုင်စိုက်ပျိုးရေးဌာန၏ထုတ်ပြန်သည့် ကိန်းဂဏန်းအချက်အလက်များအရ ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအတွင်း ဆန်တန်ချိန် မက်ထရစ်တန် ၂ ဒသမ ၃ သန်းခန့်ထိ တင်သွင်းထားပြီး ဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာ့ဆန်ဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်ဆိုင်ရာပိုမိုတင်းကြပ်လာသော အခြေအနေတို့ကြောင့် အခြားသောရောင်းချသူများထံသို့ ၎င်းတို့၏ ဝယ်ယူမှုအား ပြောင်းရွှေ့လျက်ရှိပြီး ထိုင်း၊ မြန်မာ၊ ပါကစ္စတန်တို့ထံမှ ပိုမိုတင်သွင်းလာကြောင်း၊ အိန္ဒိယနိုင်ငံ၏ ဘာစမာတီမဟုတ်သည့် ဆန်တင်ပို့မှုရပ်ဆိုင်းခဲ့သဖြင့် ထိုင်းနှင့် ဗီယက်နမ်တို့ထံမှ အမြင့်ဈေးနှုန်း (elevated price) တို့ဖြင့် ဝယ်ယူတင်သွင်းခဲ့ရသည်။ ထို့အတွက် ဖိလစ်ပိုင်နိုင်ငံမှ ဆန်တင်သွင်းသူ/ဝယ်ယူသူများသည် အရှေ့တောင်အာရှနိုင်ငံများမှ အမြင့်ဈေးဖြင့် ဝယ်ယူတင်သွင်းရသဖြင့် ပြည်တွင်း ဆန်လက်လီဈေးနှုန်းသည်လည်း ပိုမိုမြင့်တက်လာခဲ့ကြောင်း၊ အစိုးရက ပြည်တွင်းဆန်လက်လီဈေးနှုန်းမြင့်တက်နေမှုနှင့် ငွေကြေးဖောင်းပွမှုနှုန်းမြင့်တက်နေခြင်းတို့အား လျှော့ချပေးနိုင်ရန် ဆန်တင်သွင်းမှုအပေါ်ကောက်ခံသည့် အခွန်နှုန်းထားအားလျှော့ချပေးခဲ့သည့် အမိန့်ကြော်ငြာစာအား ထုတ်ပြန်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံမှ ဆန်တင်သွင်းသူများအနေဖြင့် အဆိုပါအမိန့်ကြော်ငြာစာ အသက်ဝင်မည့်အချိန်ထိ ၎င်းတို့၏ တင်သွင်းမှုအားမပြုလုပ်သေးဘဲ စောင့်ကြည့်လျက်ရှိကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှု ဈေးနှုန်းသည်လည်း မေလက မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၆၈ ရှိရာမှ ဇွန်လတွင် အမေရိကန်ဒေါ်လာ ၅၄၉ ထိ ၃ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့သည်။

ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့်အခွန်နှုန်းထားအား လျှော့ချပေးလိုက်ခြင်းက ဆန်တင်သွင်းသူ ကုန်သည်များအား ၎င်းတို့လက်ဝယ်ရှိ ဆန်လက်ကျန်များအား ဈေးကွက်တွင်းသို့ဖြန့်ချိရန် တွန်းအားပေးသည့် အချက်တစ်ချက်ဖြစ်ပြီး မဖြန့်ချိပါက ၎င်းတို့အနေဖြင့်အရှုံးရင်ဆိုင်ရစေနိုင်ကြောင်း၊ သို့သော် ဆန်လုပ်ငန်းကဏ္ဍ၏ သတင်းရင်းမြစ်များအရ ကုန်သည်များအနေဖြင့် အမြင့်ဈေးဖြင့် ဝယ်ယူခဲ့ရသည့်အတွက် ပိုမိုမြင့်မားသည့် ဈေးနှုန်းရလိုသည့် မျှော်လင့်ချက်ဖြင့် ၎င်းတို့၏ ဆန်လက်ကျန်များကို ဆက်လက်ကိုင်ဆောင်ထားဆဲဖြစ်ကြောင်း သိရသည်။

Source: https://www.manilatimes.net/2024/07/15/business/top-business/policy-shifts-to-boost-ph-rice-imports-says-usda , (ကောသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_160720241030

## အစားအသောက်ဖူလုံမှုရှိစေရေး ဗီယက်နမ်နိုင်ငံနှင့် ဆန်တွင်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဖိလစ်ပိုင်နိုင်ငံအလိုရှိ

ဖိလစ်ပိုင်နိုင်ငံသည် အစားအသောက်ဖူလုံမှုရှိစေရေးအတွက် ဗီယက်နမ်နိုင်ငံနှင့်ဆန်တွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်အလိုရှိကြောင်း ဖိလစ်ပိုင်နိုင်ငံစိုက်ပျိုးမွေးမြူရေးအတွင်းရေးမှူး Francisco Tiu Laurel က ဗီယက်နမ်နိုင်ငံသို့လည်ပတ်ခဲ့သည့်ခရီးစဉ်တွင် ပြောကြားခဲ့သည်။ Laurel သည် ဗီယက်နမ်နိုင်ငံ၏အဓိက ဆန်ထုတ်လုပ်သည့်ဒေသများထဲမှတစ်ခုဖြစ်သည့် AnGiang ၏ မဲခေါင်ဒယ်တာစီရင်စုသို့လည်ပတ်ခဲ့ကြောင်း စီရင်စု၏ပြည်သူ့ကော်မတီက ၂၀၂၄ ခုနှစ် ဇူလိုင်လ ၈ က ထုတ်ပြန်ချက်တွင်ပြောကြားခဲ့ကြောင်းသိရသည်။ ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့တတိယအကြီးဆုံးဆန်တင်ပို့သူဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံသည် လတ်တလောနှစ်များအတွင်း ၎င်းတို့၏အကြီးမားဆုံး ဝယ်ယူသူဖြစ်ကြောင်းသိရသည်။ ယခုနှစ်၏ ပထမငါးလတွင် ဖိလစ်ပိုင်နိုင်ငံသို့ ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် ၎င်းတို့၏စုစုပေါင်းဆန်တင်ပို့မှု၏ ၄၅ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

Laurel က ဖိလစ်ပိုင်လူဦးရေသည် နှစ်စဉ် ၁ ဒသမ ၅ ရာခိုင်နှုန်းတိုးပွားလာသည့်အတွက် ဆန်ဝယ်လိုအား မြင့်တက်မှုဆီကိုမောင်းနှင်နေကြောင်း၊ ပြည်တွင်းထောက်ပံ့မှုများမှာ မလုံလောက်နိုင်သည့်အတွက် ဗီယက်နမ်ဆန်ကုမ္ပဏီများကို ဖိလစ်ပိုင်နိုင်ငံတွင်ရင်းနှီးမြှုပ်နှံရေးစဉ်းစားရန်အလိုရှိကြောင်း ဗီယက်နမ်အာဏာပိုင်များကို ပြောကြားခဲ့သည်ဟုသိရသည်။ ဗီယက်နမ်နိုင်ငံနှင့်ဖိလစ်ပိုင်နိုင်ငံတို့သည် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာ၏ ဇန်နဝါရီလက နိုင်ငံတော်အဆင့်ခရီးအတွင်း ဆန်ကုန်သွယ်ရေးနှင့် စိုက်ပျိုးမွေးမြူရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။ ငွေကြေးဖောင်းပွမှုဖိအားကိုစီမံရန် ဖိလစ်ပိုင်သည် ဆန်အပေါ်အကောက်ခွန်ကို ၃၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ လျှော့ချခဲ့ကြောင်း သိရသည်။ Source: Bangkok Post, Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_18072024_1037

## ယခုနှစ်၌ ထိုင်းနိုင်ငံ၏ စားအုန်းဆီတင်ပို့မှု တန်ချိန် ၈ သိန်းခန့်ရှိနိုင်

ပြည်တွင်းဆီအုန်းသီးခိုင်ဈေးနှုန်း တည်ငြိမ်စေရန်ရည်ရွယ်လျက် ယခုနှစ်တွင် စားအုန်းဆီကြမ်း တန်ချိန် ၈ သိန်း တင်ပို့ရန် ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းကုန်သွယ်ရေးဌာနက မျှော်မှန်းထားကြောင်း Bangkok Post သတင်းဌာနက ၂၀၂၄ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့တွင် ဖော်ပြသည်။

ထိုင်းနိုင်ငံ၌ ပြည်တွင်းဆီအုန်းသီးဈေးနှုန်းများသည် ဧပြီလမှ မေလအတွင်း ကျဆင်းခဲ့ပြီးနောက် တစ်ကီလိုဂရမ်အပေါ် ၅ ဘတ်ကျော်အထိ ပြန်လည်မြင့်တက်လာကြောင်း၊ ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနသည် ဆီအုန်းရောင်းလိုအား ပိုလျှံနေမှုကို လျှော့ချရန်အတွက် စားအုန်းဆီ စဉ်ဆက်မပြတ်တင်ပို့နိုင်ရေးစီစဉ်လျက်ရှိပြီး ဆီအုန်းသီးဈေးနှုန်းမြှင့်တင်မှုကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ယခုနှစ် ပထမနှစ်ဝက်တွင် ထိုင်းနိုင်ငံမှစားအုန်းဆီကြမ်း တန်ချိန် ၄ သိန်းခန့် တင်ပို့ခဲ့ပြီး ဒုတိယနှစ်ဝက်တွင်လည်း တန်ချိန် ၄ သိန်းခန့် တင်ပို့နိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ ယခုနှစ် စားအုန်းဆီကြမ်းတင်ပို့မှုပမာဏသည် ယခင်နှစ်နှင့်အလားတူပင် စုစုပေါင်းတန်ချိန် ၈ သိန်းခန့်ရှိနိုင်ကြောင်း၊ ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးနှုန်းတို့မှာ တူညီသည့်အဆင့်၌ရှိသဖြင့် ထိုင်းနိုင်ငံမှထွက်ရှိသည့် စားအုန်းဆီကြမ်းသည် ကမ္ဘာ့ဈေးကွက်တွင်ယှဉ်ပြိုင်နိုင်မှုရှိကြောင်း ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Wattanasak Suriam က ပြောဆိုခဲ့သည်။

ထိုင်းစားအုန်းဆီကြမ်းဈေးနှုန်းသည် ဇွန်လတွင် တစ်ကီလိုဂရမ်လျှင် ၃၂ ဒသမ ၆၃ ဘတ်ရှိရာမှ လက်ရှိကာလ၌ တစ်ကီလိုဂရမ်လျှင် ၃၃ ဒသမ ၂၅ ဘတ်ရှိကြောင်း၊ ကမ္ဘာ့စားအုန်းဆီကြမ်း ဈေးကွက်တွင်မူ ဇွန်လ၌ တစ်ကီလိုဂရမ်လျှင် ၃၁ ဒသမ ၃၅ ဘတ်ရှိခဲ့ရာမှ ယခု(ဇူလိုင်) ၃၂ ဒသမ ၇၂ ဘတ်ခန့် ဖြစ်ပေါ်နေသည့်အတွက်ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် ပြည်တွင်းစားသုံးမှုအတွက် စားအုန်းဆီကြမ်းလိုအပ်ချက် စုစုပေါင်း တန်ချိန် ၁၁၀,၀၀၀၊ ဇီဝဒီဇယ်ထုတ်လုပ်မှုအတွက် တန်ချိန် ၁၂၀,၀၀၀ နှင့် ပြည်ပတင်ပို့ရန်တန်ချိန် ၈၀၀,၀၀၀ မှ ၉၀၀,၀၀၀ ခန့်ရှိပြီး အိန္ဒိယနိုင်ငံသည် ထိုင်းနိုင်ငံ၏ အဓိက စားအုန်းဆီဈေးကွက်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထိုင်းနိုင်ငံ၌ လက်ရှိကာလတွင် စားအုန်းဆီကြမ်း တန်ချိန် ၃၀၀,၀၀၀ လက်ကျန် သိုလှောင်ထားကြောင်း၊ ဘတ်ငွေတန်ဖိုးကျဆင်းခြင်းက နိုင်ငံ၏စားအုန်းဆီကြမ်းတင်ပို့မှုအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထိုင်းပြည်တွင်းကုန်သွယ်ရေးဌာနသည် ဆီအုန်းသီးဝယ်ယူသူများနှင့် စားအုန်းဆီထုတ်လုပ်သည့် စက်ရုံများအား ပုံမှန်အတိုင်း ဆက်လက်ဝယ်ယူရန်နှင့် ဆီအုန်းသီးများ သဘာဝအလျောက်ရင့်မှည့်မှုမဟုတ်ဘဲ အချိန်မတိုင်မီဆွတ်ခူးယူခြင်းမှရှောင်ကြဉ်ရန် ညွှန်ကြားထားကြောင်း၊ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ပါက ၁၉၉၉ ခုနှစ် ကုန်စည်နှင့်ဝန်ဆောင်မှုများ အက်ဥပဒေအရ ထောင်ဒဏ် ၅ နှစ်၊ ဒဏ်ငွေဘတ် ၁၀၀,၀၀၀ သို့မဟုတ် ဒဏ်နှစ် ရပ်လုံး ချမှတ်ခံရနိုင်ကြောင်း၊ သတ်မှတ်ထားသည့် ဆီအုန်းသီးဈေးနှုန်းအောက် လျှော့ချဝယ်ယူပါက အမြင့်ဆုံးထောင်ဒဏ် ၇ နှစ်၊ အမြင့်ဆုံးဒဏ်ငွေ ဘတ် ၁၄၀,၀၀၀ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်ဟု အဆိုပါအမိန့်တွင် ဖော်ပြထားကြောင်း ညွှန်ကြားရေးမှူးချုပ် Mr. Wattanasak ကပြောဆိုသည်။

ထို့ပြင် အဆိုပါအမိန့်စာတွင် စားအုန်းဆီထုတ်လုပ်သည့် စက်ရုံလုပ်ငန်းရှင်များသည် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ဦးစီးဌာနသို့ နေ့စဉ်အစီရင်ခံတင်ပြရန်နှင့် အဓိကအားဖြင့် စားအုန်းသီးဝယ်ယူမှု ပမာဏ၊ ဝယ်ယူသည့် နှုန်းထားများနှင့် စားအုန်းဆီထုတ်ယူဆီပမာဏတို့ ပြုစုတင်ပြရမည်ဖြစ်ကြောင်း၊ အဆိုပါ စည်းကမ်းချက်ဖြစ်သည့် ထုတ်ယူထားသော ဆီပမာဏနှင့် သိုလှောင်ရာနေရာကို အစီရင်ခံရန် ပျက်ကွက်ပါက အများဆုံးထောင်ဒဏ် ၁ နှစ်၊ အမြင့်ဆုံး ဒဏ်ငွေ ဘတ် ၂၀,၀၀၀ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

လယ်သမားများ ခေါင်းပုံဖြတ်ခံရခြင်းမှ ကာကွယ်ရန်အတွက် ဆီအုန်းစိုက်ခင်းများနှင့် စားအုန်းဆီ ထုတ်လုပ်သည့် လုပ်ငန်းများတွင် အချိန်အတွယ်များ မှန်ကန်မှုရှိ/မရှိ စစ်ဆေးရန် ဦးစီးဌာနမှ တာဝန်ရှိသူများအား ညွှန်ကြားထားကြောင်း၊ ဈေးကောင်းရရှိရန်အတွက် ဆီအုန်းသီးများ သဘာဝအလျောက် ရင့်မှည့်ကြွေကျချိန် ရောက်ရှိမှသာ ဖြတ်တောက်ခူးဆွတ်ရန် တောင်သူများအား တိုက်တွန်းခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် လတ်ဆတ်သော ဆီအုန်းသီးခိုင် တန်ချိန် ၁၈ သန်းခန့်ထွက်ရှိပြီး ယခင်နှစ်ကဲ့သို့ အလားတူ စားအုန်းဆီကြမ်း တန်ချိန် ၃ သန်းခန့် ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားရှိကြောင်း သိရသည်။

Source: Bangkok Post, 8 Jul 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_16072024_249

## ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ ထိုင်းဆန်တင်ပို့သူများပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဆန်ကုန်သွယ်မှုအတွက် ဘတ် ၂ ဒသမ ၈ ဘီလီယံတန်ဖိုးရှိသော နားလည်မှုစာချွန်လွှာ ၉ ခု ကို ဖိလစ်ပိုင်နိုင်ငံ၌ လက်မှတ်ရေးထိုးခဲ့

ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Roonnarong Phoolpipat ဦးဆောင်၍ ထိုင်းဆန်ကုန်သည်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံသို့ ဇူလိုင်လ ၃ ရက်နေ့မှ ၄ ရက်နေ့အတွင်း သွားရောက်ခဲ့ပြီး အဆိုပါ ခရီးစဉ်၌ ဆန်ကုန်သွယ်မှုအတွက် ဘတ် ၂ ဒသမ ၈ ဘီလီယံ တန်ဖိုးရှိသော နားလည်မှုစာချွန်လွှာ ၉ စောင်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

နားလည်မှုစာချွန်လွှာ ၉ စောင်သည် ထိုင်းဆန်တင်ပို့သူများနှင့် ဖိလစ်ပိုင်ဆန်တင်သွင်းသူများ အကြား လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း၊ တန်ချိန် ၁၃၀,၀၀၀ အတွက် ဘတ် ၂ ဒသမ ၈ ဘီလီယံဖြစ်ပြီး ဖိလစ်ပိုင်တွင် ထိုင်းဆန်ဈေးကွက် ပိုင်ဆိုင်မှုမြင့်တက်လာခြင်းဖြစ်ကြောင်း၊ ယခုနှစ်အတွင်းဖိလစ်ပိုင်သည် ဆန်တန်ချိန် ၄ ဒသမ ၁ သန်းတင်သွင်းရန်ခန့်မှန်းထားချက်အရ ထိုင်းဆန်ဈေးကွက်ချဲ့ထွင်ရန် ဦးစီးဌာနနှင့်ဖိလစ်ပိုင်ရှိစီးပွားရေးသံမှူးများအား လမ်းညွှန်ထားကြောင်း၊ ဖိလစ်ပိုင်နိုင်ငံတွင်း ဆန်ထုတ်လုပ်မှုလျော့ကျလာခြင်းကြောင့် ပြည်တွင်းလိုလားချက်အတိုင်းမလုံလောက်သဖြင့် တိုးမြှင့်တင်သွင်းရခြင်းဖြစ်ကြောင်း နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Roonnarong က သုံးသပ်ပြောကြားသည်။

ထိုင်းကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်အစားအစာလုံခြုံစိတ်ချစေရေးအတွက် တာဝန်ယူဆောင်ရွက်နေသော အစိုးရအဖွဲ့အစည်းဖြစ်သည့် National Food Authority (NFA) နှင့် တွေ့ဆုံခဲ့ပြီး ဆန်ဈေးကွက်ဆိုင်ရာ အချက်အလက်များ မျှဝေခဲ့ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၈ ခုနှစ်အထိ ဆန်သွင်းကုန်အခွန်ကို ၃၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့ လျှော့ချပြီး ယခုနှစ်နှင့် လာမည့်နှစ်တွင် ဆန်ပိုမိုတင်သွင်းလာနိုင်ကြောင်း၊ အခွန်နှုန်းထားအသစ်သည် ယခုလတွင် စတင်ကောက်ခံမည်ဖြစ်ပြီး ထိုင်းနိုင်ငံ၏ ဆန်ကုန်သွယ်မှုကို တိုးမြှင့်စေမည်ဖြစ်ကြောင်း Mr. Roonnarong က ဖြည့်စွက်ပြော ကြားခဲ့သည်။

ဆန်အတွက် တင်သွင်းခွန်ကို ၄ လလျှင် ၁ ကြိမ် ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း၊ အရေးပေါ် အခြေအနေတွင် ဆန်တင်သွင်းနိုင်ရေးနှင့်စပ်လျဉ်းသည့်ကိစ္စရပ်သည် လွှတ်တော်တွင်ဆွေးနွေးလျက်ရှိပြီး ဥပဒေကို ပြင်ဆင်ရန် ဖိလစ်ပိုင်အစိုးရနှင့် NFA တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်အတွက် ကြားခံ Stock ထားရှိခြင်းနှင့်စပ်လျဉ်း၍ လက်ရှိ ဥပဒေအရ NFA ၏ လုပ်ပိုင်ခွင့်သည် ကန့်သတ်ထားကြောင်း NFA ၏ ပြောကြားချက်အရ သိရသည်။

ထိုင်းနိုင်ငံသည် ဖိလစ်ပိုင်၏ အစားအစာဖူလုံရေးကို ထောက်ပံ့ပေးရန် အဆင်သင့်ရှိနေကြောင်း၊ ဦးစီးဌာနနှင့် မနီလာရှိ ကုန်သွယ်ရေးစင်တာတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် တင်သွင်းသူ ၇၀ ဦး၊ ဆန်ကုန်သည်များ၊ လက်လီရောင်းချသူများနှင့် ဖိလစ်ပိုင်အစိုးရကိုယ်စားလှယ်များကို ဖိတ်ကြား၍ ထိုင်းဆန်အရောင်းမြှင့်တင်ရေးကို ထိုင်းအစိုးရ အသိအမှတ်ပြု Thai Select ဆုရရှိထားသော Mango Tree စားသောက်ဆိုင်တွင် “Premium Thai Rice with Authentic Thai Food” ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ကြောင်း၊ ထိုင်းနိုင်ငံ၏ Soft Power ကို မြှင့်တင်နိုင်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် ပထမ ၆ လအတွင်း ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၂၉၉,၇၈၇ တင်ပို့နိုင်ခဲ့ပြီး အမေရိကန် ဒေါ်လာ ၁၆၇ သန်းဖြစ်ကြောင်း သိရသည်။

Source: www.bangkokpost.com, သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: https://myantrade.gov.mm/article/npt-120720240830

## အိန္ဒိယဝန်ကြီးများကော်မတီအစည်းအဝေးတွင် ဘာစမာတီမဟုတ်သော ဆန်များတင်ပို့မှုအပေါ် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း တစ်တန်လျှင် ကန်ဒေါ်လာ ၅၀၀ သတ်မှတ်ဆုံးဖြတ်သွားဖွယ်ရှိ

အိန္ဒိယနိုင်ငံ ပြည်ထဲရေးဝန်ကြီး Amit Shah ဦးဆောင်သောဝန်ကြီးများကော်မတီအစည်းအဝေးမှ ယခုသီတင်းပတ်အတွင်း ဘာစမာတီမဟုတ်သော ဆန်များတင်ပို့မှုအပေါ်ထားရှိမည့် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်းအား တစ်တန်လျှင် ကန်ဒေါ်လာ ၅၀၀ သတ်မှတ်ဆုံးဖြတ်သွားဖွယ်ရှိကြောင်းသိရသည်။ တစ်ဖက်တွင် ဘာစမာတီဆန် အပေါ်သတ်မှတ်ထားသည့် လက်ရှိ အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း တစ်တန်လျှင် ကန်ဒေါ်လာ ၉၅၀ ကိုလျှော့ချ သတ်မှတ်ပေးရန် တင်ပြထားသည့်ကိစ္စကိုမူ အချိန်ရွှေ့ဆိုင်းထားဖွယ်ရှိကြောင်း The Hindu Businessline သတင်းဌာနက ဇူလိုင်လ ၈ ရက်က ဖော်ပြသည်။

အိန္ဒိယစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လွန်ခဲ့သောသီတင်းပတ်က ပို့ကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ကာ ၎င်းတို့၏အခက်အခဲများကို နားထောင်ခဲ့ကြောင်း၊ အချို့သော အဆိုပြုတင်ပြချက်များကို ဝန်ကြီးများအစည်းအဝေး၌ စဉ်းစားပေးရန်ဆုံးဖြတ်ခဲ့ကြောင်း တရားဝင်သတင်းရင်းမြစ်များက ဖော်ပြသည်။

သို့သော်ဆန်ပို့ကုန်ခွန်နှင့်ပတ်သက်၍၎င်းတို့တောင်းဆိုထားသည့်အချက်မှာလက်ရှိသတ်မှတ်ထားသော၂၀ ရာခိုင်နှုန်းအခွန်အစား တစ်တန်လျှင်ကန်ဒေါ်လာ ၉၀ နှုန်းပုံသေသတ်မှတ်ပေးရန်ဖြစ်ကြောင်း၊ အစိုးရက အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း (MEP) ကို တစ်တန်လျှင် ကန်ဒေါ်လာ ၅၀၀ နှုန်းသတ်မှတ်ပေးရန်စဉ်းစားပြီး ပို့ကုန်ခွန်ကို တစ်တန်လျှင် ကန်ဒေါ်လာ ၁၀၀ သတ်မှတ်ရန်ဆုံးဖြတ်ခဲ့ဖွယ်ရှိကြောင်း ကုန်သည်အသိုင်းအဝိုင်းက ပြောကြားခဲ့သည်။

အဆိုပါပုံသေခွန်ကို အကောက်ခွန်လွတ်တင်ပို့ခွင့်ပြုခဲ့သော ပေါင်းဆန်နှင့် အမျိုးသားသမဝါယမပို့ကုန်လီမိတက် (National Cooperative Exports Limited –NCEL)မှတစ်ဆင့်တင်ပို့သော ဆန်ဖြူ(အကြမ်း) နှစ်ရပ်စလုံးအပေါ် စည်းကြပ်သွားမည်ဟုသိရသည်။

ကုန်သည်အသိုင်းအဝိုင်းကတောင်းဆိုထားသော ဘာစမာတီဆန်၏ MEP အား တစ်တန်လျှင် ကန်ဒေါ်လာ ၈၀၀ မှ ၈၅၀ အတွင်းလျှော့ချသတ်မှတ်ပေးရန် တောင်းဆိုထားသည့်အချက်ကိုမူ လတ်တလော ဆိုင်းငံ့ထားဖွယ်ရှိကြောင်း သတင်းရင်းမြစ်များက ပြောကြားသည်။

ဘာစမာတီဆန်၏ ပျမ်းမျှပို့ကုန်ဈေးနှုန်းမှာ ယခုနှစ် ဧပြီလက တစ်တန်လျှင် ကန်ဒေါ်လာ ၁၀၇၀ ရှိခဲ့ရာမှ မေလတွင် ကန်ဒေါ်လာ ၁၀၈၀ သို့ တိုးမြင့်လာကြောင်း ပို့ကုန်အချက်အလက်များအရသိရသည်။ ဘာစမာတီ မဟုတ်သော ဆန်ဖြူ၏ ပျမ်းမျှပို့ကုန်ဈေးနှုန်းမှာ ယခုနှစ် ဧပြီလက တစ်တန်လျှင် ကန်ဒေါ်လာ ၄၇၆ ခန့်ရှိခဲ့ရာမှ မေလတွင် ကန်ဒေါ်လာ ၄၇၄ သို့ ကျဆင်းခဲ့ကြောင်း သိရသည်။

၂၀၂၄-၂၅ ဘဏ္ဍာနှစ်၏ ပထမ ၂ လအတွင်း အိန္ဒိယနိုင်ငံမှ ပြည်ပသို့ ဘာစမာတီဆန်တင်ပို့မှုတန်ချိန် သုည ဒသမ ၉၇ သန်းရှိပြီး ယခင်နှစ်ကာလတူက တန်ချိန် သုည ဒသမ ၈၃ သန်းသာတင်ပို့ခဲ့သည့်အတွက် ၁၇ ရာခိုင်နှုန်းတိုးမြင့်လာခဲ့ကြောင်း သိရသည်။

သို့သော် ဘာစမာတီမဟုတ်သော ဆန်များတင်ပို့မှုမှာမူ ယခင်နှစ်က တန်ချိန် ၂ ဒသမ ၈၅ သန်း တင်ပို့ခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၁ ဒသမ ၉၄ သန်းတင်ပို့ခဲ့သည့်အတွက် ကျဆင်းခဲ့ကြောင်းသိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံ၏ ဘာစမာတီမဟုတ်သောဆန်ဖြူတင်ပို့မှုအပေါ် အစိုးရအနေဖြင့် မူဝါဒဖြေလျှော့သတ်မှတ်သွားဖွယ်ရှိကြောင်း ကုန်သည်အသိုင်းအဝိုင်းမှတရားဝင်သတင်းရင်းမြစ်များကို ကိုးကား၍ခန့်မှန်းထားသည်။

ရည်ညွှန်း။ The Hindu Businessline, Ministers' panel seen fixing a floor price of $500/tonne on non-Basmati rice exports, July 8, 2024 , (ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_10072024_14:43

## ထိုင်းနိုင်ငံရှိ ၁၀ စုနှစ်တစ်ခုကြာ သိုလှောင်သိမ်းဆည်းထားသည့် ဆန်များကို အမြင့်ဆုံးဈေးပေးခဲ့သည့် လေလံအောင်မြင်သူ ၂ ဦး သို့ ဘတ် ၂၄၄ သန်းဖြင့်ရောင်းချခဲ့

ထိုင်းနိုင်ငံ၏ သိုလှောင်သိမ်းဆည်းထားခဲ့သည့် ဆန် ၁၅,၀၀၀ တန် ကို လေလံ စနစ်ဖြင့်ရောင်းချခဲ့ရာ အမြင့်ဆုံး လေလံအောင်မြင်သူ ၂ ဦးထံသို့ ဘတ် ၂၄၄ သန်းဖြင့်ရောင်းချခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားချက်အရ သိရသည်။

Kittichai သိုလှောင်ရုံရှိ ဆန် ၁၁,၆၅၆ တန်အတွက် Sup Saeng Thong Rice Co ၏ အမြင့်ဆုံးလေလံဈေးမှာ တစ်ကီလိုဂရမ်လျှင် ၁၅ ဒသမ ၆၁ ဘတ်နှင့် Poonpon Trading Co သိုလှောင်ရုံရှိ ဆန် ၃,၃၅၆ တန် အတွက် Sahatan Co ၏ အမြင့်ဆုံးလေလံဈေးမှာ တစ်ကီလိုဂရမ်လျှင် ၁၈ ဒသမ ၆၉ ဘတ် ဖြစ်ကြောင်း၊ နောက်တစ်ဆင့်အနေဖြင့် လေလံအောင်မြင်သူ

၂ ဦးသည် ဇူလိုင် ၂၃ ရက်နေ့မှ ဩဂုတ် ၁၄ ရက်နေ့အတွင်း စာချုပ်များ လက်မှတ်ရေးထိုးရန် Public Warehouse Organization က ခေါ်ယူမည်ဖြစ်ကြောင်း၊ ကုမ္ပဏီများအနေဖြင့် ဝယ်ယူမှု အာမခံအတွက် ဝယ်ယူထားသည့်တန်ဖိုး၏ ၅ ရာခိုင်နှုန်းကို Deposit အဖြစ်ပေးအပ်ရန်လိုအပ်မည်ဖြစ်ပြီး ဆန်များမရယူမီ ငွေပေးချေမှုကို ဩဂုတ်လ ၁၅ ရက်နေ့မှ စက်တင်ဘာလ ၁၃ ရက်နေ့ အတွင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ယခင် လေလံတင်စဉ်က ဥပဒေနှင့်ငြိစွန်းနေသည့် ကုမ္ပဏီများနှင့် အဆက်အသွယ်ရှိသောကြောင့် လေလံအတွက် အရည်အချင်းမပြည့်မီခဲ့သော ကုမ္ပဏီ ၃ ခုဖြစ်သည့် V8 International Trading Co၊ Thanasan Rice Co နှင့် SSMR Karnkaset Plc တို့ကိုပယ်ဖျက်ပြီးနောက် ကျန်ရှိနေသော ကုမ္ပဏီ ၃ ခုနှင့် ဆွေးနွေးမှုကို မြန်မြန်ဆန်ဆန်ဆောင်ရွက်ရန် ဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီး H.E Mr. Phumtham Wechayachai က Public Warehouse Organization ကို လမ်းညွှန်ခဲ့ကြောင်း၊ ဈေးနှုန်းအမြင့်ဆုံးပေးသည့် လေလံတင်သူသည်သာ ဆန်များကို ဝယ်ယူခွင့်ရရှိမည်ဖြစ်ကြောင်း ဝန်ကြီးကဖြည့်စွက်ပြောကြားခဲ့သည်။

Source: www.bangkokpost.com၊ , သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: https://myantrade.gov.mm/article/Npt-230720241011

## အိန္ဒိယနိုင်ငံတွင် ၂၀၂၄ ခုနှစ် ဧပြီလမှ ဇွန်လအထိ လယ်ယာစိုက်ပျိုးရေးပို့ကုန်များတင်ပို့မှု အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၈ ဘီလီယံ (၃ ရာခိုင်နှုန်း) သို့ ကျဆင်း

အိန္ဒိယနိုင်ငံတွင် သယ်ယူပို့ဆောင်စရိတ်များအပေါ် သက်ရောက်စေသည့် ပင်လယ်နီဒေသအကြပ်အတည်း၊ ကမ္ဘာလုံးဆိုင်ရာ ပြောင်းဈေးနှုန်းကျဆင်းမှုနှင့် ဆန်တင်ပို့မှုပိတ်ပင်ခဲ့ခြင်း စသည့်အကြောင်းအရင်း အမျိုးမျိုးကြောင့် ၂၀၂၄ ခုနှစ် ဧပြီလမှ ဇွန်လအထိ လယ်ယာစိုက်ပျိုးရေးပို့ကုန်များတင်ပို့မှု(ယခင်နှစ်ကထက်) အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၈ ဘီလီယံ(၃ ရာခိုင်နှုန်း) သို့ ကျဆင်းခဲ့ကြောင်း အစိုးရက ပြောကြားခဲ့သည်။

ယင်းသို့လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ၏ အလုံးစုံတင်ပို့မှုကျဆင်းခဲ့ခြင်းသည် ၂၀၂၄ ခုနှစ်၊ ဧပြီလမှ မေလအထိကာလအတွင်း ကန့်သတ်ထိန်းချုပ်မှုမရှိသော အမည်များတင်ပို့မှု အများအားဖြင့် တိုးမြင့်ခဲ့ကာ ကန့်သတ်ထိန်းချုပ်ထားသော အမည်များ တင်ပို့မှုကျဆင်းခဲ့ခြင်းကြောင့် အဓိကဖြစ်ကြောင်း Apeda မှ ထုတ်ကုန် များတင်ပို့မှု လေ့လာဆန်းစစ်ချက်တစ်ရပ်က ဖော်ပြသည်။

၂၀၂၄ ခုနှစ် ဧပြီလမှ မေလအထိကာလအတွင်း ကန့်သတ်ထိန်းချုပ်ထားခြင်းမရှိသော လယ်ယာစိုက်ပျိုးရေးထုတ်ကုန်အုပ်စု ၂၃ ခု၏တင်ပို့မှု အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၈ ဘီလီယံ(၃ ရာခိုင်နှုန်း)သို့ တိုးတက်ခဲ့ကြောင်း Apeda မှ ဝေမျှထားသည့် ကိန်းဂဏန်းအချက်အလက်များအရ သိရသည်။ ၎င်းတို့တွင် ဘာစမာတီဆန်၊ အမဲသား၊ သိုးသား၊ ဆိတ်သားနှင့် ငါး၊ ပြုပြင်ထုတ်လုပ်ထားသော ဟင်းသီးဟင်းရွက်နှင့် သစ်သီး၊ ပဲမျိုးစုံ၊ နို့ထွက်ထုတ်ကုန်များ၊ အယ်လ်ကိုဟောပါဝင်သော အဖျော်ယမကာများ၊ ကြက်မွေးမြူရေးထုတ်ကုန်များနှင့် ပန်းများ ပါဝင်သည်။

၂၀၂၄ ခုနှစ် ဧပြီလမှ မေလအထိ ဘာစမာတီမဟုတ်သောဆန်၊ ဂျုံနှင့် ကြိတ်ခွဲထားသော ထုတ်ကုန်များ ပါဝင်သော ထိန်းချုပ်ထားသည့် အုပ်စုသုံးခုသည် ပို့ကုန်အမေရိကန်ဒေါ်လာ ၉၅၄ သန်း (၁၂ ရာခိုင်နှုန်း)သို့ ကျဆင်းခဲ့သည်။

ယခုဘဏ္ဍာနှစ်၏ ပထမနှစ်လအတွင်း ဘာစမာတီဆန်တင်ပို့မှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃ ဘီလီယံ (၁၃ ရာခိုင်နှုန်း) သို့ တိုးတက်ခဲ့ကာ ဘာစမာတီမဟုတ်သောဆန်တင်ပို့မှု အမေရိကန်ဒေါ်လာ ၉၁၈ ဒသမ ၈၃ သန်း (၁၃ ရာခိုင်နှုန်း) သို့ ကျဆင်းခဲ့သည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသည် အဓိကဈေးကွက်များရှိ အကောက်ခွန်မဟုတ်သော အတားအဆီးများကို သိရှိနိုင်ရန်ကိုလည်းဆောင်ရွက်လျက်ရှိပြီး၊ ၎င်းတို့ကို စနစ်တကျကိုင်တွယ် ဆောင်ရွက်နိုင်ရန် ပေါ်တယ်တစ်ခုတွင် ထည့်သွင်းလျက်ရှိသည်။

“ပို့ကုန်လုပ်ငန်းရှင်များရင်ဆိုင်ရသော အကောက်အခွန်မဟုတ်သောအတားအဆီး (NTB)များကို မှတ်ပုံတင်ရန်နှင့် ဖြေရှင်းရန် လွှင့်တင်သွားမည့် ၎င်းပေါ်တယ်သည် အဆိုပါကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန် အားထုတ်ဆောင်ရွက်ထားရှိမှု အားလုံးကို စောင့်ကြည့်ရန်လည်း ကျွန်တော်တို့ကို အကူအညီပေးလိမ့်မည်။ လာမည့် ၂ လ ၃ လအတွင်း လွှင့်တင်နိုင်လိမ့်မည်လို့မျှော်လင့်ပါတယ်။” ဟု ကုန်သွယ်ရေးဌာန အတွင်းဝန် Rajesh Agarwal က ဇူလိုင်လ ၁၉ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ Agrawal ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အထူးလုပ်ငန်းအဖွဲ့ကလည်း NTB များအတွက် ဖြေရှင်းနိုင်ရေးမဟာဗျူဟာကို စူးစမ်းရှာဖွေ လျက်ရှိသည်။

NTB များနှင့် အများဆုံးရင်ဆိုင်ရသော အိန္ဒိယနိုင်ငံမှတင်ပို့သော အမည်များတွင် ဥရောပသမဂ္ဂသို့ တင်ပို့သော ငရုတ်သီး၊ လက်ဖက်ခြောက်၊ ဘာစမာတီဆန်၊ နို့၊ ကြက်သားနှင့် ကြက်ဥ၊ အသား၊ ငါးနှင့် ဓာတုဗေဒထုတ်ကုန်များ၊ ဂျပန်နိုင်ငံ

သို့တင်ပို့သော နှမ်း၊ black tiger ပုစွန်၊ ဆေးဝါး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့သော အသား၊ ငါး၊ နို့ထွက်ပစ္စည်းနှင့် စက်မှုထုတ်ကုန်၊ အမေရိကန်ပြည်ထောင်စုသို့ တင်ပို့သော ပုစွန်နှင့် ကိုရီးယားသမ္မတနိုင်ငံသို့ တင်ပို့သော အသားတို့ပါဝင်သည်။

နိုင်ငံအမျိုးမျိုးသည် အကောက်ခွန်မဟုတ်သောသတ်မှတ်ချက်များ(Non-tariff measures- NTMs) များကို လူသား၊ တိရိစ္ဆာန် သို့မဟုတ် အပင်ကျန်းမာရေးနှင့်သဘာဝပတ်ဝန်းကျင်ကိုကာကွယ်ရန် အများဆုံး အသုံးပြုလေ့ရှိကြသည်။

၎င်းတို့သည် စည်းမျဉ်းစည်းကမ်း၊ စံချိန်စံညွှန်းများ၊ စစ်ဆေးခြင်း၊ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း၊ သဘော်မတင်မီစစ်ဆေးခြင်းစသည့်နည်းပညာဆိုင်ရာသတ်မှတ်ချက်များသို့မဟုတ်အရေအတွက်ကန့်သတ်ခြင်း(ကိုတာစနစ်)၊ သွင်းကုန်လိုင်စင်၊ ထောက်ပံ့ကြေးများနှင့် အစိုးရမှဝယ်ယူမှုကိုကန့်သတ်ထိန်းချုပ်ခြင်း စသည့်နည်းပညာမဟုတ်သောသတ်မှတ်ချက်များ ဖြစ်ကြောင်းသိရသည်။

သို့ပါ၍ ၂၀၂၄ ခုနှစ် ဧပြီလမှဇွန်လအထိ အိန္ဒိယနိုင်ငံမှ လယ်ယာစိုက်ပျိုးရေးပို့ကုန်များတင်ပို့မှု (ယခင်နှစ်ကထက်) အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၈ ဘီလီယံ(၃ ရာခိုင်နှုန်း)သို့ကျဆင်းခဲ့ပြီး အိန္ဒိယပို့ကုန်များရင်ဆိုင်နေရသော အကောက်ခွန်မဟုတ်သောသတ်မှတ်ချက်များ(NTM)များကို မှတ်ပုံတင်ရန်၊ စောင့်ကြည့်ထိန်းချုပ်ရန်နှင့် လိုအပ်သလိုဖြေရှင်းဆောင်ရွက်မှုများပြုလုပ်နိုင်ရန် အွန်လိုင်းပေါ်တယ်တစ်ခု လွှင့်တင်သွားမည်ဖြစ်သည်။

ရည်ညွှန်း။ The Hindu Businessline, Agri exports in April–June decline 3% to $5.88 bn, July 19, 2024

(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_23072024_12:31

## ကုလားပဲအဖြူအား သိုလှောင်ခွင့်ကန့်သတ်ချက် ချမှတ်ခြင်းမှ အိန္ဒိယအစိုးရ ကင်းလွတ်ခွင့်ပြု

အိန္ဒိယနိုင်ငံတွင် Kabuli Chana ခေါ် ကုလားပဲအဖြူမျိုး အပါအဝင် ပဲစင်းငုံနှင့်ကုလားပဲတို့အား ကုန်သည်လုပ်ငန်းရှင်များ၏ လက်ဝယ်၌ အများဆုံးသိုလှောင်ထားနိုင်မည့်ပမာဏ ကန့်သတ်ချက်များချမှတ်ထားရာမှ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် အစိုးရက ပြန်တမ်းထုတ်ပြန်လျက် Kabuli Chana ကုလားပဲ အဖြူကို အဆိုပါကန့်သတ်ချက်မှ ကင်းလွတ်ခွင့်ပြုလိုက်ကြောင်း သိရသည်။

အိန္ဒိယအစိုးရအနေဖြင့် စားသုံးသူများ၏ ကုန်စည်ဝယ်ယူနိုင်စွမ်းကို ကောင်းမွန်စေရန်နှင့် သိုလှောင် ဈေးကစားမှုများကို ကာကွယ်တားဆီးနိုင်ရန်အတွက် လက်ကားကုန်သည်များ၊ လက်လီရောင်းချသူများ၊ အကြီးစားလက်လီအရောင်း ကွင်းဆက်လုပ်ကိုင်သူများ၊ ပြုပြင်ကြိတ်ခွဲသူများနှင့် သွင်းကုန်လုပ်ငန်းရှင်များ လက်ဝယ်၌ အဆိုပါ ပဲမျိုးများအား အများဆုံးသိုလှောင်ထားရှိနိုင်မည့် ပမာဏကို ၂၀၂၄ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် အမိန့်ထုတ်ပြန်လျက် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကန့်သတ်ထားခဲ့ခြင်းဖြစ်သည်။

ကုန်သည်လုပ်ငန်းရှင်များ၏ တောင်းဆိုချက်အရ ဖြေလျှော့ပေးခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ လုပ်ဆောင်ချက်သည် ကုလားပဲမျိုးများအနက် ထင်ရှားကျော်ကြားသည့် Kabuli Chana အား ပြည်ပဈေးကွက်များသို့ တင်ပို့မှုအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း ကုန်သည်အသိုင်းအဝိုင်းက ပြောဆိုကြသည်။ Kabuli ကုလားပဲမျိုးအား ပြည်ပသို့တင်ပို့လျက်ရှိသဖြင့် သိုလှောင်နိုင်ခွင့်ကန့်သတ်ချက်မှ ကင်းလွတ်ခွင့်ပြုရန် အိန္ဒိယပဲမျိုးစုံနှင့် ကောက်ပဲသီးနှံအသင်း (IPGA) က အစိုးရထံ တောင်းဆိုထားခဲ့သည်။

IPGA အသင်း၏ ဥက္ကဋ္ဌ Bimal Kothari က Kabuli ကုလားပဲသည် အိန္ဒိယနိုင်ငံ၏ ထူးကဲသော အရည်အသွေးရှိသည့် ပဲတစ်မျိုးဖြစ်ကြောင်း၊ Desi Chana ဟုခေါ်ဆိုသော ကုလားပဲအညိုမျိုးထက် ဈေးနှုန်းပိုမိုမြင့်မားပြီး ပြည်ပသို့တင်ပို့ရန် စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် Kabuli ကုလားပဲကို သိုလှောင်နိုင်ခွင့် ကန့်သတ်ချက်မှ ကင်းလွတ်ခွင့်ပြုရန် အစိုးရထံ တောင်းဆိုခဲ့ကြောင်း၊ အလေးထားရမည့်ကိစ္စရပ် အစစ်အမှန်ဖြစ်၍ အစိုးရကဖြေလျှော့မှုပြုခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းပဲမျိုးသည် အဓိကအားဖြင့် ပြည်ပတင်ပို့ရန် ဖြစ်သဖြင့် ယခုကဲ့သို့ လုပ်ဆောင်ချက်သည် ပြည်တွင်းဈေးကွက်အပေါ် မည်သို့မျှ ထိခိုက်သက်ရောက်မှုမရှိနိုင်ကြောင်း ပြောဆိုခဲ့သည်။

အိန္ဒိယနိုင်ငံသည် Kabuli ကုလားပဲအဖြူမျိုးကို ဥရောပ၊ တူရကီနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့အပြင် အခြားနိုင်ငံများသို့လည်း တင်ပို့လျက်ရှိသည်။ လက်ရှိဘဏ္ဍာနှစ်တွင် ဧပြီလနှင့် မေလအတွင်း Kabuli ကုလားပဲ တန်ချိန် ၃၉,၆၃၄ တန်ကို တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ် ကာလတူ၌ တင်ပို့ခဲ့သည့် ၄၄,၉၇၇ တန်နှင့် နှိုင်းယှဉ်ပါက လျော့နည်းကျဆင်းခဲ့သည်။ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် Kabuli ကုလားပဲ တင်ပို့မှု တန်ချိန် ၁ ဒသမ ၂၁ သိန်းရှိခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ တန်ချိန် ၉၉,၁၅၈ တန်သို့ လျော့နည်းတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် Kabuli ကုလားပဲ အဖြူမျိုးကို ပြည်ပသို့ တင်ပို့သကဲ့သို့ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ဆူဒန်၊ ဩစတြေးလျနှင့် မြန်မာကဲ့သို့သော နိုင်ငံများထံမှလည်း ၎င်းပဲမျိုးများကို ပြန်လည် တင်သွင်းမှုရှိကြောင်း The Hindu Business Line သတင်းဌာနက ဖော်ပြထားသည်။

Source: The Hindu Business Line, 14 Jul 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_23072024_1114

## ၂၀၂၄ ခုနှစ်၊ ပထမ ၆ လအတွင်း တောင်ကိုရီးယားနိုင်ငံသည် အမေရိကန်နိုင်ငံနှင့် ကုန်သွယ်မှုတွင် ကုန်သွယ်မှု ပိုငွေစံချိန်တင်မြင့်မား

၂၀၂၄ ခုနှစ် ပထမ ၆ လအတွင်း တောင်ကိုရီးယားနိုင်ငံသည် အမေရိကန်ပြည်ထောင်စုသို့ ကားတင်ပို့မှု မြင့်မားခဲ့ခြင်းကြောင့် နှစ်နိုင်ငံကုန်သွယ်မှုတွင် ကုန်သွယ်မှုပိုငွေစုစုပေါင်း အမေရိကန် ဒေါ်လာ ၂၈ ဒသမ ၇ ဘီလီယံအထိ ရရှိခဲ့ကြောင်း၊ အဆိုပါပမာဏသည် ယခင်နှစ် အလားတူကာလက ထက် ၅၅ ဒသမ ၁ ရာခိုင်နှုန်း မြင့်မားခဲ့သည့်အတွက် မှတ်တမ်းတင်ဖွယ်ပမာဏဖြစ်ခဲ့ကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန (Ministry of Trade, Industry and Energy– MOTIE) နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးအဖွဲ့အစည်း (Korea International Trade Association– KITA) တို့မှ ထုတ်ပြန်ထားသည်။

၂၀၂၄ ခုနှစ်၊ ပထမ ၆ လအတွင်း တောင်ကိုရီးယားနိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် နှစ်နိုင်ငံ ကုန်သွယ်မှုတွင် ပိုငွေပြမှုပမာဏ (အမေရိကန်ဒေါ် လာ ၂၈ ဒသမ ၇ ဘီလီယံ) သည် နိုင်ငံတကာနှင့် ကုန်သွယ်မှုတွင် ပိုငွေပြမှုပမာဏ စုစုပေါင်းဖြစ်သည့် ၂၃ ဒသမ ၁ ဘီလီယံထက်ပင်ပိုမိုခဲ့ကြောင်း MOTIE နှင့် KITA တို့မှ ထုတ်ပြန်ထားသည်။

တောင်ကိုရီးယားနိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်မှုတွင် ပိုငွေပြမှုသည် ၂၀၁၉ ခုနှစ် မှစ၍ နှစ်စဉ်တိုးတက်လာခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်က နှစ်နိုင်ငံကုန်သွယ်မှုတွင် အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၄ ဘီလီယံ ပိုငွေပြခဲ့ပြီး ပိုငွေပြမှုအများဆုံး ကုန်သွယ်ဖက်နိုင်ငံအဖြစ် မှတ်တမ်းဝင်လာခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် ပထမ ၆ လအတွင်း အမေရိကန်ပြည်ထောင်စုသို့ ကားတင်ပို့မှုသည် ယခင်နှစ်ကထက်၂၈ ဒသမ ၉ ရာခိုင်နှုန်း မြင့်မားခဲ့သည့်အပြင် တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ ကားပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ ကွန်ပျူတာများနှင့် ဘက်ထရီများ တင်ပို့ရမှုမြင့်မားခဲ့ခြင်းကြောင့် ကုန်သွယ်မှုပိုငွေပြမှု မှတ်တမ်းတင်ဖွယ်မြင့်မားခဲ့ကြောင်း၊ သမ္မတ ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့လက်ထက်တွင်ပြဋ္ဌာန်းခဲ့သော ငွေကြေးဖောင်းပွမှုလျှော့ချရေးဥပဒေ (Inflation Reduction Act)သည် ပြည်တွင်းရောင်းလိုအားကွင်းဆက်နှင့် သန့်ရှင်းသောစွမ်းအင်သုံးစွဲမှုတို့ကို အားပေးမြင့်တင်ပေးခဲ့ခြင်းက အမေရိကန်ပြည်ထောင်စုသို့ တင်ပို့မှုမြင့်မားလာခြင်းအကြောင်းရင်းတစ်ရပ်အဖြစ်ကူညီခဲ့ကြောင်း ကိုရီးယားနိုင်ငံတကာစီးပွားရေးမူဝါဒတက္ကသိုလ် (Korea Institute for International Economic Policy– KIIEP) ၏ လေ့လာချက်တွင် ဖော်ပြထားသည်။

လက်ရှိတွင် အမေရိကန်ပြည်ထောင်စုသို့ တောင်ကိုရီးယားနိုင်ငံမှ ပို့ကုန်တင်ပို့မှုမြင့်မားနေသော်လည်း ယခင် သမ္မတဟောင်းထရမ့်ကို သမ္မတအဖြစ်ပြန်လည်ရွေးကောက်ခံရပါက ၎င်း၏ အမေရိကန်သာ ပထမမူဝါဒများ ("America First" policies) အရ ကိုရီးယားစီးပွားရေးလုပ်ငန်းများအတွက် အလားအလာမကောင်းနိုင်ကြောင်း၊ ယခင်သမ္မတဟောင်းထရမ့်သည် သွင်းကုန်အားလုံးအပေါ် ၁၀ ရာခိုင်နှုန်းစည်းကြပ်ခွန်အသစ်ကို အဆိုပြုခဲ့သည့်အပြင် လက်ရှိမဲဆွယ်ကာလတွင်လည်း အမေရိကန်ပြည်ထောင်စု၏ ကုန်သွယ်မှုလိုငွေပြမှုသည် တောင်ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဥရောပနိုင်ငံများ၊ မက္ကဆီကိုနိုင်ငံ၊ ကနေဒါနိုင်ငံတို့မှတင်သွင်းသောကားနှင့် ကားပစ္စည်းများကြောင့်ဖြစ်သည်ဟု ရည်ညွှန်းပြောဆိုလျက်ရှိကြောင်း KIIEP ၏ လေ့လာချက်တွင် ဖော်ပြထားသည်။

၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့က အမေရိကန်ပြည်ထောင်စု၊ Milwaukee မြို့ရှိ ရီပတ်ဘလစ်ကန် အမျိုးသားညီလာခံတွင်ကျင်းပခဲ့သည့် သမ္မတလောင်းအဖြစ်အမည်စာရင်းတင်သွင်းမှုကိုလက်ခံသည့်အခမ်းအနား၌ ထရမ့်မှ ပြောကြားသည့်မိန့်ခွန်းတွင် “ကားထုတ်လုပ်မှုကဏ္ဍတွင် အမေရိကန်ပြည်ထောင်စုထုတ်ကုန်များ (Made-in-America) ကို အားပေးမည်” ဟု ကတိပြုပြောကြားခဲ့သည်။ အကယ်၍ တောင်ကိုရီးယားနိုင်ငံသည် အမေရိကန်ပြည်ထောင်စု၏ သွင်းကုန်အားလုံးအပေါ် ၁၀ ရာခိုင်နှုန်း စည်းကြပ်ခွန်အသစ်ကို ရင်ဆိုင်ရပါက အမေရိကန်ပြည်ထောင်စုသို့ တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၂ ဘီလီယံဖိုးနီးပါး လျော့နည်းသွားမည်ဖြစ်သည့်အပြင် အခြားနိုင်ငံများသို့တင်ပို့မှုသည်လည်း သွယ်ဝိုက်သောနည်းဖြင့် ကျဆင်းသွားနိုင်ကြောင်း၊ ခန့်မှန်းအားဖြင့် အမေရိကန်ဒေါ်လာ ၇ ဘီလီယံဖိုးနီးပါး လျော့နည်းသွားနိုင်ကြောင်း ကိုရီးယားနိုင်ငံတကာစီးပွားရေးမူဝါဒတက္ကသိုလ် (Korea Institute for International Economic Policy–KIIEP) ၏ လေ့လာချက်တွင် ဖော်ပြထားသည်။

ထရမ့်က ၎င်း၏ သမ္မတသက်တမ်းပထမနေ့၌ပင် Electric Vehicle Mandate ကို အဆုံးသတ်မည်ဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ်၌ အမေရိကန်ပြည်ထောင်စုရှိ ကားအသစ်များရောင်းချမှု စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းသည် Electric Vehicle ဖြစ်ရမည်ဆိုသည့် သမ္မတဂျိုးဘိုင်ဒင် အစိုးရအဖွဲ့၏ ရည်မှန်းချက်ကို ပယ်ဖျက်သွားမည်ဖြစ်ကြောင်း၊ အမေရိကန်ပြည်တွင်းထုတ်ကားများကို အသုံးပြုခြင်းဖြင့် ပြည်တွင်း၌ အလုပ်အကိုင်များစွာဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ရွေးကောက်ပွဲ မဲဆွယ်ချိန်များတွင် ပြောကြားခဲ့သဖြင့် Hyundai Motor Group သည် Georgia ပြည်နယ်ရှိ Hyundai Motor Group Metaplant America (HMGMA) ကို EV ကားများသာ ထုတ်လုပ်သည့် စက်ရုံ (EV-only Factory) အဖြစ် ရည်ရွယ်ထားခဲ့ရာမှ Hybrid Vehicles များ ပြောင်းလဲထုတ်လုပ်နိုင်ရေး ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ်၊ စတုတ္ထလေးလပတ်တွင် လုပ်ငန်းစတင်လည်ပတ်နိုင်မည်ဟု မျှော်မှန်းထားကြောင်း HMGMA က ပြောကြားခဲ့သည်။

Source: The Korea Herald (21-7-2024), ဒေါ်ပပ၊ စီးပွားရေးသံမှူး၊ ဆိုးလ်မြို့။

Source: https://myantrade.gov.mm/article/Npt-220720240430

## ဖိလစ်ပိုင်နိုင်ငံမှ ကြက်သွန်နီတင်သွင်းခွင့်ရပ်ဆိုင်းထားခြင်းအား ဩဂုတ်လအထိ သက်တမ်းတိုးမြှင့်

ဖိလစ်ပိုင်နိုင်ငံမှ ကြက်သွန်နီတင်သွင်းခွင့် ရပ်ဆိုင်းထားခြင်းသည် ယခုဇူလိုင်လတွင်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ရှေ့ဩဂုတ်လအထိ သက်တမ်းထပ်မံတိုးမြှင့်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနမှ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့ကပြောကြားခဲ့သည်။ လက်ရှိကာလအထိ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ကြက်သွန်နီ တင်သွင်းရန် မလိုအပ်သေးကြောင်းနှင့် လက်ကျန်ပမာဏအခြေအနေအား လစဉ်စောင့်ကြည့်ပြီး လိုအပ်သကဲ့သို့ သက်တမ်းတိုးမြှင့်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးမှ ပြောကြားခဲ့သည်။

ကြက်သွန်နီလက်ကျန်ပမာဏဖူလုံပြီး ရောင်းလိုအားများပြားနေသည့်အတွက် ဈေးနှုန်းကျဆင်းမှုများ မမြင့်မားစေရန် ကြက်သွန်နီတင်သွင်းမှုအား ၂၀၂၄ ခုနှစ်၊ မေလအထိ ရပ်ဆိုင်းထားကြောင်းပြီးခဲ့သည့် ဇန်နဝါရီ လက စိုက်ပျိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ ထုတ်ပြန်ကြေညာချက်အား ဇူလိုင်လအထိ သက်တမ်းတိုးခဲ့ပြီးနောက် ယခုထပ်မံ၍ ဩဂုတ်လအထိ သက်တမ်းတိုးမြှင့်ခြင်းဖြစ်သည်။

ကြက်သွန်နီကုန်သည်များအနေဖြင့် ကြက်သွန်နီများကို သိုလှောင်ထား၍ ဈေးကစားခြင်းမပြုလုပ်ရန်နှင့် ဈေးကွက်တွင်းသို့ဖြန့်ချိရန်လည်း သတိပေးထားပြီး ဈေးကွက်တွင်းကြက်သွန်နီ လက်ကျန်အခြေအနေအား နေ့စဉ်စောင့်ကြည့်လျက်ရှိသည်။ အကယ်၍ လိုအပ်ပါက ဈေးနှုန်းတည်ငြိမ်စေရန် ချက်ချင်းတင်သွင်းခွင့်ပြုသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။ စိုက်ပျိုးရေးဝန်ကြီးဌာနမှထုတ်ပြန်သည့် ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့အထိ ကြက်သွန်နီ (Red Onions) မက်ထရစ်တန်ချိန် ၁၅၂,၈၃၉ ဒသမ ၂၅ တန်နှင့် Yellow Onions မက်ထရစ်တန်ချိန် ၁၀,၆၀၄ ဒသမ ၄၂ တန်တို့အား တင်သွင်းထားပြီးဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ကြက်သွန်နီလက်ကျန်ပမာဏသည် နောင်လာမည့် ၈ လခန့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလထိ တိုင်အောင်လုံလောက်မှုရှိကြောင်း၊ စိုက်ပျိုးရေးဝန်ကြီးဌာန၊ ဈေးနှုန်းစောင့်ကြည့်ရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့ရှိ ဈေးကွက်တွင်း ကြက်သွန်နီဈေးနှုန်း တစ်ကီလိုလျှင် ပီဆို ၈၀ ( ၅၆၀ ကျပ်ဝန်းကျင်ခန့်)၊ ကြက်သွန်ဖြူ တစ်ကီလိုလျှင် ပီဆို ၆၀ ( ၅၄၀ ကျပ် ဝန်းကျင်ခန့်) ဖြစ်ကြောင်း ဖော်ပြထားသည်။

၂၀၂၂ ခုနှစ်နှောင်းပိုင်းကာလများနှင့် ၂၀၂၃ ခုနှစ် အစောပိုင်းကာလများတွင် ကြက်သွန်နီ တစ်ကီလိုလျှင် ပီဆို ၇၀၀ (၄၉၀၀ ကျပ်ဝန်းကျင်ခန့်) ထိ မြင့်တက်ခဲ့ပြီး ပြည်တွင်းလက်ကျန်ပမာဏ လုံလောက်မှုမရှိခြင်းနှင့် ပြည်ပမှတင်သွင်းမှုများ နှောင့်နှေးကြန့်ကြာခဲ့ခြင်းတို့ကြောင့်ဖြစ်သည်။ ယခု ၂၀၂၄ ခုနှစ်တွင်မူ ကြက်သွန်နီ အဓိကစိုက်ပျိုးသည့် Central Luzon ဒေသမှ စိုက်ပျိုးဧရိယာ ၁၀,၃၈၈ ဟက်တာရှိခဲ့ပြီး အထွက်နှုန်း ၄၀ ရာခိုင်နှုန်းခန့် တိုးမြှင့်ခဲ့ကြောင်း သိရသည်။

ယခုသက်တမ်းတိုးခြင်းသည်ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်မှာ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မေလ အထိ ကြက်သွန်နီတင်သွင်းခြင်းကိုယာယီရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း၊ ဈေးကွက်တွင်းကြက်သွန်နီလက်ကျန်အခြေအနေအား နေ့စဉ်စောင့်ကြည့်လျက်ရှိပြီး ကုန်သည်များအနေဖြင့် ၎င်းတို့၏ လက်ဝယ်ရှိ ကြက်သွန်နီများအား ဈေးကွက်တွင်းသို့ ဖြန့်ချိရောင်းချခြင်းမရှိဘဲ သိုလှောင်ဈေးကစားခြင်းကိုပြုလုပ်မည်ဆိုပါက ကြက်သွန်နီတင်သွင်းခွင့်အားချက်ချင်းပြန်လည်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးမှ သတိပေးပြောကြားထားသည်။ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့ အအေးခန်းသိုလှောင်ရုံတွင် ကျန်ရှိနေသည့် ကြက်သွန်နီလက်ကျန်ပမာဏမှာ မက်ထရစ်တန်ချိန် ၁၅၀,၀၀၀ ခန့် ရှိပြီး ပြည်တွင်းစိုက်ပျိုးထွက်ရှိမှုနှင့် ရောင်းချနိုင်သည့် ပမာဏသည် လာမည့် ၂၀၂၅ ခုနှစ်၊ မတ်လအထိ လုံလောက်မှုရှိကြောင်း ခန့်မှန်းထားသည်ကို လေ့လာသိရှိရကြောင်း သိရသည်။

Source: https://www.manilatimes.net/2024/07/16/business/top-business/onion-import-ban-extended-to-august/1957607, (ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_160720240400

## ဗီယက်နမ်နိုင်ငံ၏ ငရုတ်ကောင်းတင်ပို့မှုတန်ဖိုး ၃၀ ရာခိုင်နှုန်းမြင့်တက်

ဗီယက်နမ်နိုင်ငံသည် ၂၀၂၄ ခုနှစ်၏ ပထမနှစ်ဝက်တွင် ကန်ဒေါ်လာ ၆၃၄ ဒသမ ၂ သန်းတန်ဖိုးရှိသော ငရုတ်ကောင်း ၁၄၂,၅၈၆ တန်တင်ပို့ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် တန်ဖိုး ၃၀ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ ထိုသို့ တန်ဖိုးမြင့်တက်လာသော်လည်း တင်ပို့မှုပမာဏသည် တစ်နှစ်ထက်တစ်နှစ် ၆ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဗီယက်နမ် ငရုတ်ကောင်းနှင့် ဟင်းခတ်လုပ်ငန်းရှင်များအသင်း၏ထုတ်ပြန်ချက်မှသိရသည်။

အမေရိကန်သည် ဗီယက်နမ်ဟင်းခတ်အမွှေးအကြိုင် ၃၇,၄၃၅ တန်ဖြင့် တင်သွင်းမှုအများဆုံးနိုင်ငံဖြစ်ပြီး ဈေးကွက်ဝေစု၏ ၂၆ ဒသမ ၃ ရာခိုင်နှုန်းသည် တစ်နှစ်ထက်တစ်နှစ် ၄၄ ဒသမ ၆ ရာခိုင်နှုန်း သို့ မြင့်တက် လာခဲ့သည်။ ပို့ကုန်တန်ဖိုးများသည် ဂျာမနီနိုင်ငံဈေးကွက်သို့ ၁၀၆ ဒသမ ၇ ရာခိုင်နှုန်း၊ နယ်သာလန်ဈေးကွက်သို့ ၅၂ ဒသမ ၁ ရာခိုင်နှုန်း၊ အိန္ဒိယဈေးကွက်သို့ ၄၅ ဒသမ ၇ ရာခိုင်နှုန်းနှင့် ယူအေအီးဈေးကွက်သို့ ၁၅ ဒသမ ၂ ရာခိုင်နှုန်းစသည်ဖြင့် အသီးသီးအရှိန်အဟုန်ဖြင့် မြင့်တက်လာခဲ့သည်။ ပြီးခဲ့သည့်ခြောက်လအတွင်း ငရုတ်ကောင်း ဈေးနှုန်းများ ဆက်တိုက်မြင့်တက်မှုအခြေအနေများကြောင့် ပျမ်းမျှပို့ကုန်ဈေးနှုန်းများသည် ယခင်နှစ်၏ အလားတူကာလထက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ မြင့်တက်ခဲ့ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက သုံးသပ်ခဲ့ကြသည်။ ငရုတ်ကောင်းအဖြူအနက် ပျမ်းမျှတင်ပို့မှုဈေးနှုန်းမှာ တစ်တန်လျှင် ကန်ဒေါ်လာ ၄,၃၀၀ နှင့် ကန်ဒေါ်လာ ၆,၀၀၀ကျော်ရှိသည်။ ဘရာဇီး၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ဗီယက်နမ် နိုင်ငံမှ ငရုတ်ကောင်း အများဆုံးတင်သွင်းနေသော နိုင်ငံများဖြစ်သည်။ Source: Vnexpress, Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_22072024_953

## အီသီယိုပီးယားနိုင်ငံသည် ကော်ဖီတင်ပို့မှုမှ စံချိန်တင်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံရရှိ

မကြာသေးမီက အီသီယိုပီးယားဘဏ္ဍာရေးနှစ်တွင် ကော်ဖီတင်ပို့မှုသည် အီသီယိုးပီးယားဒေါ်လာ ၁ ဒသမ ၄၃ ဘီလီယံဝင်ငွေရရှိခဲ့ကြောင်း အစိုးရကပြောကြားခဲ့သည်။ ဇူလိုင်လ ၇ ရက်နေ့ကကုန်ဆုံးသည့် အီသီယိုးပီးယား ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ကော်ဖီ ၂၉၈,၅၀၀ တန်တင်ပို့ခဲ့ကြောင်း အီသီယိုပီးယား ကော်ဖီနှင့် လက်ဖက်ရည် အာဏာပိုင်အဖွဲ့က (ECTA) က အင်္ဂါနေ့တွင် ထုတ်ပြန်ခဲ့သည်။

ဇွန်လတွင် ကော်ဖီတန်ချိန် ၄၆,၀၀၀ တင်ပို့ခဲ့ပြီး ဝင်ငွေဒေါ်လာ ၂၁၈ သန်းရရှိခဲ့ကြောင်း ECTA က ပြောကြားခဲ့သည်။ အီသီယိုးပီးယားနိုင်ငံသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ကော်ဖီတန်ချိန် ၂၄၀,၀၀၀ ခန့် တင်ပို့ခဲ့ပြီး ဝင်ငွေဒေါ်လာ ၁ ဒသမ ၃ သန်းရရှိခဲ့သည်။ ECTA ၏ ဒေတာအချက်အလက်များအရ အီသီယိုးပီးယားနိုင်ငံ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တင်ပို့သည့် ကော်ဖီပမာဏသည် ယခင်ဘဏ္ဍာရေးနှစ်နှင့်နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်းခန့်မြင့် တက်လာကြောင်းသိရသည်။

အာရေဗျကာ ကော်ဖီ၏ပထမအစဟုသတ်မှတ်ခဲ့ထားရသော အီသီယိုးပီးယားနိုင်ငံသည် အာဖရိကရှိအကြီးဆုံးကုန်စည်ထုတ်လုပ်တင်ပို့ရောင်းချသောနိုင်ငံဖြစ်သည်။ ကော်ဖီထုတ်လုပ်မှုအားနိုင်ငံ၏စိုက်ပျိုးရေးကိုဦးဆောင်သောစီးပွားရေးကျောရိုးအဖြစ်ရှုမြင်လျက်ရှိကြသည်။ Source : theeastaFrican, Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_22072024_956

## ယခုဘဏ္ဍာနှစ်တွင် သဘာဝရော်ဘာထုတ်လုပ်မှု တန်ချိန် ၈ ဒသမ ၇၅ သိန်းအထိရရှိနိုင်မည်ဟု အိန္ဒိယရော်ဘာဘုတ် အဖွဲ့ခန့်မှန်း

အိန္ဒိယနိုင်ငံတွင် Kerala နှင့် အရှေ့မြောက်ဒေသများတွင် မိုးရွာသွန်းမှုများပြားလာပြီး၊ ရာသီဥတုအခြေအနေ ပိုမိုကောင်းမွန်လာကာ ရောဂါထိန်းချုပ်ရေးဆောင်ရွက်မှုများကြောင့် ၂၀၂၅ ဘဏ္ဍာနှစ်အတွက် အိန္ဒိယနိုင်ငံ၏သဘာဝရော်ဘာထုတ်လုပ်မှုသည် တန်ချိန် ၈၇၅,၀၀၀ အထိထွက်ရှိနိုင်မည်ဟု ရော်ဘာဘုတ်အဖွဲ့မှ ခန့်မှန်းထားကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၁၀ ရက်က ဖော်ပြသည်။

၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် ရော်ဘာစိုက်ပျိုးမှုစုစုပေါင်းဧရိယာ ၈၈၉,၀၀၀ ဟက်တာရှိခဲ့ရာမှ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ဟက်တာ ၈၈၉,၀၀၀ အထိ တိုးတက်လာမည်ဟုခန့်မှန်းထားသည်။ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်ရှိ ရော်ဘာစိုက်ဧရိယာသည် ၂၀၂၂-၂၃ ဘဏ္ဍာနှစ်နှင့်နှိုင်းယှဉ်လျှင် ၈,၅၀၀ ဟက်တာတိုးမြင့်လာခြင်းကြောင့် လက်ရှိနှစ်၌ ရော်ဘာရရှိနိုင်မှု ပိုမိုများပြားလာဖွယ်ရှိကြောင်း ဘုတ်အဖွဲ့၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်း ရော်ဘာသုံးစွဲမှုတန်ချိန် ၁,၄၁၆,၀၀၀ ရှိပြီး၊ ၎င်းအနက် မှိုင်းခံရော်ဘာသုံးစွဲမှု ၅၈၆,၃၄၅ တန်ရှိပြီး စုစုပေါင်းသုံးစွဲမှု၏ ၄၁ ဒသမ ၆ ရာခိုင်နှုန်းရှိသည်။ ရော်ဘာစေး (latex) သုံးစွဲမှု ၁၀၈,၄၀၅ တန်ရှိပြီး စုစုပေါင်းသုံးစွဲမှု၏ ၇ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ယင်းအချက်က စက်မှုလုပ်ငန်းကဏ္ဍအနေဖြင့် အခြားရော်ဘာအရည်အသွေးအဆင့်များထက် မှိုင်းခံရော်ဘာ(RSS) အား လိုအပ်မှုပိုမိုများပြားလျက်ရှိသည်ဟု ဆိုလိုသည်။ ပြည်တွင်း၌ ထုတ်လုပ်သော RSS ရော်ဘာ အဆင့်များသည် တာယာများနှင့် အခြားထုတ်ကုန်ထုတ်လုပ်သူများမှ လိုအပ်ချက်ကောင်းများရှိနေပြီး ၎င်းတို့၏ အရည်အသွေးနှင့် ဈေးကွက်မှ လက်ခံနိုင်မှုကို ညွှန်ပြလျက်ရှိကြောင်း ရော်ဘာဘုတ်အဖွဲ့ အမှုဆောင်ဒါရိုက်တာ M Vasanthagesan က ပြောကြားခဲ့သည်။

ရော်ဘာစိုက်ပျိုးသူများအား ရော်ဘာစေးရောင်းချခြင်းထက် မှိုင်းခံရော်ဘာပြားများထုတ်လုပ်ရာ၌ ပိုမို အာရုံစူးစိုက်ရန် ၎င်းကတိုက်တွန်းခဲ့သည်။ သဘာဝရော်ဘာသုံးစွဲမှုတွင် မှိုင်းခံရော်ဘာပြား(Ribbed Smoked Sheets)(RSS အရည်အသွေးအဆင့်ဆင့်)အား သုံးစွဲမှု နှစ်စဉ်မြင့်တက်လာလျက်ရှိပြီး ၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် ၈ ဒသမ ၃၄ ရာခိုင်နှုန်းနှင့် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ၅ ဒသမ ၃၇ ရာခိုင်နှုန်းအသီးသီးတိုးမြင့်လာခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ရော်ဘာစိုက်ပျိုးသူများအနေဖြင့် မှိုင်းခံရော်ဘာများထုတ်လုပ်လာကြခြင်းကြောင့် ဈေးကွက်ဝေစု၏ ၉၀ မှ ၉၅ ရာခိုင်နှုန်းကို ရယူထားကြောင်း၊ ၎င်းတို့အနေဖြင့် လက်ရှိဈေးကွက်အခြေအနေအရ မှိုင်းခံ ရော်ဘာများ ပြုပြင်ထုတ်လုပ်ခြင်းအားဖြင့် အမြတ်အစွန်းပိုမိုရရှိနိုင်သည်ဟု ၎င်းကဆိုသည်။ ပြည်တွင်းသဘာဝ ရော်ဘာသုံးစွဲမှုသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁,၄၁၆,၀၀၀ ရှိခဲ့ကာ ၂၀၂၂-၂၃ တွင် တန်ချိန် ၁,၃၅၀,၀၀၀ ရှိခဲ့သည့်အတွက် ၄ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဧပြီလမှ မေလအထိ စုစုပေါင်းသဘာဝရော်ဘာထုတ်လုပ်မှုပမာဏမှာ တန်ချိန် ၈၁,၀၀၀ ရှိပြီး ၂၀၂၃ ခုနှစ် ကာလတူတွင် ထုတ်လုပ်မှုတန်ချိန် ၈၂,၀၀၀ ရှိခဲ့သည်။ ယခုနှစ် မေလဆန်းပိုင်းတွင် မိုးရွာသွန်းမှုကြောင့် ထုတ်လုပ်မှုတချို့ ထိခိုက်ခဲ့ကြောင်းသိရသည်။ သို့သော် လာမည့်ရက်များအတွင်း ရော်ဘာ၏ ရောင်းလိုအားအခြေအနေ ပိုမိုကောင်းမွန်လာဖွယ်ရှိသည်ဟု ဘုတ်အဖွဲ့မှ မျှော်လင့်ထားကြောင်းသိရသည်။

နှစ်အလိုက် ပြည်ပမှ သဘာဝရော်ဘာတင်သွင်းမှုအနေဖြင့် ၂၀၂၁-၂၂ ဘဏ္ဍာနှစ်တွင် ၅၄၆,၃၆၉ တန်၊ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် ၅၂၈,၆၇၇ တန်နှင့် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၄၉၂,၆၈၂ အသီးသီး တင်သွင်းခဲ့ ကြောင်းသိရသည်။ ရော်ဘာစိုက်ပျိုးသူများအနေဖြင့် ပြည်တွင်းထုတ်လုပ်မှုတိုးမြှင့်ရေးကို အာရုံစူးစိုက်ခြင်းအားဖြင့် ရော်ဘာထုတ်လုပ်မှု၌ မိမိကိုယ်ကိုယ် မှီခိုအားထားမှုရရှိရန် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နိုင်သည်ဟု ဘုတ်အဖွဲ့မှ ပြောကြားခဲ့သည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် သဘာဝရော်ဘာထုတ်လုပ်မှုနှင့် သုံးစွဲမှုတိုးမြင့်လာလျက်ရှိပြီး၊ အထူးသဖြင့် မှိုင်းခံရော်ဘာ RSS အရည်အသွေးရော်ဘာများ၏ လိုအပ်ချက်များပြားလျက်ရှိသည်။

ရည်ညွှန်း။ The Hindu Businessline, Increase in tappable area signals higher availability, says Rubber Board, July 10, 2024 , (ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_12072024_15:18

## လာအိုနိုင်ငံရှိ ဆည်အသစ်ကြောင့် ထိုင်းနိုင်ငံ ခရိုင် ၃ ခုရှိ တောင်သူများအတွက် စီးပွားရေးအရ ဆုံးရှုံးမှုများဆီသို့ ဦးတည်လာနိုင်

ဒေသခံများ၏ စီးပွားရေးနှင့် နယ်မြေဆုံးရှုံးမည်ကို စိုးရိမ်သောကြောင့် လာအိုနိုင်ငံ Pak Beng ရေအား လျှပ်စစ်ဆည်မှ ထွက်ရှိသည့် လျှပ်စစ်ဓာတ်အားများ ဝယ်ယူရေးစာချုပ်ကို လက်မှတ်မရေးထိုးရန် မဲခေါင်မြစ်ဝှမ်း တစ်လျှောက်ရှိ ထိန်းသိမ်းရေးသမားများနှင့် ပြည်သူများက ထိုင်းနိုင်ငံ အစိုးရထံ အသနားခံစာ ပေးပို့ခဲ့ကြောင်းသိရသည်။

အဆိုပါ လက်မှတ်ရေးထိုးထားသည့် ပေးစာသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် Mr. Srettha Thavisin နှင့် လျှပ်စစ်ဝန်ကြီး Mr. Pirapan Salirathavibhaga တို့ကို လိပ်မူထားကြောင်း၊ ချင်းရိုင်၊ Rak Chiang Khong နှင့် မြစ်ဝှမ်းတစ်လျှောက်ရှိ ပြည်နယ် ၈ ခုမှ ပုဂ္ဂိုလ်များက ပူးတွဲလက်မှတ်ရေးထိုးထားကြပြီး ချင်းရိုင်သို့ လာရောက်ခဲ့သည့် ဝန်ကြီးချုပ်ခရီးစဉ်တွင် ပေးပို့ခဲ့ခြင်း ဖြစ်ကြောင်း၊ ဝန်ကြီးချုပ်သည် မဲခေါင်မြစ်ဝှမ်းရှိ Chiang Saen သို့ သွားရောက်ရန်နှင့် ရေရရှိမှုတိုးတက်စေရေးအတွက် ဆည်မြောင်းနှင့်သက်ဆိုင်သည့် ဆွေးနွေးပွဲသို့ တက်ရောက်ရန် လျာထားကြောင်း၊ ထိုင်း-လာအိုနယ်စပ်မှ ၇၀ ကီလိုမီတာအကွာ လာအိုနိုင်ငံ၏ ပြည်နယ်တစ်ခု ဖြစ်သည့် Oudomxai ရှိ မဲခေါင်မြစ်ပေါ်တွင် တည်ဆောက်မည့် Pak Beng ရေအားလျှပ်စစ်ဆည်စီမံကိန်း နှင့်စပ်လျဉ်းသည့် မဲခေါင်မြစ်ဝှမ်း ကော်မရှင် အစည်းအဝေးကို စာတွင် ရည်ညွှန်းထားကြောင်း သိရသည်။

အဆိုပါ ဆည်မှ လျှပ်စစ်ဓာတ်အား ၉၁၀ မီဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ၉၅ ရာခိုင်နှုန်းကို ထိုင်းလျှပ်စစ်ထုတ်လုပ်ရေး အာဏာပိုင်သို့ ထောက်ပံ့ရန်လျာထားကြောင်း၊ အဆိုပြုလာသည့် နယ်စပ်ဖြတ်ကျော်ဆည်စီမံချက်၏ သက်ရောက်မှုများကို

လေ့လာလျက်ရှိသဖြင့် ရလဒ်ကို ဘဏ္ဍာရေးကိစ္စမဆောင်ရွက်မီ ထိုင်းလျှပ်စစ်ထုတ်လုပ်ရေး အာဏာပိုင်သို့ တင်ပြစေခြင်းသည် ပိုမိုသေချာစေကြောင်း၊ Pak Beng စီမံချက်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို ဖြန့်ဝေနိုင်ရေးဖိုရမ် ၄ ကြိမ် ကျင်းပခဲ့ကြောင်း၊ အဓိက စိုးရိမ်မှုများမှာ ဆည်ရေတက်လာပါက Wiang Kaen၊ Chiang Khong နှင့် Chiang Saen ခရိုင်များရှိ အိမ်များနှင့် စိုက်ပျိုးလယ်ယာများ ရေမြုပ်နိုင်ကြောင်း ပေးပို့စာတွင် ဖော်ပြထားသည်။

ဆည်ကြောင့် မဲခေါင်မြစ်အတွင်းရှိ ငါးများပြောင်းရွှေ့သွားလာမှုကို ဟန့်တားထားသဖြင့် ပြည်တွင်း ငါးထုတ်လုပ်ရေး ကဏ္ဍကို ထိခိုက်စေကြောင်း၊ ဆည်မှ ရေပမာဏကိုထိန်းကျောင်းနေသဖြင့် တောင်သူများ၏ စိုက်ပျိုးရေး၊ ရေချိုရေညှိ စိုက်ပျိုးရေး၊ တန်ဖိုးကြီးသီးနှံများ စိုက်ပျိုးရေးတို့တွင် အန္တရာယ်ရှိကြောင်း၊ ဆည်မှ ရေများထုတ်လွှတ်လိုက်ပါက ထိုင်းနယ်မြေရှိ ကျွန်းငယ်များအပေါ် ရေလျှံနိုင်သဖြင့် နယ်မြေဆုံးရှုံးမှုကြုံတွေ့လာနိုင်ကြောင်း၊ စီမံကိန်းဆိုင်ရာ သဘာဝပတ်ဝန်းကျင် လေ့လာချက်များသည် သတင်းအချက်အလက် အဟောင်းများပေါ်တွင် အခြေခံထားခြင်းဖြစ်ကြောင်း၊ စီမံကိန်းတည်နေရာတွင် နေထိုင်နေကြသူများကိုလည်း ရေလွှမ်းမိုးမှုကြောင့် သက်ရောက်မှုများနှင့် စပ်လျဉ်း၍ အသိပေးထားခြင်းမရှိကြောင်း၊ ရေမြင့်တက်နိုင်မှုပမာဏ၊ လူနေမှုဘဝများနှင့် စိုက်ပျိုးရေးအလုပ်များအတွက် ပျက်စီးနိုင်မှုများကိုလည်း မပြောကြားထားကြောင်း၊ ထိုင်းနိုင်ငံတွင် အရန်လျှပ်စစ်ဓာတ်အား လုံလုံလောက်လောက်ရှိသဖြင့် လျှပ်စစ်ဓာတ်အားဝယ်ယူရန် လျှာထားမှုသည် မလိုအပ်ကြောင်း၊ မဲခေါင်မြစ်ကြောင်းတစ်လျှောက် ပြည်သူများ၏ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် အသက်အိုးအိမ်ကို ထိခိုက်လာနိုင်သည်ဖြစ်၍ သန့်ရှင်းသောစွမ်းအင်ဟု မခေါ်အပ်ပါကြောင်း စာတွင်ရေးသား ဖော်ပြထားကြောင်း သိရသည်။

Source: [www.bangkokpost.com, ](http://www.bangkokpost.com)သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: [https://myantrade.gov.mm/article/Npt-180720240234](https://myantrade.gov.mm/article/Npt-180720240234)

## အာဖဂန်ကုန်သည်များသည် ပထမဆုံးအကြိမ်အဖြစ် ကြက်သွန်နီများအား ပါကစ္စတန်မှတစ်ဆင့် အိန္ဒိယသို့တင်ပို့

အာဖဂန်နစ္စတန်မှအိန္ဒိယသို့ ကြက်သွန်နီတင်ပို့သည့် လုပ်ငန်းစဉ်ကို ပထမဆုံးအကြိမ် စတင်လိုက်ပြီဖြစ်ကြောင်း Kunar ပြည်နယ်မှကုန်သည်များကပြောကြားခဲ့သည်။ ထို Afghani (AFN) ၉၁ သန်းခန့်တန်ဖိုးရှိသောကြက်သွန်နီတင်ပို့မှုသည် အိန္ဒိယနိုင်ငံသို့ တစ်လမပြည့်မီကာလအတွင်း ရောက်ရှိမည်ဖြစ်သည်။ ရှေးဦးစွာ တန်ချိန် ၈,၀၀၀ ခန့်ရှိသော ကြက်သွန်နီများအား ပထမဆုံးအကြိမ်အဖြစ် ပါကစ္စတန်မှတစ်ဆင့် အိန္ဒိယသို့ တင်ပို့ခဲ့ပြီးကြောင်း TV မှတစ်ဆင့်ထုတ်လွှင့်ပြောကြားခဲ့သည်။

ယနေ့ခေတ်တွင် ပြည်ပဈေးကွက်ဖြစ်သည့် ဈေးကွက်ကောင်းတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ပြီး တောင်သူများအပေါ် အကျိုးသက်ရောက်မှုများ ရှိလာတော့မည်ဖြစ်သည်။ သို့သော် ပိုမိုကောင်းမွန်သော မျိုးစေ့များရရှိနိုင်ရန်နှင့် ထိုအသီးအနှံများကို သိုလှောင်သိမ်းဆည်းထားနိုင်ရန်အတွက် အအေးခန်းများအား ဆောက်လုပ်ပေးရန်လိုအပ်ပြီး လမ်းပန်းဆက်သွယ်ရေး ပြဿနာများလည်းရှိသေးကြောင်း ကြက်သွန်ကုန်သည်တစ်ဦးနှင့် ကြက်သွန်စိုက် တောင်သူတစ်ဦးက ပြောကြားခဲ့သည်။

သက်ဆိုင်ရာပြည်နယ်တာဝန်ရှိသူများကလည်း ကုန်သည်များအားငင်းတို့၏ထုတ်ကုန်များကို အိမ်နီးချင်း နိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများသို့ တင်ပို့နိုင်ရန်လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများနှင့် အထောက်အကူများအား ပံ့ပိုးကူညီပေးသွားမည်ဟု အာမခံခဲ့သည်။ အစ္စလာမ်စော်ဘွားကြီး အာဖဂန်နစ္စတန်(IEA)မှ အာဏာပြန်လည်ရရှိ ပြီးနောက် အာဖဂန်နိုင်ငံ၏ ပို့ကုန်များသည် နိုင်ငံခြားဈေးကွက်သို့ တင်ပို့မှုတိုးမြင့်လာခဲ့သည်။ ပြည်ပနိုင်ငံသို့ ကြက်သွန်နီတင်ပို့မှုစတင်ခြင်းသည် အကျိုးအမြတ်များစွာရရှိလိမ့်မည်ဟု အာဖဂန်ပြည်နယ်အတွင်းရှိ တောင်သူများနှင့် ဒေသခံအချို့ကလည်း ယုံကြည်ထားကြသည်။

Source: bxecorder,  Source: https://www.doca.gov.mm

Source: [https://myantrade.gov.mm/article/naypyitaw_16072024_1037](https://myantrade.gov.mm/article/naypyitaw_16072024_1037)

## ဗီယက်နမ်နိုင်ငံသည် ပထမနှစ်ဝက်အတွင်း ပင်လယ်စာ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံရရှိ

ဗီယက်နမ်နိုင်ငံ၏ ပင်လယ်စာတင်ပို့မှုသည် ယခုနှစ်ပထမနှစ်ဝက်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံကျော် ရှိပြီး ယခင်နှစ် အလားတူကာလထက် ၇ ရာခိုင်နှုန်းနီးပါး မြင့်တက်လာခဲ့ကြောင်း ဗီယက်နမ် ပင်လယ်စာတင်ပို့သူများနှင့် ထုတ်လုပ်သူများအသင်း (VASEP) ၏ အဆိုအရ သိရသည်။

ဇွန်လတွင် ပင်လယ်စာတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၈၇၅ သန်းရှိမည်ဟု ခန့်မှန်းထားပြီး ယခင်နှစ် အလားတူကာလထက် ၁၄ ရာခိုင်နှုန်း တိုးလာခဲ့သည်။ ငါးတန်တင်ပို့မှု ၂၂ ရာခိုင်နှုန်း၊ တူနာငါး ၄၀ ရာခိုင်နှုန်း၊ ကဏန်း ၅၉ ရာခိုင်နှုန်းနှင့် ပုစွန် ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ယခုနှစ် ပထမ ၆ လတွင် ပုစွန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံကျော်ရှိပြီး တစ်နှစ် ထက်တစ်နှစ် ၇ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ကျောက်ပုစွန်တင်ပို့မှု စုစုပေါင်း အမေရိကန် ဒေါ်လာ သန်း ၁၃၀ ကျော်ရှိပြီး ၂၀၂၃ ခုနှစ် အလားတူကာလထက် ၅၇ ဆ ပိုများခဲ့သည်။ ပထမ ၆ လအတွင်း ငါးတင်ပို့မှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၉၂၂ သန်းရှိပြီး ၆ ရာခိုင်နှုန်း

နီးပါး တိုးမြင့်လာခဲ့သည်။ တူနာငါး တင်ပို့မှုသည် ၂၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄၇၇ သန်း ရှိကြောင်း ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်မှစ၍ ဗီယက်နမ်နိုင်ငံ၏ တူနာစည်သွတ်ဘူး တင်ပို့မှုသည် ၂၀၂၂ ခုနှစ်မှ စတင်ကာ ၅၁ ရာခိုင်နှုန်း တိုးလာခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၆၉ သန်း၊ ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၅၅ သန်းထိ ရောက်ရှိခဲ့သည်။ အမေရိကန်၊ EU နှင့် အစ္စရေး တို့သည် အဓိကဈေးကွက်များဖြစ်ပြီး တင်သွင်းမှု ၈၈ ရာခိုင်နှုန်း၊ ၃၅ ရာခိုင်နှုန်းနှင့် ၁၄၁ ရာခိုင်နှုန်း အသီးသီးတိုးလာကြောင်း သိရသည်။

ပွဲတော်ရာသီဝယ်လိုအားကြောင့် တတိယသုံးလပတ်နှင့် စတုတ္ထသုံးလပတ်တွင် ဗီယက်နမ်အတွက် တည်ငြိမ်သော ပင်လယ်စာတင်ပို့မှုဈေးကွက်ကို စက်မှုလက်မှုလုပ်ငန်းရှင်များက ခန့်မှန်းကြသည်။ VASEP သည် ယခုနှစ် ဒုတိယနှစ်ဝက်တွင် ပင်လယ်စာတင်ပို့မှု ၁၅ ရာခိုင်နှုန်း တိုးလာမည်ဟု ခန့်မှန်းထားပြီး အမေရိကန် ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံ ကျော်လွန်ရန် ရည်မှန်းထားသည်။ ၂၀၂၄ ခုနှစ်တွင် စုစုပေါင်း ပင်လယ်စာ တင်ပို့မှု တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ ရှိမည်ဟု ခန့်မှန်းထားကြောင်း ဖော်ပြထားသည်။ Source: The Sigon times , (စီးပွားရေးသံမှူး ၊ ဗီယက်နမ်)

Source: https://myantrade.gov.mm/article/Naypyitawstp_150720241030

## စင်ကာပူနှင့် ရှန်ဟိုင်းအကြား ဒီဂျစ်တယ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြင့်တင်ဆောင်ရွက်မည် ဖြစ်ကြောင်း သဘောတူ

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၅) ကြိမ်မြောက် စင်ကာပူ – ရှန်ဟိုင်း ဘက်စုံပူးပေါင်းဆောင်ရွက်မှုကောင်စီ (Singapore–Shanghai Comprehensive Cooperation Council–SSCCC) အစည်းအဝေးတွင် စင်ကာပူနှင့် ရှန်ဟိုင်း၊ Yangtze River Delta (YRD) ဒေသတို့အကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရန် သဘောတူခဲ့သည်။ အဆိုပါအစည်းအဝေးကို စင်ကာပူနိုင်ငံ၊ ယဉ်ကျေးမှု၊ လူမှုအဖွဲ့အစည်းနှင့် လူငယ်ရေးရာဝန်ကြီးဌာန (Ministry of Culture, Community and Youth) နှင့် ဥပဒေရေးရာဝန်ကြီးဌာန (Ministry of Law) ဝန်ကြီး Mr. Edwin Tong နှင့် ရှန်ဟိုင်းမြို့တော်ဝန် Mr. Gong Zheng တို့က ပူးတွဲသဘာပတိ အဖြစ်ဆောင်ရွက်ခဲ့သည်။

စင်ကာပူနိုင်ငံ၏ ဒီဂျစ်တယ်စီးပွားရေးမှာ ၂၀၁၇ ခုနှစ်မှစတင်၍ နှစ်စဉ် ၁၃ ရာခိုင်နှုန်း တိုးတက်လျက် ရှိပြီး ရှန်ဟိုင်း၏ ဒီဂျစ်တယ်စီးပွားရေးမှာ ၂၀၂၅ ခုနှစ်တွင် ယွမ် ၃ ထရီလီယံ အထိ ရရှိမည်ဟု မျှော်မှန်းထားသည်။ သို့ဖြစ်ရာ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဒီဂျစ်တယ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် သဘောတူခဲ့သည်။ နှစ်ဖက်အစိုးရဌာနများနှင့် ကုမ္ပဏီများအကြား အသိပညာများဖလှယ်ခြင်း၊ နည်းပညာရှင်များထိတွေ့ဆက်ဆံခြင်း၊ လုပ်ထုံးလုပ်နည်းအသစ်များ မျှဝေခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒီဂျစ်တယ် ကုန်သွယ်မှုအတွက် electronic Bills of Lading များမှတစ်ဆင့် ဒီဂျစ်တယ် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး ဆောင်ရွက်မည့် ကနဦးစီမံကိန်းများကို ထောက်ပံ့ပေးရန် သဘောတူခဲ့သည်။

ယုံကြည်စိတ်ချရသည့် စီးပွားရေးဆိုင်ရာ အချက်အလက်များမျှဝေခြင်း၊ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရန်နှင့် မူဝါဒများလေ့လာသိရှိနိုင်ရန် နှစ်နိုင်ငံအကြားအချက်အလက်စီးဆင်းမှုစနစ်အတွက် အသိပညာဖလှယ်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

“SSCCC သည်နှစ်ဖက်စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကိုမြှင့်တင်ရာတွင်အရေးပါသည့်စင်္ကြံဖြစ်ကြောင်း၊ နှစ်ဖက်အကျိုးစီးပွားဖြစ်ထွန်းစေမည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ခြင်း၊ နှစ်ဖက်အပြန်အလှန်ပညာရှင်များဖလှယ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရှန်ဟိုင်းနှင့် ပူးပေါင်းဆောင်ရွက်မှုမျိုးစုံကို သိရှိနိုင်ရန်အတွက် Enterprise Singapore၊ SSCCC တို့နှင့် အတူတကွလုပ်ငန်းဆောင်ရွက်ကြရန် စင်ကာပူ ကုမ္ပဏီများကို တိုက်တွန်းကြောင်း” ဝန်ကြီး Tong က ပြောကြားခဲ့သည်။

၅ ကြိမ်မြောက် စင်ကာပူ – ရှန်ဟိုင်းဘက်စုံပူးပေါင်းဆောင်ရွက်မှုကောင်စီ (Singapore–Shanghai Comprehensive Cooperation Council–SSCCC) အစည်းအဝေးတွင် ဒီဂျစ်တယ် စီးပွားရေး၊ မြို့ပြစီမံမှု၊ ငွေကြေးဝန်ဆောင်မှုဆိုင်ရာ သဘောတူစာချုပ် ၁၅ ခုကို လက်မှတ် ရေးထိုးခဲ့သည်။ ရင်းမြစ်။Enterprise Singapore ,
(သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_12072024_14:30

## တရုတ်မှ မျိုးရိုးဗီဇပြောင်း ပြောင်းဖူးများ၏ အန္တရာယ်များကို ထိုင်းလယ်သမားများစိုးရိမ်

တရုတ်နိုင်ငံ၏ မျိုးရိုးဗီဇပြောင်း ပြောင်းဖူးကို တိရစ္ဆာန်အစာနှင့် အီသနောထုတ်လုပ်ရာတွင် ပီလောပီနံ အစားထိုး အသုံးပြုလာနိုင်ကြောင်း ထိုင်းနိုင်ငံ၊ ကုန်သွယ်မှုမူဝါဒနှင့် မဟာဗျူဟာရုံး (Trade Policy and Strategy Office–TPSO)က လယ်သမားများနှင့် ပီလောပီနံစိုက်ပျိုးသူများအား သတိပေးထားသည်။ TPSO ၏ ညွှန်ကြားရေးမှူးချုပ်က တရုတ်နိုင်ငံသည်

ပိုးမွှားများကိုခံနိုင်ရည်ရှိသော ဗီဇပြောင်း ပြောင်းမျိုးကွဲများအား ၁၉၉၇ ခုနှစ် ကတည်းက သုတေသနပြု ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ အဆိုပါဗီဇပြောင်းသီးနှံများဘေးကင်းမှုနှင့်ထိ ရောက်မှုရှိစေရန်အတွက်လည်းစဉ်ဆက်မပြတ်ကွင်းဆင်းစမ်းသပ်မှုများဆောင်ရွက်နေကြောင်းပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ဗီဇပြောင်း ပြောင်းဖူးများကို ပြည်တွင်းဝယ်လိုအားပြည့်မီရန် မထုတ်လုပ်နိုင်သဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလကတည်းက တင်သွင်းခဲ့သည်။ နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ၁၄ ကြိမ်မြောက် ၅ နှစ်စီမံကိန်း (၂၀၂၁-၂၀၂၅) အရ စားနပ်ရိက္ခာနှင့် လယ်ယာထွက်ကုန်များ ဖူလုံရေး၊ ပိုးသတ်ဆေးသုံးစွဲမှု လျှော့ချရေးနှင့် လယ်သမားများ စိုက်ပျိုးစရိတ်လျှော့ချရေးအတွက် တရုတ်သည် ဗီဇပြောင်း ပြောင်းဖူးများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံမှ ဗီဇပြောင်း ပြောင်းဖူး ၃၇ မျိုးအား မွန်ဂိုလီးယားအတွင်းပိုင်း၊ ဂန်းဆု၊ ဟီဘေး၊ ကျိုလင်၊ လီယောင်နင်၊ ကွမ်ရှီး၊ စီချွမ်နှင့် ယူနန်ပြည်နယ်တို့တွင် စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း ၂၀၂၄ ခုနှစ် ဇန်နဝါရီက ထုတ်ပြန်ကြေညာခဲ့သည်။ ယခုနှစ်တွင် ဗီဇပြောင်း ပြောင်းစိုက်ပျိုးဧရိယာကို ရိုင် သန်းပေါင်း ၄ ဒသမ ၁၇ မှ ၆ ဒသမ ၂၅ ထိ တိုးလာမည်ဟု ခန့်မှန်းထားသည်။

တရုတ်ဗဟိုကော်မတီနှင့် နိုင်ငံတော်ကောင်စီတို့က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်နေ့က ထုတ်ပြန်ခဲ့သောကြေညာချက်အမှတ် တစ် အရ ယခုနှစ်အတွက် လယ်ယာနှင့်ကျေးလက်ဖွံ့ဖြိုးရေးမူဝါဒများတွင် ကောက်ပဲသီးနှံ အထူးသဖြင့်ပြောင်းနှင့်ပဲပိစပ် အထွက်နှုန်းမြင့်တင်ရန်၊ နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံစေရန်၊ လယ်သမားများ၏ ဘဝမြင့်တင်ရေး စက်မှုလယ်ယာစနစ်အား အရှိန်မြှင့်ရန်ဖော်ပြထားသည်။ ပြည်ပစိုက်ပျိုးရေးဝန်ဆောင်မှုဌာနအရ တရုတ်နိုင်ငံ၏ ဗီဇပြောင်း ပြောင်းစိုက်ပျိုးမှုဧရိယာသည် စုစုပေါင်း ပြောင်းစိုက်ပျိုးမှုဧရိယာ၏ တစ်ရာခိုင်နှုန်း အောက်သာရှိသော်လည်း ၂၀၂၅ ခုနှစ်မှ ၂၀၂၇ ခုနှစ်အတွင်း နှစ်စဉ်ပျမ်းမျှ ၁၀ မှ ၁၅ ရာခိုင်နှုန်းတိုးလာမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ပြောင်းသည် ထိုင်းနိုင်ငံ၏ အဓိက လယ်ယာပို့ကုန်မဟုတ်သော်လည်း တရုတ်နိုင်ငံ၏ ပြည်တွင်းဝယ်လိုအားဖြည့်ဆည်းရန် ဗီဇပြောင်း ပြောင်းများအသုံးပြုမှုသည် ထိုင်းနိုင်ငံ၏ ပီလောပီနံ တင်ပို့မှုကို ထိခိုက်နိုင်ကြောင်း၊ အကြောင်းမှာ ထိုင်းပီလောပီနံကို တရုတ်၏ တိရစ္ဆာန်အစာနှင့် အီသနောထုတ်လုပ်မှုတွင် အသုံးပြုခြင်းကြောင့်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသည် ပို့ကုန်ဈေးကွက် အနည်းငယ်ကိုသာ မှီခိုနေရမှုကို လျှော့ချသင့်ကြောင်း TPSO ညွှန်ကြားရေးမှူးချုပ်ကပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံသည် ပြောင်းတန်ချိန် ၂၇ ဒသမ ၁ သန်းဖြင့် ကမ္ဘာပေါ်တွင် ပြောင်းအများဆုံးတင်သွင်းခဲ့ကြောင်း၊ ဗီဇပြောင်း ပြောင်းဖူးအဓိကတင်ပို့သည့်နိုင်ငံများမှာ ဘရာဇီးနှင့် အမေရိကန်တို့ဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ် ကမ္ဘာ့ဗီဇပြောင်း ပြောင်းဈေးကွက်သည် တန်ဖိုးအမေရိကန်ဒေါ်လာ ၂၆၄ ဘီလီယံဖြင့် လည်ပတ်နေခဲ့ပြီး ၂၀၃၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် ဈေးကွက်အရွယ်အစား အမေရိကန် ဒေါ်လာ ၃၈၄ ဘီလီယံခန့်ရှိမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံကဲ့သို့ ဗီဇပြောင်း ပြောင်းဖူးထုတ်လုပ်သူအသစ်များကြောင့် ရောင်းလိုအား တိုးတက်လာပြီး ကမ္ဘာ့ပြောင်းဈေး ကျဆင်းနိုင်မည်ဟု မျှော်လင့်ရကြောင်း လေ့လာသုံးသပ်သူများကဆိုသည်။ Source: [www.bangkokpost.com,](http://www.bangkokpost.com) Source: ကုန်သွယ်ရေးဦးစီးဌာန၊ WTO ဌာနခွဲ

Source: https://commerce.gov.mm

Source: [https://myantrade.gov.mm/article/naypyitaw_11072024_1120](https://myantrade.gov.mm/article/naypyitaw_11072024_1120)

## အိန္ဒိယတွင် မိုးရာသီစိုက်ပျိုးဧရိယာ ဟက်တာ ၇၀၄ သိန်းအထိမြင့်တက်လာပြီး ပဲမျိုးစုံစိုက်ပျိုးဧရိယာ တိုးလာသော်လည်း ဝါစိုက်ပျိုးမှုကျဆင်း

ယခုနှစ် မိုးရာသီအတွင်း အိန္ဒိယနိုင်ငံ၏စုစုပေါင်းစိုက်ပျိုးဧရိယာမှာ ဟက်တာ ၇၀၄ သိန်းကျော်သွားပြီဖြစ်ကြောင်း၊ ယင်းသည် ပြီးခဲ့သည့်ရာသီတွင် စိုက်ပျိုးခဲ့သည့် ဟက်တာ ၆၈၀ ဒသမ ၃၆ သိန်းမှ သိသိသာသာ မြင့်တက်လာခြင်းဖြစ်သည်ဟု စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများလူမှုဖူလုံရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော အချက်အလက်များတွင် အဓိကဖော်ပြထားကြောင်း သိရသည်။

ယင်းကိန်းဂဏန်းအချက်အလက်များအရ စပါးသီးနှံသည် ယခင်နှစ်က ဟက်တာ ၁၅၅ ဒသမ ၆၅ သိန်းမှ ယခုနှစ်ရာသီတွင် ဟက်တာ ၁၆၆ ဒသမ ၀၆ သိန်းအထိ တိုးမြှင့်စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယင်းတိုးလာမှုသည် အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် စပါး၏ဆက်လက်ထင်ရှားမှုကို ပြသနေကြောင်း ဖော်ပြထားသည်။

ပဲမျိုးစုံစိုက်ပျိုးမှုသည်လည်း သိသိသာသာမြင့်တက်လာခဲ့ပြီး ယခုနှစ်တွင် ပဲမျိုးစုံဟက်တာ ၈၅ ဒသမ ၇၉ သိန်း စိုက်ပျိုးထားကာ ယခင်ရာသီက စိုက်ပျိုးမှုဟက်တာ ၇၀ ဒသမ ၁၄ သိန်းထက် သိသိသာသာ တိုးလာခဲ့ ကြောင်း၊ အဓိကပဲသီးနှံဖြစ်သည့် ပဲစင်းငုံစိုက်ပျိုးမှုသည် အထူးသိသာထင်ရှားစွာမြင့်တက်လာခဲ့ပြီး ယမန်နှစ်က ဟက်တာ ၁၉ ဒသမ ၃၄ သိန်းသာစိုက်ပျိုးရာမှ ယခုနှစ်တွင် ဟက်တာ ၃၃ ဒသမ ၄၈ သိန်းအထိ တိုးမြှင့် စိုက်ပျိုး ထားကြောင်း၊ ဤသည်မှာ စားနပ်ရိက္ခာဖူလုံရေး၊ သွင်းကုန်

လျှော့ချရန်နှင့် ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းပေးရန်အတွက် ပဲစိုက်ပျိုးမှုအပေါ် အလေးထားမှုကြီးထွားလာမှုကို ထင်ဟပ်စေကြောင်း ဖော်ပြထားသည်။

ကိန်းဂဏန်းအချက်အလက်များအရ ဆီထွက်သီးနှံစိုက်ပျိုးမှုမှာလည်း မြင့်တက်လာပြီး ယခင်ရာသီက ဟက်တာ ၁၅၀ ဒသမ ၉၁ သိန်းသာရှိရာမှ ယခုနှစ်တွင် ဟက်တာ ၁၆၃ ဒသမ ၁၁ သိန်းအထိတိုးလာကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးမှုတွင် ပဲပုပ်စိုက်ပျိုးမှုကျဆင်းလာသော်လည်း မြေပဲစိုက်ဧရိယာတိုးလာခဲ့ကြောင်း၊ ယင်းသို့ သီးနှံများပြောင်းလဲစိုက်ပျိုးမှုသည် လယ်သမား၏ကြိုက်နှစ်သက်မှု(သို့မဟုတ်) ဈေးကွက်အခြေအနေများက သီးနှံရွေးချယ်မှုအပေါ်သက်ရောက်မှုရှိသည်ကို ညွှန်ပြနေကြောင်း ဖော်ပြထားသည်။

တစ်ချိန်တည်းတွင် ကြံစိုက်ဧရိယာမှာမူ တည်ငြိမ်လျက်ရှိကြောင်း၊ ယခုရာသီတွင် ကြံစိုက်ဧက ၅၇ ဒသမ ၆၈ သိန်း စိုက်ပျိုးထားပြီး ယခင်နှစ် ကိန်းဂဏန်းများထက် အနည်းငယ်သာပြောင်းလဲမှုရှိကြောင်း၊ ဤတည်ငြိမ်မှုသည် ကြံအတွက် တည်ငြိမ်သောဝယ်လိုအားနှင့် တစ်သမတ်တည်းထုတ်လုပ်နိုင်မှုအဆင့်ကို ညွှန်ပြနေကြောင်း ဖော်ပြထားသည်။

သို့ရာတွင် ဝါစိုက်ပျိုးမှုသည် ယခုရာသီတွင် လျော့နည်းသွားသည်ကို တွေ့ရှိရကြောင်း၊ ယမန်နှစ်က ဟက်တာ ၁၀၅ ဒသမ ၆၆ သိန်းစိုက်ပျိုးခဲ့ရာမှ ယခုနှစ်တွင် ဟက်တာ ၁၀၂ ဒသမ ၀၅ သိန်းသို့ လျော့ကျသွားခဲ့ကြောင်းသိရသည်။

ယေဘုယျအားဖြင့် ဝန်ကြီးဌာန၏ အချက်အလက်များသည် မိုးရာသီအတွင်း လယ်သမားများ၏ စိုက်ပျိုးရေး အလေ့အထနှင့် သီးနှံရွေးချယ်မှုအပြောင်းအလဲများကို အလေးထားဖော်ပြထားကြောင်း၊ စပါး၊ ပဲမျိုးစုံ နှင့်ဆီထွက်သီးနှံ စိုက်ဧရိယာများ တိုးလာခြင်းသည် အဆိုပါသီးနှံများအတွက် အပြုသဘောဆောင်သော အလားအလာကိုညွှန်ပြနေကြောင်းနှင့် ဝန်ကြီးဌာနမှ ဖော်ပြထားသည့် အချက်အလက်များသည် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့အထိဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံ၏ ယခုနှစ် မိုးရာသီစိုက်ပျိုးမှုတွင် မြန်မာနိုင်ငံမှ အဓိကတင်ပို့နေသည့် ပဲတစ်မျိုးဖြစ်သည့် ပဲစင်းငုံအား သိသိသာသာတိုးမြှင့်စိုက်ပျိုးထားရှိသည်။

Source: Kharif crop sown area soars to over 704 lakh hectares, pulses area increases, cotton declines, The Economic Times, July 20, 2024. , (မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_23072024_12:147

## ဗီယက်နမ်နိုင်ငံမှ ကျွဲကောသီးများအား တောင်ကိုရီးယားသို့ တင်ပို့သွားမည်

တောင်ကိုရီးယားနိုင်ငံသည် ဗီယက်နမ်မှ ကျွဲကောသီးများကို ဈေးကွက်အတွင်း တင်ပို့ရန် သဘောတူညီခဲ့ကြောင်း VNA အွန်လိုင်းသတင်း ဖော်ပြချက်အရသိရသည်။ The Tiền Phong (Vanguard) သတင်းစာက စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဝန်ကြီးဌာန လက်အောက်ရှိ အပင်ကာကွယ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ Nguyễn Quang Hiếu ၏ ပြောကြားချက်ကို ကိုးကားပြီး ဗီယက်နမ်နှင့် တောင်ကိုရီးယားတို့သည် ဇူလိုင်လတွင် ညှိနှိုင်းမှုများ အပြီးသတ်နိုင်မည်ဖြစ်ပြီး ဗီယက်နမ်မှ ကျွဲကောသီးများ တောင်ကိုရီးယားသို့ တင်ပို့ခွင့်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

လူဦးရေ သန်း ၅၀ ရှိသော တောင်ကိုရီးယားသည် ဗီယက်နမ်ကျွဲကောအတွက် အလားအလာရှိသော ဈေးကွက်တစ်ခုဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံတွင် လက်ရှိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျွဲကောသီးစိုက်ပျိုးမှု ဟက်တာ ၁၀၅,၄၀၀ ရှိပြီး ဒေသတစ်ခုစီအတွက် ကျွဲကောသီးမျိုးကွဲအမျိုးမျိုးအား တန်ချိန် ၉၀၅,၀၀၀ နီးပါး ရရှိနိုင်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံမှလတ်ဆတ်သည့်ကျွဲကောသီးများကို နိုင်ငံနှင့်နယ်မြေ ၁၂ ခုသို့ တင်ပို့ခဲ့ပြီး မကြာသေးမီက ဗီယက်နမ်ကျွဲကောသည် အမေရိကန်နှင့် နယူးဇီလန်ဈေးကွက်များသို့ တရားဝင် “တင်ပို့ခွင့်ဗီဇာ” ရရှိခဲ့သည်။

အဆိုပါသစ်သီးတင်ပို့ခြင်းက ပြီးခဲ့သည့်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၄၅ သန်း ဝင်ငွေရရှိခဲ့ပြီး လာမည့်နှစ်တွင် ဗီယက်နမ်ကျွဲကောကို ဩစတြေးလျဈေးကွက်သို့ တရားဝင်တင်ပို့နိုင်မည်ဟု အပင်ကာကွယ်ရေးဌာနက မျှော်လင့်ထားကြောင်းဖြင့် ဖော်ပြထားသည်။ Source: Vietnam News Agency , (စီးပွားရေးသံမှူး ၊ ဗီယက်နမ်)

Source: https://myantrade.gov.mm/article/Naypyitawstp_230720241105

## တရုတ်နှင့် အာဆီယံနိုင်ငံများသည် ဒူးရင်းသီးစိုက်ပျိုးမှုအတွက် သိပ္ပံနည်းပညာဆန်းသစ်တီထွင်မှု မဟာမိတ်အဖွဲ့ကို ထူထောင်ခဲ့

တရုတ်နိုင်ငံ၊ Hainan Academy of Agricultural Sciences (HNAAS) နှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများရှိ ဒူးရင်းသီးစိုက်ပျိုးထုတ်လုပ်သည့်အသင်းများအကြား မဟာမိတ်ဖွဲ့ခြင်းဖြင့် ဒူးရင်းလုပ်ငန်းတွင် သိပ္ပံနည်းပညာ ဆန်းသစ်တီထွင်မှုနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခဲ့ကြောင်း သိရသည်။

China-ASEAN Durian Science and Technology Innovation Alliance သည် ပွင့်လင်း၍ အားလုံးပါဝင်ပြီး အပြန်အလှန်အကျိုးရှိသော သိပ္ပံနည်းပညာဆန်းသစ်တီထွင်မှု ပလက်ဖောင်းကို တည်ထောင်ရန်နှင့် ဒူးရင်းသီးစိုက်ပျိုးခြင်းနည်းပညာ၊ ဒူးရင်းသီးမျိုး အရည်အသွေးမြှင့်တင်မှုနည်းပညာ၊ ထုတ်လုပ်မှုနည်းပညာနှင့် စက်မှုကွင်းဆက်ဆန်းသစ် တီထွင်မှုတို့တွင် တရုတ်နှင့်အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

တရုတ်နိုင်ငံတောင်ပိုင်း၊ ဟိုင်နန်ပြည်နယ် Sanya တွင် ဇူလိုင်လ ၁၉ ရက်နေ့မှ ၂၁ ရက် နေ့အထိ ကျင်းပ ခဲ့သည့် ၂၀၂၄ ခုနှစ် တရုတ်-အာဆီယံဒူးရင်းသီးလုပ်ငန်းနှီးနှောဖလှယ်ပွဲ၌မဟာမိတ်အဖွဲ့ကိုဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမဟာမိတ်အဖွဲ့သည် တရုတ်နှင့်အာဆီယံနိုင်ငံများအကြား ဒေသတွင်းစက်မှုကွင်းဆက်၏ အားသာချက်များကို အသုံးချနိုင်စေရန်နှင့် သုတေသနနှင့်ဆန်းသစ်တီထွင်မှု၊ ထုတ်လုပ်မှု၊ ဝန်ထမ်းများလေ့ကျင့်သင်ကြားမှုနှင့် ဈေးကွက်မြှင့်တင်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရန် ကူညီသွားမည်ဖြစ်ကြောင်း HNAAS ၏ အတွင်းရေးမှူး Liu Zuokai က ပြောကြားခဲ့ကြောင်း သိရသည်။

ဟိုင်နန်ပြည်နယ်သည် ၂၀၁၉ ခုနှစ်တွင် ဒူးရင်းပင်များကို အများအပြားစမ်းသပ်စိုက်ပျိုးခဲ့ပြီး ပြည်တွင်း၌ စိုက်ပျိုးထားသောဒူးရင်းသီးများကို ပထမအသုတ်အဖြစ် ခူးဆွတ်ခဲ့ရာ ၂၀၂၃ ခုနှစ်တွင် Sanya မြို့၏ ဒူးရင်းသီး ထွက်ရှိမှုသည် တန်ချိန် ၅၀ ခန့်အထိရှိခဲ့ကြောင်း၊ ယခုနှစ်တွင် ဟိုင်နန်ပြည်နယ်တွင် ဒူးရင်းစိုက်ဧရိယာ ၂,၆၆၇ ဟက်တာခန့်အထိ များပြားလာပြီး အထွက်နှုန်းမှာ တန်ချိန် ၂၅၀ ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

Source: https://english.news.cn/20240722/b044255dff3f4422b1effbba32e0fe5b/c.html

(စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp-230720241000

## တရုတ်နိုင်ငံသည် ဂျပန်ကို ကျော်တက်၍ အာရှတွင် ထောပတ်သီး အများဆုံးတင်သွင်းသူဖြစ်လာ

စိုက်ပျိုးရေးကဏ္ဍအတွက် အဓိကဘဏ္ဍာရေးအရင်းအမြစ်ဖြစ်သည့် နိုင်ငံတကာအခြေစိုက် နယ်သာလန်ဘဏ် Rabobank ၏ မကြာသေးမီက ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ မြောက်အမေရိကနှင့်ဥရောပတို့သည် ကမ္ဘာ့ထောပတ်သီး တင်သွင်းမှု၏ ၈၈ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားကြောင်း၊ အာရှနိုင်ငံများ၏ ထောပတ်သီးတင်သွင်းမှုသည် လျင်မြန်စွာတိုးတက်လာ၍ ၂၀၂၃ ခုနှစ်တွင် တန်ချိန် ၁၈၄,၀၀၀ အထိ ရောက်ရှိလာပြီး ၂၉ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ဂျပန်နိုင်ငံကိုကျော်တက်၍ အာရှ၏ ထောပတ်သီးတင်သွင်းမှုအများဆုံးနိုင်ငံ ဖြစ်လာခဲ့ကြောင်း သိရသည်။

၂၀၁၄ ခုနှစ်မတိုင်မီက တရုတ်နိုင်ငံ၏ ထောပတ်သီးတင်သွင်းမှုသည် မပြောပလောက်သည့် ပမာဏသာ ရှိခဲ့သော်လည်း ၂၀၁၈ ခုနှစ်တွင် တန်ချိန် ၄၀,၀၀၀ အထိ လျင်မြန်စွာ တိုးတက်လာခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ထောပတ်သီးတင်သွင်းမှုသည် တန်ချိန် ၄၁,၀၀၀ မှ တန်ချိန် ၆၆,၀၀၀ အထိ မြင့်တက်လာပြီး၊ သွင်းကုန် ၆၁ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း၊ တစ်ချိန်တည်းတွင် အာရှ၌ ယခင်က ထောပတ်သီးတင်သွင်းမှု အများဆုံးနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ထောပတ်သီးတန်ချိန် ၆၂,၀၀၀ တင်သွင်းခဲ့ကြောင်း သိရသည်။

International Trade Center မှ အချက်အလက်များအရ ပီရူးသည် တရုတ်နိုင်ငံသို့ ထောပတ်သီးအများဆုံးတင်ပို့ရောင်းချသူဖြစ်၍ ၂၀၂၃ ခုနှစ်တွင် တင်ပို့မှု တန်ချိန် ၅၀,၀၀၀ အထိရောက်ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်ထက် ၇၉ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း၊ ပီရူးသည် တရုတ်နိုင်ငံရှိ ထောပတ်သီးဈေးကွက်ဝေစု၏ ၇၆ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပြီး ချီလီက ၁၂ ရာခိုင်နှုန်းနှင့် ကင်ညာက ၆ ဒသမ ၆ ရာခိုင်နှုန်း ပိုင်ဆိုင်ထားကြောင်း၊ မက္ကဆီကိုနိုင်ငံသည် အစောပိုင်းတွင် တရုတ်နိုင်ငံသို့ ထောပတ်သီး တင်ပို့မှု၌ ထိပ်တန်းနိုင်ငံဖြစ်ခဲ့သော်လည်း ၎င်း၏ တင်ပို့မှုပမာဏသည် တစ်နှစ်ထက်တစ်နှစ် ကျဆင်းလာခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် တင်ပို့ခဲ့သည့် တန်ချိန် ၂,၀၀၀ သည် ဈေးကွက်ဝေစု၏ ၃ ဒသမ ၁ ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။

ကင်ညာသည် ၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ထောပတ်သီးများ စတင်တင်ပို့ခဲ့ပြီး ပထမနှစ်တွင် တန်ချိန် ၄၄၄ သာ တင်ပို့ခဲ့သော်လည်း ၂၀၂၃ ခုနှစ်တွင် တန်ချိန် ၄,၃၄၂ အထိ တစ်ဟုန်ထိုးမြင့်တက်လာခဲ့ပြီး အနာဂတ်တွင် ပိုမိုကြီးမားသော ဈေးကွက်ဝေစုရရှိရန် အလားအလာများရှိနေကြောင်းသိရသည်။

အာရှရှိ လူတစ်ဦးချင်း၏ ထောပတ်သီးစားသုံးမှုသည် သုည ဒသမ ၀၅ ကီလိုဂရမ်အောက်ဖြစ်ပြီး ဥရောပရှိ လူတစ်ဦးချင်း၏ ထောပတ်သီးစားသုံးမှု ၁ ဒသမ ၆ ကီလိုဂရမ်နှင့် အမေရိကန်ရှိ လူတစ်ဦးချင်း၏ ထောပတ်သီး စားသုံးမှု ၃ ဒသမ ၅ ကီလိုဂရမ်ထက် သိသိသာသာလျော့နည်းကြောင်း Rabobank အစီရင်ခံစာက ဖော်ပြထားကြောင်း၊ သို့သော်လည်း အာရှရှိ စားသုံးသူများသည် ထောပတ်သီးနှင့် ပိုမိုရင်းနှီးကျွမ်းဝင်လာခြင်းကြောင့် ဒေသတွင်းဈေးကွက်အလားအလာမှာ အလွန်ကြီးမားကြောင်း သိရသည်။

ကမ္ဘာ့စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့မှ ထုတ်ပြန်သော OECD-FAO Agricultural Outlook 2024-2033 အစီရင်ခံစာတွင် အပူပိုင်းအသီးအနှံများအနက် ထောပတ်သီးသည် ထုတ်လုပ်မှုပမာဏ အနိမ့်ဆုံးဖြစ်သော်လည်း ပြီးခဲ့သည့်ဆယ်စုနှစ်များအတွင်း အလျင်မြန်ဆုံးတိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့အရှိန်အဟုန်ဖြင့်တိုးတက်လာမှုသည် ဆက်လက်တည်ရှိနေမည်ဟု မျှော်လင့်ရကြောင်း သိရသည်။

ကမ္ဘာ့ဝယ်လိုအား မြင့်တက်လာခြင်း၊ တစ်ဟက်တာမှ ပြန်လည်ရရှိသည့် အကျိုးအမြတ်များပြားခြင်းနှင့် ပို့ကုန်ဈေးနှုန်းမှအမြတ်ရရှိခြင်းများသည် ထောပတ်သီးအဓိက ထုတ်လုပ်သည့်နိုင်ငံများနှင့် ထောပတ်သီးစတင် စိုက်ပျိုးသည့်နိုင်ငံများအားလုံးကို စိုက်ပျိုးဧရိယာများတိုးချဲ့ရန်တွန်းအားဖြစ်စေမည်ဟု မျှော်လင့်ထားကြောင်း၊ ၂၀၃၃ ခုနှစ်တွင် ထောပတ်သီးထုတ်လုပ်မှုသည် တန်ချိန် ၁၄ သန်းအထိရောက်ရှိမည်ဖြစ်ပြီး နှစ်စဉ်တိုးတက်မှု နှုန်း ၃ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဖြစ်၍ ၂၀၂၃ ခုနှစ်တွင် ထုတ်လုပ်ခဲ့သည့် ပမာဏထက် သုံးဆပိုများလာမည် ဖြစ်ကြောင်း သိရသည်။

ထောပတ်သီးထုတ်လုပ်မှုသည် အရှိန်အဟုန်ဖြင့်တိုးတက်နေသော်လည်း ဒေသနှင့်နိုင်ငံအနည်းငယ်တွင်သာ တည်ရှိနေနိုင်ဖွယ်ရှိကြောင်း၊ မက္ကဆီကို၊ ကိုလံဘီယာ၊ ပီရူးနှင့် ဒိုမီနီကန်သမ္မတနိုင်ငံတို့သည် လာမည့် ဆယ်စုနှစ်အတွင်း ထောပတ်သီးထုတ်လုပ်မှု သိသိသာသာတိုးလာမည်ဟုမျှော်လင့်ရပြီး ၂၀၃၃ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းခန့် ရှိမည်ဟု တွက်ချက်ထားကြောင်း သိရသည်။

ထောပတ်သီးသည် နာနတ်သီးနှင့်သရက်သီးတို့ကို ကျော်လွန်၍ အစောဆုံးအဖြစ် ၂၀၂၅ ခုနှစ်တွင် ကုန်သွယ်မှုတန်ဖိုးအမြင့်ဆုံးဖြစ်လာမည့် အလားအလာရှိကြောင်း၊ ကမ္ဘာ့ပို့ကုန်ပမာဏသည် ၂၀၃၃ ခုနှစ်တွင် တန်ချိန် ၄ ဒသမ ၃ သန်းအထိရောက်ရှိ၍ ကမ္ဘာ့ပို့ကုန်တန်ဖိုးသည် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄ ဘီလီယံအထိ ရောက်ရှိမည်ဟု ခန့်မှန်းထားပြီး ထောပတ်သီးများသည် တန်ဖိုးအရှိဆုံး အသီးအနှံများအနက်မှ တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

အခြားထောပတ်သီးတင်ပို့သည့်နိုင်ငံများထံမှ ပြိုင်ဆိုင်မှုတိုးလာသော်လည်း မက္ကဆီကိုသည် ၂၀၃၃ ခုနှစ် တွင် ကမ္ဘာ့ဈေးကွက်ဝေစု၏ ၅၃ ရာခိုင်နှုန်းဖြင့် ကမ္ဘာ့အကြီးဆုံး ထောပတ်သီးတင်ပို့သူအဖြစ် ရပ်တည်နိုင်မည်ဟု မျှော်လင့်ရကြောင်း၊ လာမည့်ဆယ်စုနှစ်အတွင်း အမေရိကန်၏ စဉ်ဆက်မပြတ် ဝယ်လိုအားကြောင့် မက္ကဆီကို၏ ထောပတ်သီးထုတ်လုပ်မှုသည် နှစ်စဉ်တိုးတက်မှုနှုန်း ၃ ဒသမ ၆ ရာခိုင်နှုန်းရှိမည်ဟု မျှော်မှန်းထားကြောင်း၊ ထောပတ်သီး ဒုတိယအများဆုံးတင်ပို့သည့် ပီရူးသည် အဓိကအားဖြင့် ဥရောပသမဂ္ဂမှ ကြီးထွားလာသော ဝယ်လိုအားကြောင့် ကမ္ဘာ့ပို့ကုန် ဈေးကွက်ဝေစု၏ ၂၅ ရာခိုင်နှုန်း ခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ထောပတ်သီး၏ ကျန်းမာရေးအကျိုးကျေးဇူးများကြောင့် အမေရိကန်နှင့် ဥရောပသမဂ္ဂတို့သည် ထောပတ်သီး အဓိက တင်သွင်းသည့် ဈေးကွက်များအဖြစ် ဆက်ရှိနေမည်ဖြစ်ပြီး ၂၀၃၃ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာတင်သွင်းမှု၏ ၄၆ ရာခိုင်နှုန်းနှင့် ၂၅ ရာခိုင်နှုန်းအသီးသီးရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ဗြိတိန်၊ ကနေဒါ၊ တရုတ် နှင့် အရှေ့အလယ်ပိုင်း နိုင်ငံများ၌လည်း ဝင်ငွေတိုးခြင်းနှင့် စားသုံးသူများ၏ ကြိုက်နှစ်သက်မှု ပြောင်းလဲလာခြင်းတို့ကြောင့် ထောပတ်သီးတင်သွင်းမှု သိသိသာသာ တိုးလာမည်ဟု ခန့်မှန်းထားကြောင်း၊ ထို့ပြင် ထောပတ်သီး ထုတ်လုပ်သည့်နိုင်ငံအများစုတွင် အထူးသဖြင့် ကိုလံဘီယာ၊ ဒိုမီနီကန်သမ္မတနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဝင်ငွေတိုးလာသဖြင့် လူတစ်ဦးချင်းထောပတ်သီးစားသုံးမှု တိုးလာမည်ဟု မျှော်မှန်းထားကြောင်းလည်း သိရသည်။

တရုတ်နိုင်ငံ၏ ထောပတ်သီးစားသုံးမှုသည် တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာလျက်ရှိပြီး စားသုံးသူအများစုသည် ထောပတ်သီး၏ ကျန်းမာရေး အကျိုးကျေးဇူးများကို ပိုမိုနားလည်လာသဖြင့် ဝယ်လိုအားပိုမိုတိုးတက်လာမည်ဖြစ်၍ မြန်မာ့ထောပတ်သီးအတွက် အလားအလာ အလွန်ကောင်းသည့် ဈေးကွက်ကြီးဖြစ်ရာ ဈေးကွက်ဝင်ရောက်ခွင့် ဆောလျင်စွာရရှိစေရန် တွန်းအားပေးဆောင်ရွက်သင့်သည်။

Source: https://www.producereport.com/article/china-overtakes-japan-asias-largest-avocado-importer

(စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp-230720240950

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ စန္ဒာဘန်ပျားရည်အား ပထဝီဝင်အညွှန်းကိန်းဆိုင်ရာ(GI )ထုတ်ကုန်အဖြစ် မှတ်ပုံ တင်ထားခဲ့

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စန္ဒာဘန်ပျားရည်အား ဘင်္ဂလားဒေ့ရှ်၏ ပထဝီဝင်အညွှန်းကိန်းဆိုင်ရာ(GI) ထုတ်ကုန်အဖြစ် မှတ်ပုံတင်ထားကြောင်း ဘင်္ဂလားဒေ့ရှ်၊ စက်မှုဝန်ကြီးဌာနအောက်ရှိ မူပိုင်ခွင့် ၊ ဒီဇိုင်းနှင့် ကုန်အမှတ်တံဆိပ် ဌာန (DPDT) က ဇွန်လ ၃၀ ရက်နေ့ထုတ်ပြန်ခဲ့သည်။

ဘာဂါဟတ် (Bagerhat) ခရိုင်အုပ်ချုပ်ရေးမှူး၏ လျှောက်လွှာအပေါ် သုံးသပ်ချက်များပါဝင်သော မှတ်တမ်းကို ဘင်္ဂလားဒေ့ရှ် အစိုးရသတင်းစာ (BG Press) သို့ပေးပို့ထားပြီး သတင်းစာထုတ်ဝေသည့် နေ့မှစ၍ နှစ်လအတွင်း ကန့်ကွက်မှု

မရှိပါက စန္ဒာဘန်ပျားရည်ကို ဘင်္ဂလားဒေ့ရှ်၏ ပထဝီဝင် အညွှန်းကိန်းဆိုင်ရာ (GI) ထုတ်ကုန်အဖြစ် မှတ်ပုံတင်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် အတွင်းကလည်း စန္ဒာဘန်ပျားရည်ကို ပထဝီဝင်အညွှန်းကိန်းဆိုင်ရာ(GI)ထုတ်ကုန်အဖြစ် မှတ်ပုံတင်ရန် ဘာဂါဟတ်ခရိုင်၊ ဒုတိယကော်မရှင်နာက လျှောက်လွှာတင်သွင်းခဲ့သော်လည်း မူပိုင်ခွင့်၊ ဒီဇိုင်းနှင့် ကုန်အမှတ်တံဆိပ်ဌာန (DPDT) က လျှောက်လွှာစစ်ဆေးနေစဉ် အချက်အလက်များ ထပ်မံတောင်းဆိုခဲ့သဖြင့် ဘင်္ဂလားဒေ့ရှ် စံချိန်စံညွှန်းနှင့် စမ်းသပ်စစ်ဆေးမှုအဖွဲ့မှ ပျားရည်၏ အာဟာရအရည်အသွေးအပေါ် စမ်းသပ်မှု အစီရင်ခံစာကို DPDT သို့ တင်ပြခဲ့ရသည်။

Source: https://www.bssnews.net, Source: ကုန်သွယ်ရေးဦးစီးဌာန၊ WTO ဌာနခွဲ,Source: https://commerce.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_25072024_948

## ထိုင်းနိုင်ငံရှိ လျှပ်စစ်မော်တော်ကား ထုတ်လုပ်သည့် တရုတ်ကုမ္ပဏီများအား ထိုင်းပြည်တွင်းထုတ် မော်တော်ကားအစိတ်အပိုင်းများကိုအသုံးပြုရန် စက်မှုဝန်ကြီးဌာနကတောင်းဆိုခဲ့ခြင်း

ထိုင်းနိုင်ငံရှိ မော်တော်ကား ထောက်ပံ့မှုကွင်းဆက်ကို အထောက်အကူပြုရန်အလို့ငှာ မော်တော်ကားအစိတ်အပိုင်းများ၏ ၄၀ ရာခိုင်နှုန်းကို ပြည်တွင်းထုတ်အစိတ်အပိုင်းများအား အသုံးပြုပေးရန် လျှပ်စစ်မော်တော်ကားထုတ်လုပ်သည့် တရုတ်ကုမ္ပဏီများအား စက်မှုဝန်ကြီးဌာနက တောင်းဆိုခဲ့ကြောင်း သိရသည်။

အမြင့်ဆုံးအနေဖြင့် သတ်မှတ်ထားသည့် ၄၀ ရာခိုင်နှုန်းကို ဝယ်ယူသွားမည်ဖြစ်ကြောင်း GAC Aio က ကတိပြုပြီးဖြစ်ကြောင်း၊ အတွင်းလောင်ကျွမ်းအင်ဂျင်ဒီဇိုင်းများနှင့် အကျွမ်းတဝင်ရှိသော ထိုင်းမော်တော်ကား အစိတ်အပိုင်းထုတ်လုပ်သူများသည် မော်တော်ကားထုတ်လုပ်သူများ၏ ထောက်ပံ့မှုလိုအပ်နေသေးကြောင်း၊ ထိုင်းနိုင်ငံထုတ် မော်တော်ကားအစိတ်အပိုင်းများကို အသုံးပြုရန် GAC အပါအဝင် တရုတ်မော်တော်ကား ထုတ်လုပ်သူများနှင့် ဆွေးနွေးထားကြောင်း၊ ထိုင်း မော်တော်ကား စက်မှုဖွံ့ဖြိုးရေးအတွက် လျှပ်စစ်မော်တော်ကား နည်းပညာများ မျှဝေပေးရန်ဆွေးနွေးထားပြီးဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E Ms. Pimphattra Wichaikul က ပြောကြားခဲ့သည်။

လျှပ်စစ်မော်တော်ကား ထုတ်လုပ်သည့် တရုတ်ကုမ္ပဏီများသည် ၎င်းတို့ မော်တော်ကားများအတွက် လိုအပ်သော အစိတ်အပိုင်းများကို တရုတ်ထုတ်လုပ်သူများထံမှဝယ်ယူ၍ ကိုယ်ပိုင်ထောက်ပံ့မှုကွင်းဆက်ဖန်တီးလာမည်ကို စိုးရိမ်သောကြောင့် ပြည်တွင်းမော်တော်ကားအစိတ်အပိုင်း ထုတ်လုပ်သူများကို ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားနိုင်ရေးအတွက် ပြောင်းလဲလာသည့်နည်းပညာများကို လျင်လျင်မြန်မြန်လက်ခံစေလိုကြောင်း၊ ပြည်တွင်းထုတ်မော်တော်ကားအစိတ်အပိုင်းများအသုံးပြုရေးကို တရုတ်ကုမ္ပဏီတော်တော်များများကလက်ခံကြကြောင်း၊ Chan gan Automobile က ထိုင်းနိုင်ငံတွင် ဘတ် ၁၀ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး ပြည်တွင်းမှပါဝင်ပစ္စည်းကို ၆၀ ရာခိုင်နှုန်းထိ သုံးစွဲသွားရန်နှင့် အနာဂတ်တွင် ၉၀ ရာခိုင်နှုန်းထိ တိုးမြှင့်သုံးစွဲသွားမည်ဟု ကတိပြုခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် Mr. Narit Therdsteer-asukd က ဖြည့်စွက်ပြောကြားသည်။

Neta က မော်တော်ကား အစိတ်အပိုင်းများ၏ ၆၀ ရာခိုင်နှုန်းကို ထိုင်းအခြေစိုက် ကုမ္ပဏီ ၁၆ ခုမှ ဝယ်ယူသွားမည်ဖြစ်ပြီး ကာလရှည်တွင် ၈၅ ရာခိုင်နှုန်းထိ တိုးမြှင့်ဝယ်ယူသွားမည်ဖြစ်ကြောင်း၊ Great Wall Motor က ၈၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းကြား ဝယ်ယူသွားမည်ဖြစ်ကြောင်း၊ ဘုတ်အဖွဲ့အနေဖြင့် လျှပ်စစ်မော်တော်ကား စက်မှုတိုးတက်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမက်လုံးပေးအစီအစဉ်များဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်နေခြင်းကြောင့်အတွင်းပိုင်းလောင်ကျွမ်းအင်ဂျင်ထုတ်လုပ်သူများကို ချန်ထားခဲ့ခြင်းမဟုတ်ကြောင်း၊ အစိုးရအနေဖြင့် အတွင်းပိုင်းလောင်ကျွမ်းအင်ဂျင်ထုတ်လုပ်သူများ၊ နှစ်မျိုးသုံး လျှပ်စစ်မော်တော်ကားထုတ်လုပ်သူများနှင့် ပလပ်ပေါက်ထိုးနှစ်မျိုးသုံးလျှပ်စစ်မော်တော်ကား ထုတ်လုပ်သူများကဲ့သို့သော ထိုင်းနိုင်ငံအတွင်းရှိ ထုတ်လုပ်သူများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီး H.E Ms. Pimphattra က ဖြည့်စွက် ပြောကြားခဲ့သည်။ Source: www.bangkokpost.com ,
သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: https://myantrade.gov.mm/article/Npt-240720241030

## အင်ဒိုနီးရှားနိုင်ငံသည် အဝတ်အထည်နှင့် ကြွေထည်ပစ္စည်းများအပေါ် အခွန် ၁၀၀ ရာခိုင်နှုန်းမှ ၂၀၀ ရာခိုင်နှုန်းအထိ စည်းကြပ်ကောက်ခံမည်

အင်ဒိုနီးရှားနိုင်ငံသည် ပြည်တွင်းစက်မှုလုပ်ငန်းများကိုကာကွယ်ရန် ဖိနပ်မှစ၍ ကြွေထည်ပစ္စည်းများအထိ သွင်းကုန်များအပေါ် ၁၀၀ ရာခိုင်နှုန်းမှ ၂၀၀ ရာခိုင်နှုန်းအထိ အခွန်စည်းကြပ်မည်ဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးကပြောကြားခဲ့သည်။

အရှေ့တောင်အာရှ၏ ထိပ်တန်းစီးပွားရေးနိုင်ငံဖြစ်သော အင်ဒိုနီးရှားသည် စားသောက်ကုန်မှစ၍ လျှပ်စစ်ပစ္စည်းများ၊ ဓာတုပစ္စည်းများအထိ သွင်းကုန်အမည် ၃၀၀၀ ကျော်အပေါ် စောင့်ကြည့်ရန်နှင့်တင်းကြပ်ရန် စည်းမျဉ်းတစ်ခု ပြီးခဲ့သည့်နှစ် နှောင်းပိုင်းကထုတ်ပြန်ခဲ့သည်။ သို့သော် ပြည်တွင်းစက်မှုလုပ်ငန်းများက အဆိုပါစည်းမျဉ်းကြောင့် လိုအပ်သောသွင်းကုန်များ တင်သွင်းမှုကို အဟန့်အတားဖြစ်စေကြောင်း ပြောကြားခဲ့သဖြင့် ပြန်လည်ဖြေလျှော့ခဲ့ရသည်။

ဖိနပ်၊ အဝတ်အထည်၊ အထည်အလိပ်၊ အလှကုန်နှင့် ကြွေထည်ပစ္စည်းများ တင်သွင်းမှုအပေါ် ကောက်ခံမည့် အခွန်နှုန်းများကို မကြာမီပြဋ္ဌာန်းတော့မည်ဖြစ်ကာ အင်ဒိုနီးရှား၊ ကုန်သွယ်မှုဆိုင်ရာကာကွယ်ရေးကော်မတီက ချမှတ်သင့်သည့် အကောက်ခွန်နှုန်းထားများကို စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

အင်ဒိုနီးရှားစာရင်းအင်းဌာနအဆိုအရ အင်ဒိုနီးရှားသည် တရုတ်၊ ဗီယက်နမ်နှင့် ဘင်္ဂလားဒေ့ရှ်တို့မှ အဝတ်အထည်များနှင့် အဝတ်အစားအသုံးအဆောင်များကိုအဓိကတင်သွင်းကြောင်း သိရသည်။

Source: https://https://asia.nikkei.com ,WTO ဌာနခွဲ, ကုန်သွယ်ရေးဦးစီးဌာန

Source: https://commerce.gov.mm/my/article/update-news-international-trade/

## အမေရိကန်နိုင်ငံ၏ စီးပွားရေးသည် လျင်မြန်သည့်နှုန်းဖြင့် တိုးတက်လျက်ရှိ

၂၀၂၄ ခုနှစ်၊ ဒုတိယသုံးလပတ်အတွင်း ဂျီဒီပီတိုးနှုန်းသည် ၂ ဒသမ ၈ ရာခိုင်နှုန်းရှိသဖြင့် အမေရိကန်နိုင်ငံ၏ စီးပွားရေးသည် လျင်မြန်သည့်နှုန်းဖြင့် တိုးတက်လျက်ရှိကြောင်း Wall Street Journal သတင်းစာ၌ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၆ ရက်တွင် “U.S. Economy Grows at a Faster Pace” ခေါင်းစဉ်ဖြင့် ဖော်ပြချက်အရ သိရသည်။

အမေရိကန်နိုင်ငံ၏ စီးပွားရေးသည်ဒုတိယသုံးလပတ်အတွင်းစားသုံးသူများ၏ ငွေကြေးသုံးစွဲမှုတိုးလာခြင်း၊ စီးပွားရေး လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုနှင့်သိုလှောင်ရုံရှိ ကုန်စည်ပမာဏတိုးလာခြင်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းတည်ငြိမ်လာခြင်းတို့ကြောင့် အရှိန်အဟုန်ဖြင့်တိုးလာခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် ဧပြီလမှ ဇွန်လအထိ ဒုတိယ သုံးလပတ်အတွင်း ဂျီဒီပီသည် ၂ ဒသမ ၈ ရာခိုင်နှုန်း၊ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၉ ထရီလီယံ ရှိခဲ့သည်ဟု ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကဆိုကြောင်း၊ ၂၀၂၄ ခုနှစ် ပထမသုံးလပတ်အတွင်း ဂျီဒီပီတိုးနှုန်းသည် ၁ ဒသမ ၄ ရာခိုင်နှုန်းသာရှိခဲ့သဖြင့် ဒုတိယသုံးလပတ်တွင် ဂျီဒီပီတိုးနှုန်း မြင့်မားလာခဲ့ကြောင်း၊ စတော့ဈေးကွက်မှာ အတက်အကျနှစ်မျိုးလုံးရောယှက်နေကြောင်း၊ Dow Jones Industrial Average သည် အနည်းငယ်မြင့်တက်ခဲ့သော်လည်း S& P 500 and Nasdaq Composite သည် တစ်ရာခိုင်နှုန်းအောက်ကျဆင်းခဲ့ကြောင်း၊ စီးပွားရေးတိုးနှုန်းမြင့်လာခဲ့သော်လည်း အမေရိကန်ဗဟိုဘဏ် (Federal Reserve) အနေဖြင့် လာမည့်အစည်းအဝေးအထိ အတိုးနှုန်းလျှော့ချရန်မရှိသေးကြောင်း၊ သို့ရာတွင်စက်တင်ဘာလအစည်းအဝေးမတိုင်မီအထိငွေကြေးဖောင်းပွမှုနှုန်းဆက်လက် တည်ငြိမ်နေခဲ့ပါက ဗဟိုဘဏ်၏ စက်တင်ဘာလ အစည်းအဝေးတွင် အတိုးနှုန်းလျှော့ချနိုင်ကြောင်း သိရသည်။

အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်အစီရင်ခံစာအရ စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့ဆောက်လုပ်ရေးလုပ်ငန်းများ၊ ပစ္စည်းကိရိယာနှင့် ဆော့ဖ်ဝဲများတွင် ရင်းနှီးမြှုပ်နှံမှုသည် ၅ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး ရင်းနှီးမြှုပ်နှံမှု ထည့်ဝင်ငွေတိုးနှုန်းများအနက် စက်ပစ္စည်းကိရိယာများတွင်ထည့်ဝင်မှု အများဆုံးဖြစ်ကာ ၁၁ ဒသမ ၆ ရာခိုင်နှုန်း အထိတိုးလာခဲ့ကြောင်း၊ အတက်အကျမြန်သည့် စားသုံးကုန်နှင့် စွမ်းအင်ဈေးနှုန်းများကို ထည့်သွင်းတွက်ချက်မထားသည့် တစ်ဦးချင်းစားသုံးသူဈေးဆနှုန်းမှာ ပထမသုံးလပတ်တွင် ၃ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ဒုတိယသုံးလပတ်တွင် ၂ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့သဖြင့် ငွေကြေးဖောင်းပွမှုတည်ငြိမ်လာခဲ့သည်ကိုတွေ့ရကြောင်း၊ အမေရိကန်စီးပွားရေးကို တိုင်းတာသည့်အညွှန်း ကိန်းများမှာ တိုးတက်ကောင်းမွန်လာခဲ့သော်လည်း စားသောက်ကုန်၊ မော်တော်ယာဉ်နှင့် အိမ်ဈေးနှုန်းမြင့်တက်မှုတို့အပေါ် အမေရိကန်နိုင်ငံသားအများစုက စိတ်ကျေနပ်မှုမရှိကြသေးသည်ကို တွေ့ရကြောင်း၊ ထို့ပြင် အတိုးနှုန်းမြင့်မားခြင်းသည် စားသုံးသူများ၏ ငွေကြေးသုံးစွဲမှုအပေါ် ထိန်းချုပ်နေသကဲ့သို့ဖြစ်ပြီး အလုပ်သမားဈေးကွက်မှာလည်း နှေးကွေးလာခဲ့ကြောင်း နှင့် အမေရိကန်နိုင်ငံသားများ အိမ်ဝယ်ယူမှုများသည့် နွေဦးရာသီတွင် အိမ်ရောင်းအားကျဆင်းလျက်ရှိကြောင်း သိရသည်။

ထို့ပြင် Capital One Financial ၏ တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် Mr. Richard Fairbank က အမေရိကန် စားသုံးသူများသည် စီးပွားရေး၏အင်အားတစ်ရပ်ဖြစ်ပြီး ငွေကြေးဖောင်းပွမှုနှင့်အတိုးနှုန်းသည် စားသုံးသူများအပေါ် သက်ရောက်မှုရှိနေသေးသည်ဟုဆိုကြောင်း၊ ထို့ပြင် ဆွစ်ဇာလန်နိုင်ငံစုံလုပ်ငန်းကြီးတစ်ခု ဖြစ်သည့် Nestle ကုမ္ပဏီကလည်း ၎င်းတို့ကုန်ပစ္စည်းများ၏ ဈေးနှုန်းတိုးမြှင့်သတ်မှတ်မှုကို ဖြည်းဖြည်းချင်းသာဆောင်ရွက်သွားမည်ဟု ထုတ်ပြန်ခဲ့ကြောင်း၊ အမေရိကန်နိုင်ငံ၏ Southwest Airlines နှင့် American Airlines များအနေဖြင့် ဒုတိယသုံးလပတ်အတွင်းဝင်ငွေကျဆင်းခဲ့ပြီး မော်တော်ယာဉ်ထုတ်လုပ်သည့်ကုမ္ပဏီများဖြစ်သည့် Ford နှင့် Stellantis ကုမ္ပဏီများ၏ အစုရှယ်ယာဈေးနှုန်းသည် ၂၀၂၃ ခုနှစ်၊ ဒုတိယနှစ်ဝက်တွင် ကျဆင်းခဲ့ကြောင်းသိရသည်။

အမေရိကန်နိုင်ငံ၏ စီးပွားရေးတိုးတက်နှုန်းကို တိုင်းတာသည့်အညွှန်းကိန်းအချို့မှာ မြင့်တက်နေသော်လည်း အချို့ညွှန်းကိန်းများမှာ ကျဆင်းလျက်ရှိနေသေးကြောင်းတွေ့ရသည်။ (စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ)

Source: https://myantrade.gov.mm/article/Naypyitawstp_290720241000

## အမေရိကန်အစိုးရသည် Amkor Technology အား အမေရိကန်နိုင်ငံ၏နည်းပညာမြင့်တစ်ပိုင်း လျှပ်ကူးပစ္စည်းများအတွက်အဆင့်မြင့်ထုပ်ပိုးမှုနည်းပညာအသစ်များထုတ်လုပ်ရာတွင်ပံ့ပိုးကူညီရန်ပဏာမသဘောတူညီချက်ထုတ်ပြန်ခဲ့

အမေရိကန်အစိုးရ၏ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် Amkor Technology, Inc. အား CHIPS and Science Act အရ အမေရိကန်ဒေါ်လာသန်း ၄၀၀ အထိ ပံ့ပိုးသွားရန် ပဏာမသဘောတူညီချက်ကို ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၆ ရက်တွင်လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

၎င်းအဆိုပြုစီမံကိန်းအရ Amkor Technology, Inc. ကုမ္ပဏီ၏ အမေရိကန်ဒေါ်လာ ၂ ဘီလီယံတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သော ကွန်ပျူတာနည်းပညာ၊ ဉာဏ်ရည်တု (AI)၊ ဆက်သွယ်ရေးနှင့် မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့်နည်းပညာမြင့်တစ်ပိုင်းလျှပ်ကူးပစ္စည်းများ (Semiconductor) အတွက် အဆင့်မြင့်ထုပ်ပိုးမှု နည်းပညာအသစ်များ ဖန်တီးထုတ်လုပ်မည့်လုပ်ငန်းကို ပံ့ပိုးပေးသွားမည်ဖြစ်ပြီး အဆိုပြုစီမံကိန်းသည် အရီဇိုးနားပြည်နယ်၌ အလုပ်အကိုင်ပေါင်း ၂,၀၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့်ဖြစ်ကြောင်း၊ သမ္မတဘိုင်ဒင်အစိုးရအနေဖြင့် အမေရိကန်နိုင်ငံ၏ တစ်ပိုင်းလျှပ်ကူးပစ္စည်းများတပ်ဆင်စမ်းသပ်သည့်ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Amkor ကုမ္ပဏီအား ထုပ်ပိုးမှုနည်းပညာအသစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီပေးသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ ထုပ်ပိုးမှုစနစ်များ အဆင့်မြင့်တင်ပေးခြင်း၊ အဆင့်မြင့်နည်းပညာထုတ်လုပ်သည့်စက်ရုံအစုအဖွဲ့များကို ပံ့ပိုး ပေးခြင်းနှင့် AI Chips ဝယ်လိုအား မြင့်တက်လာမှုကို ပြည့်မီရန်ကူညီပေးခြင်းဖြင့် အမေရိကန်နိုင်ငံ၏ စီးပွားရေးနှင့် အမျိုးသားလုံခြုံရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ကမ္ဘာ့အဆင့်အမြင့်ဆုံးနည်းပညာများ ထုတ်လုပ်သည့် Taiwan Semiconductor Manufacturing Company, TSMC ၊ Apple နှင့် GlobalFoundries တို့အနေဖြင့် ၎င်းတို့၏ Chips များကို ပြည်တွင်း၌ထုပ်ပိုးနိုင်မည်ဖြစ်ကာ Chip ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ခုလုံးဖြစ်သည့် ထုတ်လုပ်မှုမှစ၍ ထုပ်ပိုးမှုအဆင့်အထိကို အမေရိကန်နိုင်ငံအတွင်း၌ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း၊ ပြည်တွင်း Semiconductor Supply Chain တစ်ခုလုံးကို အဆင့်မြင့်တိုးချဲ့လျက် အမေရိကန်နိုင်ငံအနေဖြင့် နည်းပညာကဏ္ဍ၌ ကမ္ဘာ့ဦးဆောင်နိုင်ငံဖြစ်လာရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ)

Source: https://myantrade.gov.mm/article/Naypyitawstp_290720241010

## အမေရိကန်အစိုးရသည် Global Wafers နှင့် Silicon Wafers များထုတ်လုပ်ရန် ပဏာမသဘောတူ စာချုပ်ချုပ်ဆိုခဲ့

အမေရိကန် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် Global Wafers Co., Ltd.၏ လက်အောက်ခံကုမ္ပဏီများဖြစ်သည့် Global Wafers America, LLC နှင့် MEMC LLC တို့အား နည်းပညာကဏ္ဍ၌ အရေးပါသည့် Semiconductor wafer ထုတ်လုပ်မှုကိုပံ့ပိုးရန် အမေရိကန်ဒေါ်လာသန်း ၄၀၀ ပံ့ပိုးကူညီပေးသွားမည့် ပဏာမ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်ဟု သိရသည်။

ကုမ္ပဏီ၏ အဆိုပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှာ Wafer ထုတ်လုပ်မှုစက်ရုံသစ်တည်ဆောက်ရန်ဖြစ်ပြီး ယင်းလုပ်ငန်းတည်ဆောက်ရာ၌ ဆောက်လုပ်ရေးလုပ်ငန်းခွင် အတွက်အလုပ်အကိုင် ၁,၇၀၀ ကျော်နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းခွင်အတွက် အလုပ်အကိုင်ပေါင်း ၈၈၀ ကျော်ခန့်ထားနိုင်မည်ဖြစ်ကြောင်း၊ Silicon Wafers သည်တစ်ပိုင်းလျှပ်ကူးပစ္စည်း(Semi conductor) ထုတ်လုပ်မှုစနစ်တစ်ခုလုံးတွင် အရေးအပါဆုံးအစိတ်အပိုင်းတစ်ခုဖြစ်ပြီး Chips ထုတ်လုပ်ရာတွင် အခြေခံအကျဆုံး အစိတ်အပိုင်းတစ်ခုလည်းဖြစ်ကြောင်း၊ ထို့ပြင် Global Wafers သည် ကမ္ဘာ့ Silicon Wafers ထုတ်လုပ်သည့်ကုမ္ပဏီ (၅)ခုနက် တစ်ခုဖြစ်ကြောင်း၊ ယခုအဆိုပြုရင်းနှီးမြှုပ်နှံမှုကို ပံ့ပိုးသည့်ရန်ပုံငွေဖြင့် Global Wafers သည် အမေရိကန်နိုင်ငံ၊ တက္ကဆက်ပြည်နယ်နှင့် မစ်ဆူရီပြည်နယ်များရှိ ၎င်း၏ Silicon Wafers ထုတ်လုပ်သည့် စက်ရုံများကိုတိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။ (စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ)

Source: https://myantrade.gov.mm/article/Naypyitawstp_290720241015

## အိမ်နီးချင်းနိုင်ငံများမှ ချင်း(ဂျင်း)နှင့် ကွမ်းသီး အမြောက်အမြားတင်သွင်းမှုကြောင့် မီဇိုရမ်တောင်သူများကို ထိခိုက်နစ်နာစေသည်ဟု ပြည်နယ်အထက်လွှတ်တော်အမတ်ပြောကြား

အိန္ဒိယနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများမှ ချင်း (ဂျင်း) နှင့် ကွမ်းသီး အမြောက်အမြားတင်သွင်းမှုကြောင့် မီဇိုရမ်ပြည်နယ်နှင့် အရှေ့မြောက်ဒေသရှိ တောင်သူများကိုထိခိုက်နစ်နာစေသည်ဟု ပြည်နယ်အထက်လွှတ်တော် အမတ် K. Vanlalvena က

ထုတ်ဖော်ပြောကြားခဲ့ကြောင်း Northeast Live ရုပ်သံသတင်းဌာန၏ အင်တာနက် စာမျက်နှာတွင် ဇူလိုင်လ ၂၅ ရက်က ဖော်ပြထားသည်။

အဆိုပါ ပြည်နယ်အထက်လွှတ်တော်အမတ်က တရုတ်နိုင်ငံမှ ချင်း(ဂျင်း) တင်သွင်းမှုကြောင့် အရှေ့မြောက်ဒေသမှ တောင်သူလယ်သမားများကို ထိခိုက်စေသည်ဟု ပြောကြားခဲ့သည်။ ထို့ကြောင့် ပြည်ပမှ အဆိုပါ ကုန်ပစ္စည်းများတင်သွင်းမှုကို ချက်ချင်းရပ်တန့်ပေးရန် ပြည်နယ်လွှတ်တော် အစည်းအဝေးတွင်ပြောကြားသော ၎င်း၏မိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းမှုကြောင့် ၎င်းတို့အနေဖြင့် လတ်ဆတ်သော ချင်း(ဂျင်း)နှင့် ကွမ်းသီး သီးနှံများရောင်းချရာတွင် အခက်အခဲများကြုံတွေ့နေရကြောင်း Vanlalvena မှ ပြောကြားခဲ့သည်။ အဆိုပါ သီးနှံနှစ်မျိုးသည် အရှေ့မြောက်ဒေသပြည်သူများအတွက် အဓိကအသက်မွေးဝမ်းကျောင်းမှုပြုရာ အရင်းအမြစ် ဖြစ်ကြောင်း ၎င်းမှ ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ လွှတ်တော်အမတ်က တရုတ်နိုင်ငံမှ ချင်း(ဂျင်း)အမြောက်အမြားတင်သွင်းမှုကို ချက်ချင်း ရပ်တန့်ပေးရန် ဗဟိုအစိုးရထံ တောင်းဆိုခဲ့သည်။ ယင်းသို့ မလိုအပ်ဘဲ ပြည်ပမှ ချင်း (ဂျင်း)နှင့် ကွမ်းသီး အမြောက်အမြား တင်သွင်းမှုသည် အရှေ့မြောက်ဒေသရှိတောင်သူများ၏ အလုပ်အကိုင်ကိုပျက်ပြားစေသည်ဟု ၎င်းမှ ထပ်လောင်း ပြောကြားခဲ့သည်။

ထို့ပြင် ကောက်ပဲသီးနှံများ နယ်စပ်ဖြတ်ကျော် မှောင်ခိုရောင်းဝယ်ရာတွင် အိန္ဒိယ-မြန်မာနယ်စပ်မှ မှောင်ခိုသမားများနှင့် အစိုးရအရာရှိများ ပါဝင်ပတ်သက်ဖွယ်ရှိကြောင်း အရှေ့မြောက်ဒေသမှ လူအများကယူဆသည်ဟု ၎င်းကပြောကြားခဲ့သည်။

သို့ပါ၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ် အထက် လွှတ်တော်အမတ်၏ အစီရင်ခံတင်ပြချက်ပါ ချင်း(ဂျင်း)နှင့် ကွမ်းသီးတင်သွင်းမှု ရပ်တန့်ရန်နှင့် နယ်စပ်ဒေသ မှောင်ခိုရောင်းဝယ်မှု၌ အိန္ဒိယ-မြန်မာနယ်စပ်မှ မှောင်ခိုသမားများနှင့် အစိုးရအရာရှိများ ပါဝင်ပတ်သက်ဖွယ် ရှိသည်ဟူသော တင်ပြချက်အား သိရသည်။

သတင်းရင်းမြစ်။ Ginger & Areca Nut Imports From Neighouring Countries Hurting Mizoram Farmers: RS MP K Vanlavena | Northeast Live

Source: ကောင်းထွဋ်အောင်-စီးပွားရေးသံမှူး- ကော်ကတ္တားမြို့

## ဆီအုန်းကဏ္ဍ၌ အိန္ဒိယနိုင်ငံနှင့် မလေးရှားနိုင်ငံ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မည်

အိန္ဒိယစိုက်ပျိုးရေးဝန်ကြီး Mr. Shivraj Singh Chouhan နှင့် မလေးရှားစိုက်ခင်းနှင့် ကုန်စည်များဆိုင်ရာဝန်ကြီး Datuk Seri Johari Abdul Ghani တို့သည် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၈ ရက်၊ ကြာသပတေးနေ့၌ တွေ့ဆုံ ရာတွင် နှစ်နိုင်ငံကြား စားအုန်းဆီနှင့် အခြားကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း အိန္ဒိယအခြေစိုက် Economic Times သတင်းဌာနက ဖော်ပြသည်။

မလေးရှားဝန်ကြီးသည်အိန္ဒိယနိုင်ငံနှင့်မလေးရှားနိုင်ငံနှစ်နိုင်ငံကြားစိုက်ပျိုးရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးတက်စေမည့် အခွင့်အလမ်းများကို ဆွေးနွေးရန်အတွက် ထိုသို့တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ နှစ်နိုင်ငံဝန်ကြီးများသည် အိန္ဒိယအစိုးရက အကောင်အထည်ဖော်လျက်ရှိသည့် စားသုံးဆီဆိုင်ရာအမျိုးသားအဆင့် မျှော်မှန်းချက် (National Mission on Edible Oil) အစီအစဉ်တွင် အထူးသဖြင့် ဆီအုန်းကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ရန်ဆန္ဒရှိသည်ကိုဖော်ပြခဲ့ကြကြောင်း၊ စိုက်ပျိုးရေးနှင့်ဆက်စပ်ထွက်ကုန်များအတွက် ဈေးကွက်ရရှိရေးဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရေး၊ စိုက်ခင်းကဏ္ဍတွင် ဒစ်ဂျစ်တယ်နည်းပညာအသုံးချနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်အရ သိရသည်။

အိန္ဒိယနိုင်ငံသည် မလေးရှားနိုင်ငံမှ ဟင်းသီးဟင်းရွက်ဆီအများဆုံးတင်သွင်းသည့် နိုင်ငံများတွင်ပါဝင်ကြောင်း၊ အိန္ဒိယနိုင်ငံသည် စားအုန်းဆီများကို အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ အဓိကဝယ်ယူနေပြီး အာဂျင်တီးနား၊ ဘရာဇီး၊ ရုရှားနှင့် ယူကရိန်းနိုင်ငံတို့မှ ပဲပုပ်ဆီနှင့် နေကြာဆီတို့ကို အဓိကတင်သွင်းကြောင်း သိရသည်။

Source: Economic Times, 18 Jul 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_29072024_328

## ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့တင်သွင်းမှု၌ ကမ္ဘောဒီးယားနိုင်ငံက ဈေးကွက်ဝေစုအများဆုံးရရှိ

ဗီယက်နမ်နိုင်ငံသည် ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်ကာလအတွင်း တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံရှိသော သီဟိုဠ်စေ့တန်ချိန် ၁ ဒသမ ၅ သန်းကို တင်သွင်းခဲ့ရာ ယခင်နှစ်ကာလတူ၌ တင်သွင်းခဲ့မှုနှင့် နှိုင်းယှဉ်ပါက တန်ဖိုးအားဖြင့် ၃ ဒသမ ၄ ရာခိုင်နှုန်းနှင့် တန်ချိန်အားဖြင့် ၈ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာကြောင်း ဗီယက်နမ်အထွေထွေအကောက်ခွန်ဌာန၏ အချက်အလက်များအရ သိရသည်။ အဆိုပါပမာဏ၏ ၅၅ ဒသမ ၅ ရာခိုင်နှုန်းရှိသော သီဟိုဠ်စေ့ တန်ချိန် ၇၈၀,၇၀၀ ကျော်ကို ကမ္ဘောဒီးယားနိုင်ငံထံမှ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ တစ် ဘီလီယံ ကျော်ရှိကြောင်း၊ ယခင်နှစ် ပထမနှစ်ဝက်၌ ကမ္ဘောဒီးယားတစ်နိုင်ငံတည်းထံမှ တင်သွင်းခဲ့မှုနှင့် နှိုင်းယှဉ်ပါက တန်ဖိုးအားဖြင့် ၂၈ ဒသမ ၁ ရာခိုင်နှုန်းနှင့် တန်ချိန်အားဖြင့် ၃၆ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့ခြင်းဖြစ်ကြောင်း Vietnam Plus သတင်းဌာနက ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ထိပ်တန်းသီဟိုဠ်စေ့တင်ပို့သည့်နိုင်ငံဖြစ်သော်လည်း ကုန်ချောပြုပြင်ထုတ်လုပ်ရန်အတွက် ပြည်တွင်းစိုက်ပျိုးထွက်ရှိမှုမှ ပေးသွင်းနိုင်မှုမှာအကန့်အသတ်ရှိနေဆဲဖြစ်၍ လုပ်ငန်းရှင်များအနေဖြင့် သီဟိုဠ်စေ့ပမာဏ အများအပြားကို တင်သွင်းနေရခြင်းဖြစ်သည်။ ဗီယက်နမ်လုပ်ငန်းရှင်များသည် ကမ္ဘောဒီးယားနိုင်ငံအပြင် အခြားပင်ရင်းဒေသအဖြစ် အာဖရိကဒေသမှ သီဟိုဠ်စေ့ကိုလည်း အဓိကရယူတင်သွင်းလျက်ရှိသည်။ သို့သော် အရည်အသွေးနိမ့်ကျသည့် သီဟိုဠ်စေ့များအားတင်သွင်းလျက် ဗီယက်နမ်ပြည်တွင်းထုတ်ကုန်အဖြစ် တုပထုတ်လုပ်မှုများမှာမြင့်တက်လျက်ရှိပြီး ဗီယက်နမ်သီဟိုဠ်စေ့ကုန်အမှတ်တံဆိပ်အပေါ်ဆိုးရွားစွာထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

ပြည်ပသို့ သီဟိုဠ်စေ့ထုတ်ကုန်တင်ပို့မှုတွင် ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်ကာလအတွင်း တန်ချိန် ၃၅၃,၅၀၀ တင်ပို့လျက် ဝင်ငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံရရှိခဲ့သည်။ ယခင်နှစ် ကာလတူ၌ တင်ပို့ခဲ့မှုနှင့်နှိုင်းယှဉ်ပါက တန်ဖိုးအားဖြင့် ၁၈ ဒသမ ၇ ရာခိုင်နှုန်းနှင့် တန်ချိန်အားဖြင့် ၂၆ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ယခုနှစ် ပထမ ၆ လအတွင်း ဗီယက်နမ်၏ သီဟိုဠ်စေ့ပို့ကုန် ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ၅,၅၀၂ အမေရိကန်ဒေါ်လာရှိပြီး ၎င်းသည် ယခင်နှစ်အလားတူကာလ၌ရရှိခဲ့သောဈေးနှုန်း၏ အောက်သို့ ၆ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Source: Vietnam Plus, 19 Jul 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့),

Source: https://www.doca.gov.mm

Source: [https://myantrade.gov.mm/article/naypyitaw_29072024_322](https://myantrade.gov.mm/article/naypyitaw_29072024_322)

## အမေရိကန်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံမှ သကြားကြမ်း (Raw Sugar) ၁၄၅,၂၃၅ မက်ထရစ်တန်အား အခွန်နှုန်းသက်သာစွာဖြင့် တင်ပို့ခွင့်ပြု

ဖိလစ်ပိုင်နိုင်ငံမှ သကြားကြမ်း (Raw Sugar) ၁၄၅,၂၃၅ မက်ထရစ်တန်အား အခွန်နှုန်းသက်သာစွာဖြင့် ၂၀၂၄ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ဆက်လက်တင်ပို့ခွင့်ပြုကြောင်း အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်ရုံးမှ ပြောကြားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသည် ဒိုမနီကန် ၁၈၉,၃၄၃ မက်ထရစ်တန်နှင့် ဘရာဇီးလ် ၁၅၅,၉၉၃ မက်ထရစ်တန်တို့၏ နောက်တတိယတင်သွင်းခွင့်အများဆုံးရရှိထားသည့်နိုင်ငံဖြစ်ပြီး ၂၀၂၅ ဘဏ္ဍာရေးနှစ်ဖြစ်သော ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၃၀ ရက်ထိ အတွက် ခွဲဝေချထားပေးခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံသည် အစောပိုင်းကာလများက ပြည်တွင်းထုတ်လုပ်နိုင်မှု အခြေအနေများအရ ၂၀၂၄ ခုနှစ် အတွင်း သကြားတင်ပို့ရန် ကနဦးခွဲတမ်း (Initial Quota) အတွက် တင်ပို့နိုင်ခြင်းမရှိသေးကြောင်း အတည်ပြု ပြောကြားခဲ့သည်။ သို့ရာတွင် အစိုးရကပြည်တွင်းသကြားတောင်သူများအား အမြတ်ရရှိစေရန်အတွက် Farm Gate Price အားတိုးမြှင့်ပေးခဲ့ပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် သကြားတင်ပို့ခွင့် ခွဲတမ်းအား ပြန်လည်တောင်းခံခဲ့ခြင်း ဖြစ်သည်။

ထို့အတွက် အမေရိကန်နိုင်ငံမှ ဖိလစ်ပိုင်နိုင်ငံအား သကြားတင်ပို့ခွင့် ၂၅,၃၀၀ မက်ထရစ်တန်အား ခွဲတမ်း ခွဲဝေချထားပေးခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသည် ပြည်တွင်းသကြားအထွက်နှုန်း ကျဆင်းခဲ့သဖြင့် အမေရိကန်နိုင်ငံသို့ သီးနှံရာသီ ၂၀၂၁-၂၀၂၂ နှင့် ၂၀၂၂-၂၀၂၃ ခုနှစ် ၂ နှစ်ဆက်တိုက် သကြားတင်ပို့ခဲ့ခြင်းမရှိကြောင်း၊ ဖိလစ်ပိုင်နိုင်ငံနှင့် အမေရိကန်နိုင်ငံသည် နှစ်အကြာရှည်ဆုံး ကုန်သွယ်ဖက်နိုင်ငံများဖြစ်ကြောင်းကိုလည်း ဖော်ပြပါရှိသည်။

Sugar Regulatory Administration (SRA) Board မှ အမေရိကန်နိုင်ငံသို့ အခွန်နှုန်းသက်သာခွင့်ဖြင့် တင်ပို့မည့် Sugar Order (SO-3) ကို စိုက်ပျိုးရေးဝန်ကြီးနှင့် SRA Board ဥက္ကဋ္ဌဖြစ်သူ Secretary Francisco Tiu Laurel Jr. မှ

အတည်ပြုလက်မှတ်ရေးထိုး၍ ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။ SO-3 အား ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့ရက်စွဲဖြင့် National Register Office တွင် မှတ်တမ်းတင်ပြီး ၃ ရက်ကြာတွင် အသက်ဝင်မည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ပြည်တွင်းသကြား လိုအပ်ချက်အား ဦးစားပေးဆောင်ရွက်လျက်ရှိသဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နောက်ပိုင်း အမေရိကန်စျေးကွက်သို့ သကြားတင်ပို့နိုင်ခြင်း မရှိခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် မတ်လက အမေရိကန်မှ ဖိလစ်ပိုင်နိုင်ငံသို့ သကြားကြမ်း မက်ထရစ်တန် ၂၅,၃၀၀ တန်အား အကောက်ခွန်အနိမ့်နှုန်းဖြင့် တင်ပို့ရန် သဘောတူညီခဲ့ခြင်း ဖြစ်ပြီး အမေရိကန်သို့ ပေးပို့မည့်ခွဲတမ်းအတွက် စက်တင်ဘာလ ၃၀ ရက်နေ့ထိတိုင်အောင် ဖြည့်တင်းသွားရန် ခွင့်ပြုထားပြီး ဖြစ်သည်။ Philippines Sugar Regulatroy Administrartion Board မှ Sugar Order အား ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Source: https://www.philstar.com/business/2024/07/29/2373641/us-allows-145235-mt-raw-sugar-export-quota-philippines

(ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_290720241220.

## ဗီယက်နမ်နိုင်ငံမှ ပထမနှစ်ဝက်အတွင်း ဒူးရင်းသီးတင်ပို့မှု ၄၅ ရာခိုင်နှုန်း မြင့်တက်လာ

ဗီယက်နမ်နိုင်ငံသည် ၂၀၂၄ ခုနှစ် ပထမ ၆ လတွင် ဒူးရင်းသီး စုစုပေါင်းတန်ဖိုး အမေရိကန် ဒေါ်လာ ၁ ဒသမ ၃၂ ဘီလီယံဖိုး တင်ပို့ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၄၅ ရာခိုင်နှုန်း တိုးလာကြောင်း အကောက်ခွန်ဦးစီးဌာန၏ အချက်အလက်များအရ သိရသည်။ ၎င်းသည် အဆိုပါကာလအတွင်း သစ်သီးတင်ပို့မှုအားလုံး၏ ၆၅ ရာခိုင်နှုန်း ရှိပြီး အဓိကစျေးကွက်များစွာတွင် ရေပန်းစားလာမှုကို ပြသလျက်ရှိသည်။

ကိန်းဂဏန်းအချက်အလက်များအရ ဗီယက်နမ်ဒူးရင်းတင်ပို့မှုတွင် တရုတ်နိုင်ငံသည်အဓိကအခန်းကဏ္ဍ မှ ပါဝင်ခဲ့ပြီး စုစုပေါင်းတင်ပို့မှု၏ ၈၂ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ ယခင်နှစ် အလားတူကာလထက် ၄၆ ရာခိုင်နှုန်း သိသိသာသာ တိုးမြင့်လာခဲ့ကြောင်းဖော်ပြထားသည်။ ထိုင်းနိုင်ငံသည် ဗီယက်နမ်ဒူးရင်းစျေးကွက်တွင် ဒုတိယ အကြီးဆုံးစျေးကွက်ဖြစ်ပြီး တင်ပို့မှု သိသိသာသာ ၉၀ ဒသမ ၅ ရာခိုင်နှုန်း တိုးမြင့်ကာ အမေရိကန်ဒေါ်လာ ၄၇ သန်းအထိ ရောက်ရှိခဲ့သည်။

ဂျပန်နိုင်ငံသို့ ဗီယက်နမ်ဒူးရင်းတင်ပို့မှုသည် နှစ်ဆတိုးလာကာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ သန်း ရောက်ရှိခဲ့သည်။ ဗီယက်နမ်မှ ကမ္ဘောဒီးယားနိုင်ငံသို့ ဒူးရင်းသီးတင်သွင်းမှုသည် ၂၃ ဆ တိုးလာကာ အမေရိကန် ဒေါ်လာ ၁ ဒသမ ၆ သန်းရှိသည်။ Monthong ဒူးရင်းသီး အမျိုးအစားသည် အရသာ၊ အနံ့၊ အစေ့ငယ်များရှိပြီး အသွင်အပြင်နှင့် တာရှည်ခံခြင်းကြောင့် လူကြိုက် အများဆုံးဖြစ်ကြောင်း ဖော်ပြထားသည်။

ဇူလိုင်လမှ အောက်တိုဘာလအထိ ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းကုန်းမြင့်၏ ဒူးရင်းရိတ်သိမ်းရာသီဖြစ်သောကြောင့် ဒူးရင်းတင်ပို့မှုသည် ယခုနှစ် ဒုတိယနှစ်ဝက်တွင် သိသိသာသာ တိုးလာမည်ဟု မျှော်လင့်ကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ စေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ပြီး အေးခဲထားသော ဒူးရင်း တင်ပို့ရန်အတွက် လက်မှတ်ရေးထိုးတော့မည်ဖြစ်သည်။ အဆိုပါ သဘောတူညီချက်အရ ဗီယက်နမ်နိုင်ငံ၏ ဒူးရင်း တင်ပို့မှုသည် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဘီလီယံအထိ ရှိလာမည်ဟုမျှော်လင့်ကြောင်း ဗီယက်နမ် အထွေထွေအတွင်းရေးမှူး Dang Phuc Nguyen ပြောကြားခဲ့သည်။

ဒူးရင်းတင်ပို့မှုအတွက် အလားအလာကောင်းနေသော်လည်း စိန်ခေါ်မှုများရှိနေဆဲဖြစ်ကြောင်း၊ မကြာသေးမီက တရုတ်နိုင်ငံသို့ ဒူးရင်းတင်ပို့မှုအချို့မှာ တားမြစ်ဆေးများပါဝင်နေသည့်အတွက် ဗီယက်နမ်အာဏာပိုင်များသည် အဆိုပါကိစ္စရပ်နှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံ အာဏာပိုင်အဖွဲ့အစည်းများနှင့်ဆွေးနွေးလျက်ရှိပြီး စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုရှိစေရန် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ နောင်တွင်အလားတူဖြစ်ရပ်မျိုးမဖြစ်အောင် ထုပ်ပိုးသည့် စက်ရုံများ၊ ကုန်သည်များနှင့် ပို့ကုန် လုပ်ငန်းရှင်များအား အရည်အသွေးထိန်းချုပ်မှု စည်းမျဉ်းစည်းကမ်းများကိုလိုက်နာရန် တင်းတင်းကြပ်ကြပ်တိုက်တွန်းထား ကြောင်းဖြင့် ဖော်ပြပါရှိသည်။ Source: VN express International,(စီးပွားရေးသံမှူး၊ဗီယက်နမ်)

Source: https://myantrade.gov.mm/article/Naypyitawstp_290720241130

## ထိုင်းနိုင်ငံတွင် အသေးစားနှင့်အလတ်စားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဘဏ်နှင့် နိုင်ငံအဆင့် တီထွင်ဆန်းသစ်မှုအေဂျင်စီတို့အကြား ပူးပေါင်းဆောင်ရွက်သွားရန်ရှိ

တီထွင်ဆန်းသစ်မှုဖြင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသူများကို ၃ နှစ်ကြာ အတိုးမဲ့ချေးငွေ ထုတ်ပေးနိုင်ရေး အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုဘဏ် (SME D Bank) နှင့် နိုင်ငံအဆင့် တီထွင်ဆန်းသစ်မှု အေဂျင်စီ (NIA) တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်ကို ထောက်ပံ့ပေးရန်အတွက် SME D Bank နှင့် NIA တို့အကြား ပူးပေါင်းဆောင်ရွက်ရေး စာချုပ်လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ လုပ်ငန်းရှင်များသည် ခိုင်မာသော အလား အလာနှင့် NIA မှ အသိအမှတ်ပြုထားသော အသုံးဝင်သည့် တီထွင်ဆန်းသစ်မှုကို ဆောင်ရွက်နေသူဖြစ်ပါက “Smile Biz” ချေးငွေကိုလျှောက်ထားနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းကို တစ်နှစ်အကြာဆောင်ရွက်နေပါက အပေါင်ပစ္စည်းမလိုအပ်ဘဲ ချေးငွေ လျှောက်ထားနိုင်ကြောင်း၊ အများဆုံးချေးငွေပမာဏမှာ ဘတ် ၅ သန်း ဖြစ်ပြီး ပြန်ဆပ်ကာလမှာ ၇ နှစ်နှင့် ဆိုင်းငံ့ကာလ ၆ လ ဖြစ်ကြောင်း၊ အတိုးနှုန်းသည် တစ်နှစ်လျှင် ၆ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သော်လည်း ပထမ ၃ နှစ်အတွက်အတိုးကို NIA က ကူညီ ပေးမည်ဖြစ်ကြောင်း ဘဏ်၏ မန်နေးဂျင်း ဒါရိုက်တာ Mr. Pichit Mitrawong က ပြောကြားခဲ့သည်။

စီမံချက်၏ ရည်ရွယ်ချက်မှာ တီထွင်ဆန်းသစ်သော လုပ်ငန်းရှင်များ ပေါ်ထွက်လာစေရန်ဖြစ်ကြောင်း၊ အသုံးဝင်သော တီထွင်ဆန်းသစ်မှုများရှိသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ သို့မဟုတ် Startup လုပ်ငန်းများအတွက် ဘဏ္ဍာငွေရရှိနိုင်မှုကို အထောက်အကူပြုရန်နှင့် ထုတ်ကုန်များနှင့် ဝန်ဆောင်မှု များကို မြှင့်တင်ပေးခြင်းဖြင့် ယှဉ်ပြိုင်နိုင်မှုကို တိုးတက်စေရန်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းနယ်ပယ်သည် ယှဉ်ပြိုင်မှုမြင့်မားပြီး ထိုင်းအသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများအနေဖြင့် လက်ခံရန်နှင့် ယှဉ်ပြိုင်မှုကိုမြှင့်တင်ရန်လိုအပ်ကြောင်း Mr. Pichit က သုံးသပ်ပြောကြားသည်။

ထုတ်လုပ်မှုတိုးမြှင့်ရန်၊ တန်ဖိုးမြှင့်တင်ရန်၊ ဈေးကွက်တွင်ရပ်တည်နိုင်မှု တိုးတက်ရန်၊ ထိရောက်သော စီမံခန့်ခွဲမှု မြင့်မားရန်နှင့် ကုန်ကျစရိတ်လျှော့ချရန်မှာ တီထွင်ဆန်းသစ်မှုသည် အရေးပါကြောင်း၊ တီထွင်ဆန်းသစ်မှုနှင့် နည်းပညာတွင် ကုန်ကျစရိတ်သိသိသာသာ မြင့်မားသဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း များနှင့် Startup လုပ်ငန်းများအတွက် အဟန့်အတား ဖြစ်စေကြောင်း၊ SME D Bank တွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ဘဏ္ဍာရေး စီမံခန့်ခွဲမှု၊ ငွေစာရင်းနှင့် ထုတ်ကုန်တိုးတက်မှုဆိုင်ရာများတွင် အကူအညီပေးရန် Development Excellence (DX by SME D Bank) ဟု ခေါ်တွင်သည့် ပလက်ဖောင်း တစ်ခုရှိပြီး အခမဲ့ဝန်ဆောင်မှုဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ပလက်ဖောင်းတွင် လုပ်ငန်း၏ ကြံ့ခိုင်မှုကို စမ်းသပ်ပေးသည့် စနစ်၊ ၂၄ နာရီ/ ၇ ရက်လုံး မိမိ ကိုယ်တိုင်လေ့လာနိုင်ပြီး လုပ်ငန်းအလားအလာကိုမြှင့်တင်ပေးရန် လိုအပ်သောဗဟုသုတများစုဆောင်းထားသည့် သင်တန်းများ၊ ပညာရှင်အဆင့် နည်းပြ များ၏ အကြံပေး၊ ဆွေးနွေးမှုရယူနိုင်သည့်စနစ်၊ တစ်နှစ်ပတ်လုံး ဗဟုသုတအဆက်မပြတ်မြှင့်တင်ရန်အတွက် ကြိုတင်စာရင်း ပေးထားနိုင်သည့်စနစ်နှင့် e-marketplace နှင့် လုပ်ငန်းချိတ်ဆက်ခြင်းအပါအဝင် အခြားသောခံစားခွင့်များဖြင့် ဈေးကွက် ချဲ့ထွင်နိုင်သည့်ဈေးကွက် စသည့်အင်္ဂါရပ်များပါဝင်ကြောင်း၊ အဆိုပါအင်္ဂါရပ်များကြောင့် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများသည် ပိုမိုခိုင်မာစွာနှင့် ရေရှည်တည်တံ့စွာ လက်ရှိနှင့် အနာဂတ်လုပ်ငန်းနယ်ပယ်တွင် စမတ်ကျသောလုပ်ငန်းများ ဖြစ်လာစေရန် ဖြစ်ကြောင်း Mr. Pichit က ဖြည့်စွက်ပြောကြားခဲ့သည်။ Source: www.bangkokpost.com

သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: https://myantrade.gov.mm/article/Npt-260720241032

## ဂျပန်နိုင်ငံ၏ ပို့ကုန်မှာ ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် ၇ လ ဆက်တိုက်မြင့်တက်ခဲ့

တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်သည့် စက်ပစ္စည်းများတင်ပို့မှုများပြားခဲ့ခြင်းကြောင့် ဂျပန်နိုင်ငံ၏ ပို့ကုန်မှာ ၂၀၂၄ ခုနှစ် ဇွန်လတွင် ၇ လဆက်တိုက်မြင့်တက်ခဲ့သည်။ အဆိုပါသတင်းတွင် ဂျပန်နိုင်ငံ၏ပို့ကုန်မှာ ယန်း ၉ ဒသမ ၂ ထရီလီယံ (အမေရိကန်ဒေါ်လာ ၅၉ ဒသမ ၁ ဘီလီယံ)ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၅ ဒသမ ၄ ရာခိုင်နှုန်းများပြား ခဲ့ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကနဦးထုတ်ပြန်ချက်အရ သိရကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံ၏သွင်းကုန်မှာ ယန်း ၈ ဒသမ ၉ ထရီလီယံရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၃ ဒသမ ၂ ရာခိုင်နှုန်းများပြားခဲ့ကြောင်းနှင့် ၃ လဆက်တိုက်များပြားခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ ၂၀၂၄ ခုနှစ်၊ ပထမနှစ်ဝက်တွင် ဂျပန်နိုင်ငံ၏ကုန်သွယ်မှုလိုငွေမှာ ယန်း ၃ ဒသမ ၂ ထရီလီယံရှိခဲ့ပြီး၊ ယခင်နှစ် အလားတူ ကာလ၏ ထက်ဝက်နီးပါးရှိခဲ့ကြောင်း ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်၊ ဇွန်လတွင် တစ်ပိုင်းလျှပ်ကူးပစ္စည်းနှင့်ဆက်စပ်သည့် ထုတ်ကုန်များတင်ပို့မှုမှာ မြင့်တက်ခဲ့ကြောင်း၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်သည့် စက်ပစ္စည်းများတင်ပို့မှုမှာ ၃၇ ဒသမ ၉ ရာခိုင်နှုန်းနှင့် Nonferrous Metals တင်ပို့မှုမှာ ၂၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဖော်ပြထားသည်။ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းမှုမှာ ၄၈ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ မီးစက်များတင်သွင်းမှုမှာ ၃၇ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဖော်ပြထားသည်။

အမေရိကန်နိုင်ငံသို့ ကုန်စည်များတင်ပို့မှုမှာ ၁၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး၊ ၁ ဒသမ ၉ ထရီလီယံယန်း ရှိခဲ့ကြောင်း၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်သည့် စက်ပစ္စည်းများတင်ပို့မှုဆက်တိုက်မြင့်တက်ခဲ့ခြင်းကြောင့် တရုတ်နိုင်ငံသို့ ကုန်စည်တင်ပို့မှုမှာ ၇ လဆက်တိုက်မြင့်တက်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် ၇ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ အာရှသို့ ပို့ကုန်တင်ပို့မှုမှာ ၇ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး၊ ဥရောပသို့တင်ပို့မှုမှာ ၁၃ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ပို့ကုန်မြင့်တက်ခဲ့ရခြင်းမှာ ငွေကြေးဖောင်းပွမှုကြောင့်သာ တန်ဖိုးအားဖြင့် မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံ၏ပို့ကုန်ပမာဏမှာ ၆ ဒသမ ၂ ရာခိုင်နှုန်းနှင့်သွင်းကုန်ပမာဏမှာ ၈ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ပို့ကုန်ပမာဏကျဆင်းရသည့် အကြောင်းအရင်းတစ်ရပ်မှာ Toyota Motor နှင့် Mazda Motor အပါအဝင် မော်တော်ယာဉ်ထုတ်လုပ်သည့် ဂျပန်ကုမ္ပဏီကြီး ၅ ခုမှ စက်စမ်းသပ်မောင်းနှင်မှုဆိုင်ရာ သတင်းအချက်အလက်များကို လိမ်လည်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ဖော်ပြထားသည်။

ယခင်အပတ်တွင် ဂျပန်ဗဟိုဘဏ်က ထုတ်ပြန်ထားသည့်အချက်အလက်များအရ ၂၀၂၄ ခုနှစ်၊ ဇွန်လ၌ ဂျပန်နိုင်ငံ၏ပို့ကုန်တန်ဖိုး(ယန်းငွေဖြင့်)မှာ ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၁၀ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဖော်ပြထားသည်။ ယန်းငွေတန်ဖိုးကျဆင်းခြင်း၊ ရေနံစိမ်းဈေးနှုန်းမြင့်တက်ခဲ့ခြင်းနှင့် ကြေးနီကဲ့သို့သောသတ္တုဈေးနှုန်းများမြင့်တက်ခဲ့ခြင်းတို့ကြောင့် ဂျပန်နိုင်ငံ၏သွင်းကုန်တန်ဖိုးမှာ ယခင်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်ပါက ၉ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဖော်ပြထားသည်။ (သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့), Source: The Nikkei Asia

Source: https://myantrade.gov.mm/article/STP(Ygn)_26072024_14:28

## တရုတ်နိုင်ငံသို့ ဗီယက်နမ်နိုင်ငံမှ ဂုံးနှင့်ကမာတင်ပို့မှုသည် အဆ(၁၂၀)နီးပါးမြင့်တက်လာ

တရုတ်နိုင်ငံမှဗီယက်နမ်နိုင်ငံသို့ ဂုံးနှင့်ကမာတင်ပို့မှုမြင့်တက်လာပြီး ယခုနှစ်ပထမငါးလအတွင်း စုစုပေါင်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ သန်းကျော်ရရှိခဲ့ပြီး ယမန်နှစ်အလားတူကာလထက် ၁၁၉ ဆ နီးပါး တိုးတက်လာခဲ့သည်။ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံခြားကုန်သွယ်မှုအေဂျင်စီမှ ပံ့ပိုးပေးသော တရုတ်အကောက်ခွန်ဆိုင်ရာအချက်အလက်များအရ တရုတ်နိုင်ငံရှိ ဗီယက်နမ်နိုင်ငံ၏ ဈေးကွက်ဝေစုသည် ယမန်နှစ် သုည ဒသမ ၂ ရာခိုင်နှုန်းမှ ယခုနှစ်မေလတွင် ၁၉ ဒသမ ၁ ရာခိုင်နှုန်းသို့ သိသိသာသာ တိုးလာခဲ့သည်။ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၅ သန်းကျော်အထိ ရောက်ရှိခဲ့ကာ အခြားပင်လယ်စာများနှင့် အအေးခံခရုများတင်ပို့မှုမှာလည်း သိသိသာသာမြင့်တက်လာပြီး ယခင်နှစ် အလားတူကာလ၏တင်ပို့ခဲ့သော ပမာဏထက် ၈၂ ဆနီးပါးမြင့်တက်လာခဲ့သည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကမာကောင်များအတွက် ဟက်တာ ၄၁,၅၀၀ ကျော်မြုပ်နှံထားပြီး အဓိကတင်ပို့သော ငါး၊ ပုစွန်များမှာ နှစ်စဉ် တန်ချိန် ၂၆၅,၀၀၀ခန့်ထွက်ရှိကာ ဂုံးတန်ချိန် ၁၇၉,၀၀၀ ထွက်ရှိကြောင်း သိရသည်။ ဂုံးနှင့်ကမာကောင်များတင်ပို့မှုသည် တရုတ်နိုင်ငံမှလွဲ၍ အခြားနိုင်ငံများသို့ တင်ပို့မှုမြင့်တက်လာခဲ့ပြီး ပထမ ၅ လအတွင်း အမေရိကန်ဒေါ်လာ ၃၆ သန်းနီးပါးရောက်ရှိခဲ့ကာ ယမန်နှစ်ထက် ၈ ဒသမ ၂ ရာခိုင်နှုန်း တိုးလာကြောင်း ဗီယက်နမ်အကောက်ခွန်ဦးစီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

ဗီယက်နမ်ပင်လယ်စာတင်ပို့သူများနှင့် ထုတ်လုပ်သူများအသင်းမှာ ဤတိုးတက်မှုသည် bivalve ပင်လယ်စာ ဝယ်လိုအားမြင့်တက်လာခြင်းကြောင့်ဖြစ်ပြီး ကုန်ကြမ်းများ လုံလောက်စွာထောက်ပံ့မှုရှိနေပါက ဤဝယ်လိုအားဆက်လက်တိုးလာမည်ဖြစ်ကြောင်းတင်ပြခဲ့သည်။ ထို့ပြင် ဗီယက်နမ်ပုစွန်သားပေါက်များကို တရုတ်နိုင်ငံအတွင်းသို့ တင်သွင်းမှုသည် ယခုနှစ်ပထမ ၅ လအတွင်း သိသိသာသာတိုးလာခဲ့သည်။ ဗီယက်နမ်နိုင်ငံမှ ကျောက်ပုစွန်များနှင့် အခြားပုစွန်များကို တရုတ်နိုင်ငံသို့ တင်ပို့မှုမှာ ယခုကာလအတွင်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇၉ ဒသမ ၆ သန်းရှိပြီး ယခင်နှစ်ထက် ၃၂ ဆတိုးလာခဲ့သည်။ တရုတ်နိုင်ငံရှိ ဗီယက်နမ် ကျောက်ပုစွန်များအတွက် ဈေးကွက်ဝေစုသည် ယမန်နှစ်၏ တစ် ရာခိုင်နှုန်းမှ ၂၅ ဒသမ ၃ ရာခိုင်နှုန်းသို့ ခုန်တက်သွားသည်။

ထို့ပြင် အေးခဲကျောက်ပုစွန်တင်ပို့မှုမှာ စုစုပေါင်းအမေရိကန်ဒေါ်လာ ၃ ဒသမ ၄ သန်းနီးပါးရှိပြီး ၆၈၂ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ သို့သော်လည်း ဗီယက်နမ်အေးခဲငါးခူအသားလွှာများ၊ တရုတ်နိုင်ငံသို့ ငါးခြောက်နှင့် အေးခဲပုစွန်များကဲ့သို့သော အခြားပင်လယ်စာထွက်ကုန်များတင်သွင်းမှုမှာ လျော့နည်းသွားခဲ့သည်။ မေလတွင် ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံသို့ တင်ပို့

မှုတန်ဖိုး ကန်ဒေါ်လာ ၉၁ ဒသမ ၁ သန်းဖြင့် စတုတ္ထအကြီးဆုံး ပင်လယ်စာတင်သွင်းသူအဖြစ်ရပ်တည်ခဲ့ပြီး ယမန်နှစ်ထက် ၁၈ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်။

နိုင်ငံခြားကုန်သွယ်မှုအေဂျင်စီ၏အဆိုအရ တရုတ်နိုင်ငံ၏စုစုပေါင်းတင်သွင်းမှုတွင် ဗီယက်နမ်ပင်လယ်စာထုတ်ကုန်များ၏ ဈေးကွက်ဝေစုသည် ၂၀၂၄ ခုနှစ် ပထမ ၅ လအတွင်း ကုန်ပစ္စည်းတချို့၏ တန်ဖိုးကျဆင်းသွားသော်လည်း ၂၀၂၃ ခုနှစ်၏ အလားတူကာလနှင့်နှိုင်းယှဉ်ပါက မြင့်တက်လာခဲ့သည်။

Source: vnexpress, Source: https://www.doca.gov.mm, Category: International News

Source: https://myantrade.gov.mm/article/naypyitaw_30072024_1025

# ပြည်တွင်းကုန်သွယ်မှုသတင်း

## နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှဘီလီယံ ၂၀၀ကျပ်ဖြင့် မိုးစပါးသီးနှံဧက ၉ ဒသမ ၆ သိန်း ဆောင်ရွက်မည်

ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးသီးနှံဧက ၉ ဒသမ ၆ သိန်း အတွက် ၁၉၂ ဒသမ ၇၁၀ ဘီလီယံအသုံးပြု၍ ဆောင်ရွက်မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

မိုးစပါးသီးနှံအား နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးများတွင် စုစုပေါင်းဧက ၉ ဒသမ ၆ သိန်းအား စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ်တွင် ပဲတီစိမ်း နှင့် နွေစပါးစီမံကိန်းအား နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်ဆောင်ရွက်ခဲ့ရာ ပဲတီစိမ်းသီးနှံနှင့် နွေစပါးသီးနှံအတွက် စုစုပေါင်း ကျပ် ၁၇၄ ဒသမ ၁၈ ဘီလီယံ သုံးစွဲနိုင်ခဲ့ပြီး ချေးငွေများအားလုံး ပြန်လည်ရရှိပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ချေးငွေပြန်လည်ကောက်ခံရရှိငွေဖြင့် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် မိုးစပါးစီမံကိန်းအား နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၁၃၄ ဒသမ ၂၁၃ ဘီလီယံ အသုံးပြုဆောင်ရွက်ခဲ့ပြီး နွေစပါးစီမံကိန်းကို နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့တွင် ၁၄၇ ဒသမ ၈၉၇ ဘီလီယံ အသုံးပြုခဲ့ကြောင်း သိရသည်။

ထို့ပြင် ဆီထွက်သီးနှံ စီမံကိန်းအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ ဆောင်းဆီထွက်သီးနှံရာသီတွင် တိုင်းဒေသကြီး၊ ပြည်နယ် ၉ ခု၌ ရန်ပုံငွေ ၄၈ ဒသမ ၆၀ ဘီလီယံသုံးစွဲ၍ အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မိုးမြေပဲ သီးနှံစိုက်ပျိုးခြင်းကို နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးများ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စုစုပေါင်းဧက ၁ ဒသမ ၀၈ သိန်း စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

Source: https://www.popularmyanmar.com/?p=167451

## ကျောက်ပန်းတောင်းမြို့နယ်၌ ဧပြီလအတွင်းစိုက်ပျိုးခဲ့သော နှမ်းများစတင်နုတ်သိမ်းလျက်ရှိရာ အထွက်နှုန်းကောင်းမွန်

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ဧပြီလအတွင်း တောင်သူများ စိုက်ပျိုးခဲ့ကြသော နှမ်း၊ မြေပဲနှင့် ပဲစင်းငုံများအနက် ဇူလိုင်လ ၂၈ ရက်တွင် ကြံစို့ကျေးရွာနှင့် အရှေ့အင်တိုင်း ကျေးရွာဝန်းကျင် တို့၌ နှမ်းများနုတ်သိမ်းလျက်ရှိရာ အထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။ ကျောက်ပန်းတောင်းမြို့နယ်၌ ဆီထွက်သီးနှံဖြစ်သည့် နှမ်းနှင့်မြေပဲကို အဓိက စိုက်ပျိုးခဲ့ကြရာ တစ်မြို့နယ်လုံးအနေဖြင့် နှမ်း ၁၁၂,၅၂၅ ဧက စိုက်ပျိုးခဲ့ကြောင်းနှင့် မြေပဲ ၂၂,၁၃၇ ဧက စိုက်ပျိုးခဲ့ကြကြောင်း၊ အဆိုပါသီးနှံများအနက် ယခုအခါနှမ်းများ စတင် နုတ်သိမ်းလျက်ရှိကြောင်း သိရသည်။

"နှမ်းက အထွက်နှုန်းကောင်းပါတယ်။ အဆန်လည်းများတယ်။ ဒီနှစ်လည်း မနှစ်ကလိုပဲ အထွက်နှုန်းကောင်းမှာပါ။ တချို့နှမ်းခင်းတွေဆိုရင် အပင်သန်ပြီးလူတစ်ရပ်တောင်ရှိတယ်။ တချို့နှမ်းခင်းတွေကျတော့လည်း မိုးပြတ်သွားတော့ အဖျားသီးလောက်ပဲအောင်ကြတာရှိတယ်။ အခုလည်း မိုးနဲ့လေနဲ့ နုတ်ကြရတာပဲ။ နေလေးပွင့်တာနဲ့ ခါပြီးတောင်းထဲထည့်နိုင်အောင်လုပ်နေရတယ်" ဟု ကြံစို့ကျေးရွာမှ နှမ်းစိုက်တောင်သူတစ်ဦး ကပြောသည်။

နှမ်းစိုက်ပျိုးရာတွင် တချို့တောင်သူများက ပဲစင်းငုံကို နှမ်းနှင့်ရောၡ သီးညှပ်အဖြစ် စိုက်ပျိုးခဲ့ကြသဖြင့် မြေပဲကို စိုက်ပျိုးနိုင်ခြင်းမရှိတော့ဘဲ နှမ်းကို သီးသန့်စိုက်ပျိုးခဲ့ကြသည့်တောင်သူများက နှမ်းနုတ်သိမ်းပြီးသည်နှင့် မြေပဲကိုဆက်လက်စိုက်ပျိုးမည်ဖြစ်သည်။ ယခု မိုးရွာသွန်းမှုအခြေအနေအရ ပဲမျိုးစုံစိုက်ပျိုးမည့် တောင်သူများက မိုးမြေပဲအပြင် ပဲမျိုးစုံပါ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။ Source: https://www.myawady.net.mm

Source: [https://myantrade.gov.mm/article/naypyitaw_29072024_1035](https://myantrade.gov.mm/article/naypyitaw_29072024_1035)

## ပြည်ပကုန်သွယ်မှုသတင်း

### ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၃၀ ရက်အထိ သုံးလတာ ကာလအတွင်း ပြည်ပသို့ ပုစွန် မက်ထရစ်တန် ၁၀၀၀ ကျော်တင်ပို့နိုင်ခဲ့

မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၃၀ ရက်အထိ သုံးလတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၁၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၃၀ ရက်အထိ သုံးလတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန် ၁၁၂၄ ဒသမ ၁၄၈ တန်တင်ပို့ပြီး အမေရိကန် ဒေါ်လာ ၃ ဒသမ ၉၃၈ သန်းရရှိခဲ့ကာ နယ်စပ် ကုန်သွယ်မှုမှ မက်ထရစ်တန် ၅၂ ဒသမ ၁၃၅ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၂၅၇ သန်းရရှိသည့် အတွက် ပြည်ပသို့ ပုစွန်တင်ပို့မှုစုစုပေါင်း မက်ထရစ်တန် ၁၁၇၆ ဒသမ ၂၈၃ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၉၅ သန်းရရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ငါးစသည့် ရေထွက်ကုန်များကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံနှင့် ဂျပန်နိုင်ငံ စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှလည်း တိုက်ရိုက်တင်ပို့လျက်ရှိကြောင်း သိရသည်။

Source: https://www.myawady.net.mm

Source: [https://myantrade.gov.mm/article/naypyitaw_29072024_1023](https://myantrade.gov.mm/article/naypyitaw_29072024_1023)

### သုံးလကျော်အတွင်း ပြည်ပသို့ စက်မှုကုန်ချော ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း နှစ်ထောင် ကျော်ရရှိထား

ယခုဘဏ္ဍာနှစ် သုံးလကျော်ကာလအတွင်း ပြည်ပသို့ စက်မှုကုန်ချောပစ္စည်းတင်ပို့မှုမှ အမေရိကန် ဒေါ်လာသန်း နှစ်ထောင်ကျော်ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံ၏ အဓိကပြည်ပပို့ကုန်တွင် စက်မှုကုန်ချောတစ်ခုဖြစ်သည့် ချုပ်ပြီးအထည်တင်ပို့မှုသည် ပထမနေရာ၌ ရှိနေခြင်းဖြစ်ကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့် အခြားပို့ကုန်များတင်ပို့ရာ ယခုဘဏ္ဍာနှစ် သုံးလကျော်ကာလအတွင်း ပို့ကုန်တင်ပို့မှုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၈၂၀ ဒသမ ၃၄၃ သန်းရရှိခဲ့ရာ ယင်းပို့ကုန်များထဲတွင် စက်မှုကုန်ချောပစ္စည်းတင်ပို့မှုမှ အများဆုံးရရှိခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် သကြား၊ လက်ဝတ်ရတနာ၊ သဘာဝဓာတ်ငွေ့ စသည့်ပစ္စည်းများ တင်ပို့လျက်ရှိကာ ပြည်ပမှရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် CMP တို့ကိုလည်း တင်သွင်းလျက်ရှိကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၅ ရက်အထိ သုံးလကျော်ကာလအတွင်း ပြည်ပသို့ စက်မှုကုန်ချောပစ္စည်းတင်ပို့မှုအနေဖြင့် နိုင်ငံပိုင်မှ အမေရိကန်ဒေါ်လာ ၈၆၂ ဒသမ ၄၉၄ သန်းရရှိထားပြီး ပုဂ္ဂလိကပိုင်ကဏ္ဍမှ အမေရိကန်ဒေါ်လာသန်း ၁,၁၈၈ ဒသမ ၀၂၁ သန်း ရရှိထားကာ စုစုပေါင်း ဒေါ်လာသန်း ၂၀၅၀ ဒသမ ၅၁၅ သန်း ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

Source: [https://www.popularmyanmar.com/?p=167481](https://www.popularmyanmar.com/?p=167481)

## မြန်မာနိုင်ငံ၌ ပထမသုံးလပတ်အတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း ၁၄၀ ကျော် ဝင်ရောက်

မြန်မာနိုင်ငံသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) အမေရိကန်ဒေါ်လာ ၁၄၇ သန်း ဆွဲဆောင်ထားနိုင်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီး ဌာန (DICA) က ဇူလိုင် ၂၆ ရက်၌ ထုတ်ပြန်သော အချက်အလက်အရ သိရသည်။ ယခုနှစ် ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၉ ခု ရှိကြောင်း DICA အချက်အလက်၌ ဖော်ပြထားသည်။

အဆိုပါကာလအတွင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍတွင် FDI အများဆုံးဝင်ရောက်ခဲ့ခြင်းဖြစ်ကာ အမေရိကန်ဒေါ်လာ ၈၂ သန်းရှိကြောင်း၊ ယင်းနောက်တွင် စက်မှုကုန်ချောကဏ္ဍက ဒေါ်လာ ၆၄ သန်းဖြင့် လည်းကောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းက ဒေါ်လာ တစ် သန်းဖြင့်လည်းကောင်း အသီးသီးဝင်ရောက်ခဲ့ကြောင်း သိရသည်။ ယင်းကာလအတွင်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအများဆုံးမှာ စင်ကာပူ၊ တရုတ်နှင့် အင်ဒိုနီးရှား စသည့်နိုင်ငံများဖြစ်ကြောင်း DICA အချက်အလက်အရ သိရသည်။ (Xinhua)

Source: https://xinhuamyanmar.com/mm-en/ne-2472711/

## အထူးဆောင်းပါးများ

### အိန္ဒိယနှင့် ရုရှားတို့သည် စွမ်းအင်နှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် ၂၀၃၀ ခုနှစ် တွင် ဒေါ်လာ ၁၀၀ ဘီလီယံကုန်သွယ်မှုရည်မှန်းချက်ပန်းတိုင်ချမှတ်

အိန္ဒိယနှင့် ရုရှားနိုင်ငံတို့သည် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုတွင် နှစ်နိုင်ငံငွေကြေးနှင့်ပေးချေမှု၊ စွမ်းအင်၊ စိုက်ပျိုးရေးနှင့် အခြေခံအဆောက်အအုံစသည့် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုတို့ကို ၂၀၃၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာဘီလီယံ ၁၀၀ ကျော်အထိ တိုးမြှင့်သွားရန် သဘောတူညီခဲ့ကြကြောင်း၊ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရင်ဒြာမိုဒီတို့က ရုရှားနိုင်ငံ၊ မော်စကိုမြို့၌ ကျင်းပသည့် ၂၂ ကြိမ်မြောက် နှစ်ပတ်လည်ထိပ်သီးအစည်းအဝေးတွင် ယင်းသဘောတူညီချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်းနှင့် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး(Special and Privilege strategic partnership)တစ်ရပ်ဖြစ်သည်ဟု ထပ်လောင်းပြောကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နှစ်နိုင်ငံအကြား အဓိက ကဏ္ဍကြီး ၉ ခုတွင် ပူးပေါင်းဆောင်ရွက်ရန်သဘောတူခဲ့ကြကြောင်း၊ ၎င်းတို့မှာ ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုတွင် နှစ်နိုင်ငံငွေကြေးဖြင့်ပေးချေရေး၊ မြောက်-တောင် သယ်ယူပို့ဆောင်ရေးစင်္ကြံနစသည့်လမ်းကြောင်းသစ်များဖြင့် ကုန်သွယ်မှုမြှင့်တင်ရေး၊ လယ်ယာထွက်ကုန်၊ စားသောက်ကုန်နှင့် မြေသြဇာကုန်သွယ်မှုမြှင့်တင်ရေး၊ နျူကလီးယားစွမ်းအင်အပါအဝင် စွမ်းအင်ကဏ္ဍတွင် နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်ရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်အကျိုးပြုမှုများ အားကောင်းစေရေး၊ ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍတွင် ပူးတွဲစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေး၊ ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုး တိုးတက်ရေးတို့ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နှစ်နိုင်ငံခေါင်းဆောင်များအကြား ယူရေးရှားစီးပွားရေးသမဂ္ဂနှင့် အိန္ဒိယနိုင်ငံအကြား လွတ်လပ်သောစီးပွားရေးဒေသ(EAEU-India Free Trade Area)ထူထောင်နိုင်ခြေအပါအဝင် နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍတွင် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့်ဆက်စပ်သော အကောက်ခွန်မဟုတ်သော ကုန်သွယ်မှုဆိုင်ရာအတားအဆီးများအား ဖယ်ရှားရေးတို့ကို သဘောတူညီခဲ့ကြကြောင်း သိရသည်။

**သဘောတူညီချက်၏ အဓိကအချက်များ**

အောက်ပါအချက်များကို အဓိကသဘောတူညီခဲ့ကြောင်းသိရှိရသည်-

- **ကုန်သွယ်မှုဆိုင်ရာအတားအဆီးများပပျောက်ရေး** - အကောက်ခွန်မဟုတ်သော ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများကိုလျှော့ချရန်နှင့် ယူရေးရှားစီးပွားရေးသမဂ္ဂနှင့် အိန္ဒိယအကြား လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီမှု (EAEU-India Free Trade Area) ထူထောင်နိုင်ရေးကို အလေးထားဆောင်ရွက်ရန်၊
- **ငွေပေးချေမှုစနစ်**-ကုန်သွယ်မှုဆောင်ရွက်ရာတွင် ရိုးရှင်းလွယ်ကူမှုရှိစေရန်အတွက် နှစ်နိုင်ငံသုံးငွေကြေးများဖြင့် ပေးချေနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊
- **ကုန်သွယ်မှုလမ်းကြောင်းသစ်များ**-မြောက်-တောင်စင်္ကြံနှင့် Chennai-Vladivostok ပင်လယ်ရေကြောင်းလမ်းကဲ့သို့သော လမ်းကြောင်းသစ်များဖြင့် ကုန်စည်စီးဆင်းမှုကို မြှင့်တင်ရန်၊

- **စိုက်ပျိုးရေးနှင့် စွမ်းအင်ပူးပေါင်းဆောင်ရွက်မှု**-စိုက်ပျိုးရေးထွက်ကုန်များ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် နျူကလီးယား စွမ်းအင်နှင့် ရေနံသန့်စင်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရန်၊
- **အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး**-သယ်ယူပို့ဆောင်ရေး၊ သင်္ဘောတည်ဆောက်ရေးနှင့် အာကာသကဏ္ဍများ တွင် ပူးပေါင်းဆောင်ရွက်မှုများခိုင်မာစေရန်၊
- **ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဆေးဘက်ဆိုင်ရာတိုးတက်မှုများ**-ဒစ်ဂျစ်တယ်စီးပွားရေးတွင် ပူးတွဲစီမံကိန်းများ မြှင့်တင် ဆောင်ရွက်ရန်နှင့် ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊
- **လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း**-ပညာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့တွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

**ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး**

ထိပ်သီးဆွေးနွေးပွဲအပြီးပူးတွဲထုတ်ပြန်ချက်တွင် နှစ်နိုင်ငံခေါင်းဆောင်များသည် အကောက်ခွန်နှင့် မသက်ဆိုင်သော ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများကိုဖယ်ရှားရန်နှင့် EAEU-India Free Trade Area ထူထောင်နိုင်ခြေအပါအဝင် ကုန်သွယ်မှုဖြေလျှော့မှုဆိုင်ရာကိစ္စရပ်များကို ဆက်လက်ဆွေးနွေးသွားရန် ၎င်းတို့၏ ရည်ရွယ်ချက်ကို ထုတ်ဖော်ပြောကြားခဲ့ပြီး အထူးရင်းနှီးမြှုပ်နှံမှုစနစ်များ အားကောင်းလာစေရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုအားဟန်ချက်ညီစေရန်အတွက် အိန္ဒိယမှ ကုန်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရေးအပါအဝင် ၂၀၃၀ ခုနှစ် တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံကျော် ရရှိရန် ကတိပြုထားကြောင်းလည်း သိရသည်။

**နှစ်နိုင်ငံငွေကြေးကိုအသုံးပြုရေး**

သဘောတူညီချက်၏ အဓိကကဏ္ဍတစ်ခုမှာ နှစ်နိုင်ငံငွေကြေးကို အသုံးပြု၍ ကုန်သွယ်မှုတွင် ငွေပေးချေမှု ဆောင်ရွက် နိုင်ရေးဖြစ်ကြောင်း၊ ယင်းအစီအစဉ်ဖြင့် အိန္ဒိယသည် ရုရှားနိုင်ငံမှ တင်သွင်းသည့် ရေနံစိမ်းကဲ့သို့သောသွင်းကုန်များအတွက် အိန္ဒိယရူပီးငွေဖြင့် ပေးချေနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ ရုရှားသည် အိန္ဒိယ ပို့ကုန်များအတွက်ပေးချေရန် ယင်းရူပီးငွေကို ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ရုရှား ရူဘယ် ငွေကိုလည်း ကုန်သွယ်မှုတွင် အပြန်အလှန်အသုံးပြုနိုင်မည် ဖြစ်ကြောင်းနှင့် ကုန်သွယ်မှုတွင် နှစ်နိုင်ငံငွေကြေး စနစ်များအသုံးပြုနိုင်ရေးသည် ယခုပူးတွဲကြေညာချက်၏ အဓိကအစိတ် အပိုင်းဖြစ်ကြောင်း သိရသည်။

**ကုန်သွယ်မှုလမ်းကြောင်းများနှင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းများကို မြှင့်တင်ခြင်း**

မြောက်-တောင်အပြည်ပြည်ဆိုင်ရာသယ်ယူပို့ဆောင်ရေးစင်္ကြံ၊ မြောက်ပင်လယ်လမ်းကြောင်း(Northen Sea Route) နှင့် Chennai-Vladivostok ပင်လယ်ရေကြောင်းလိုင်းကဲ့သို့သောလမ်းကြောင်းသစ်များ ဖွင့်လှစ်ခြင်းဖြင့် ကုန်စည်စီးဆင်းမှု မြှင့်တင်ရန် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့ကြကြောင်း၊ ထို့အတူ ဒစ်ဂျစ်တယ်စနစ်များမှတစ်ဆင့် ကုန်စည် ကုန်သွယ်မှုများလွယ်ကူချောမွေ့စေရန်အတွက် အကောက်ခွန်ဆိုင်ရာလုပ်ထုံးလုပ်နည်းများကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြကြောင်း ထုတ်ပြန်ချက်တွင် အလေးပေးဖော်ပြခဲ့သည်။

**စိုက်ပျိုးရေးနှင့် စွမ်းအင်ကုန်သွယ်မှုကို မြှင့်တင်ရန်**

သဘောတူညီချက်တွင် နှစ်နိုင်ငံကုန်သွယ်မှု၌ လယ်ယာထွက်ကုန်၊ အစားအစာနှင့် ဓာတ်မြေသြဇာတင်ပို့မှု မြှင့်တင် ရန်အစီအစဉ်များပါဝင်ကြောင်း၊ ထို့အတူ အပင်ပိုးမွှားတိရစ္ဆာန်ကင်းရှင်းရေးဆိုင်ရာ ကန့်သတ်ချက်များနှင့် တားမြစ်ချက်များ ဖယ်ရှားရေးကို နှစ်ဖက်စလုံးက အလေးထားဆွေးနွေးသွားရန် ရည်မှန်းထားကြောင်း၊ စွမ်းအင်ကဏ္ဍတွင် နျူကလီးယား စွမ်းအင်၊ ရေနံချက်လုပ်ခြင်းနှင့် ရေနံဓာတုဗေဒဆိုင်ရာကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်မှုများမြှင့်တင်ရန်နှင့် စွမ်းအင်အခြေခံ အဆောက်အအုံများ၊ နည်းပညာများနှင့် စက်ကိရိယာများတွင် ပူးပေါင်းဆောင်ရွက်ရန်တို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အခြေခံအဆောက်အအုံနှင့် စက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း**

အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ သယ်ယူပို့ဆောင်ရေးအင်ဂျင်နီယာ၊ မော်တော်ကားထုတ်လုပ်ရေး၊ သင်္ဘော တည်ဆောက်ရေး၊ အာကာသနှင့် အခြားစက်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဆောင်ရွက်ခြင်းကို နှစ်နိုင်ငံ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကုမ္ပဏီလုပ်ငန်းခွဲများနှင့် စက်မှုအစုအဖွဲ့များဈေးကွက်ထဲသို့ အပြန်အလှန် ဝင်ရောက်မှုကိုလည်း လွယ်ကူချောမွေ့စေရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း**

နှစ်နိုင်ငံခေါင်းဆောင်များသည် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် နည်းပညာမြှင့်ကုမ္ပဏီများ၏ ဝန်ထမ်းများအတွက် ပညာရေး ဆိုင်ရာဖလှယ်မှုများနှင့် အလုပ်သင်များအပါအဝင် သိပ္ပံနှင့်သုတေသနကဏ္ဍအသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရန်၊ ကဏ္ဍအသီးသီးတွင်ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရန်နှင့် ပူးတွဲစီမံကိန်းများဆောင်ရွက်ရန်ကတိပြုခဲ့ကြောင်း၊ ထို့ပြင် ဆေးဝါးများ နှင့် အဆင့်မြင့်ဆေးဘက်ဆိုင်ရာစက်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထောက်ပံ့ရေးတွင် စနစ်တကျပူးပေါင်းဆောင်ရွက်မှုကို

မြှင့်တင်ရန်နှင့် ရုရှားနိုင်ငံတွင် အိန္ဒိယဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းများ၏ဌာနခွဲများဖွင့်လှစ်ဆောင်ရွက်နိုင်ရန်တို့ကို သဘောတူညီခဲ့ကြကြောင်း သိရသည်။

**လူသားချင်းစာနာမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း**

ထိပ်သီးအစည်းအဝေးသည် ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေး၊ အားကစား၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားနယ်ပယ်များတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်ရန်အလေးပေးပြောကြားခဲ့ကြောင်း၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံ၊ နည်းပညာနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ရုရှား-အိန္ဒိယအစိုးရတို့အကြား ကော်မရှင်အား အဆိုပါ ဦးစားပေးကဏ္ဍများကိုလေ့လာပြီး နောက်တစ်ကြိမ်အစည်းအဝေးတွင် တိုးတက်မှုအခြေအနေကိုတင်ပြရန် နှစ်ဖက်စလုံးက ညွှန်ကြားခဲ့ကြောင်း ထုတ်ပြန်ကြေညာချက်တွင် ပါရှိသည်။

၂၂ ကြိမ်မြောက် အိန္ဒိယနှင့်ရုရှားနှစ်ပတ်လည်ထိပ်သီးဆွေးနွေးပွဲကို ဇူလိုင် ၈ ရက်မှ ၉ ရက်အထိ ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ရုရှားသမ္မတဗလာဒီမာပူတင်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒြာမိုဒီ တို့က လက်ရှိနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် ၎င်းတို့၏မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း၊ နှစ်နိုင်ငံစလုံး၏ ရေရှည်အကျိုးရှိသော အချက်များအပေါ်အခြေခံ၍ အပြန်အလှန်လေးစားမှု၊ တန်းတူညီမျှမှုနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အလေးထားဆွေးနွေးခဲ့ကြောင်း သိရသည်။

Source: India and Russia set $100 billion trade goa. By 2030, cooperation in energy, agriculture, The Economic Times, 9th July, 2024.

(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

https://myantrade.gov.mm/article/STP(Ygn)_17072024_11:12

# ကုန်သွယ်မှုအခြေအနေ

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၄၊ ဇူလိုင်လအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၃၀.၇.၂၀၂၄) ထိ

| မြို့နယ် | ဆန်ကြမ်းထိပ်စပေါင်း | ပေါ်ဆန်း |
|---|---|---|
| ဖျာပုံ | - | 110000-120000 |
| မြောင်းမြ | 80000-85000 | 110000-120000 |
| ဒေးဒရဲ | 80000-85000 | 110000-120000 |
| ဝါးခယ်မ | 80000-85000 | 100000-110000 |
| ဘိုကလေး | 80000-85000 | 100000-110000 |
| မော်လမြိုင်ကျွန်း | 80000-85000 | 100000-110000 |
| လပွတ္တာ | - | 100000-110000 |
| ကျိုက်လတ် | 80000-85000 | 100000-110000 |
| ဘုရင့်နောင် | 80000-85000 | 135000-145000 (ရွှေဘို) |

Source: MRF

### ၂၀၂၄၊ ဇူလိုင်လ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 1.7.2024 | 1600-1650 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 |
| 2 | 8.7.2024 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 | 1350-1400 |
| 3 | 15.7.2024 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 | 1350-1400 |
| 4 | 22.7.2024 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 | 1350-1400 |
| 5 | 29.7.2024 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 | 1350-1400 |

Source: MRPPA

# ၂၀၂၄၊ ဇူလိုင်လအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ) | | | ခွဲနီ(ရှယ်) | | | ဧည့်မထ(အကြမ်းသစ်) | | | ငစိန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.7.2024 | 120000 | 115000 | 110000 | 104000 | 100000 | 95000 | 78000 | 77000 | 75000 | 74000 | 73000 | 72000 |
| 2 | 2.7.2024 | 120000 | 115000 | 110000 | 104000 | 100000 | 95000 | 78000 | 77000 | 75000 | 74000 | 73000 | 72000 |
| 3 | 3.7.2024 | 120000 | 115000 | 110000 | 104000 | 100000 | 95000 | 78000 | 77000 | 75000 | 74000 | 73000 | 72000 |
| 4 | 4.7.2024 | 120000 | 115000 | 110000 | 104000 | 100000 | 95000 | 78000 | 77000 | 75000 | 74000 | 73000 | 72000 |
| 5 | 5.7.2024 | 120000 | 115000 | 110000 | 104000 | 100000 | 95000 | 78000 | 77000 | 75000 | 74000 | 73000 | 72000 |
| 6 | 8.7.2024 | 120000 | 115000 | 110000 | 104000 | 100000 | 95000 | 78000 | 77000 | 75000 | 74000 | 73000 | 72000 |
| 7 | 9.7.2024 | 120000 | 115000 | 110000 | 104000 | 100000 | 95000 | 78000 | 77000 | 75000 | 74000 | 73000 | 72000 |
| 8 | 10.7.2024 | 120000 | 115000 | 110000 | 104000 | 100000 | 95000 | 78000 | 77000 | 75000 | 74000 | 73000 | 72000 |
| 9 | 11.7.2024 | 120000 | 115000 | 110000 | 104000 | 100000 | 95000 | 78000 | 77000 | 75000 | 74000 | 73000 | 72000 |
| 10 | 12.7.2024 | 120000 | 115000 | 110000 | 104000 | 100000 | 95000 | 78000 | 77000 | 75000 | 74000 | 73000 | 72000 |
| 11 | 15.7.2024 | 120000 | 115000 | 110000 | 104000 | 100000 | 95000 | 77000 | 76000 | 75000 | 74000 | 73000 | 72000 |
| 12 | 16.7.2024 | 120000 | 115000 | 110000 | 104000 | 100000 | 95000 | 77000 | 76000 | 75000 | 74000 | 73000 | 72000 |
| 13 | 17.7.2024 | 120000 | 115000 | 110000 | 104000 | 100000 | 95000 | 77000 | 76000 | 75000 | 74000 | 73000 | 72000 |
| 14 | 18.7.2024 | 120000 | 115000 | 110000 | 104000 | 100000 | 95000 | 77000 | 76000 | 75000 | 74000 | 73000 | 72000 |
| | | | | | | | | ဧည့်မထ (၂၅% ) အကြမ်း | | | | | |
| 15 | 22.72024 | 120000 | 115000 | 110000 | 104000 | 100000 | 95000 | 70000 | 69000 | 68000 | 73000 | 72000 | 71000 |
| 16 | 23.7.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 70000 | 69000 | 68000 | 73000 | 72000 | 71000 |
| 17 | 24.7.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 70000 | 69000 | 68000 | 73000 | 72000 | 71000 |
| 18 | 25.7.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 70000 | 69000 | 68000 | 73000 | 72000 | 71000 |
| 19 | 26.7.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 70000 | 69000 | 68000 | 73000 | 72000 | 71000 |
| 20 | 29.7.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 70000 | 69000 | 68000 | 73000 | 72000 | 71000 |
| 21 | 30.7.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 70000 | 69000 | 68000 | 73000 | 72000 | 71000 |
| 22 | 31.7.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 70000 | 69000 | 68000 | 73000 | 72000 | 71000 |

Source: Myanmar Rice

# ၂၀၂၄၊ ဇူလိုင်လ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.7.2024 | 2100.0 | 57.190 | 288.92 | 1550.3 | 25.120 | 1304.6 |
| 2 | 2.7.2024 | 2100.0 | 56.988 | 288.80 | 1546.1 | 25.153 | 1299.5 |
| 3 | 3.7.2024 | 2100.0 | 57.122 | 288.72 | 1548.6 | 25.140 | 1298 |
| 4 | 4.7.2024 | 2100.0 | 5.354 | 288.82 | 1553.0 | 25.147 | 1302.0 |
| 5 | 5.7.2024 | 2100.0 | 57.424 | 288.97 | 1555.7 | 25.152 | 1306.4 |
| 6 | 8.7.2024 | 2100.0 | 57.535 | 288.85 | 1556.1 | 25.157 | 1303.6 |
| 7 | 9.7.2024 | 2100.0 | 57.700 | 288.78 | 1555.3 | 25.154 | 1304.2 |
| 8 | 10.7.2024 | 2100.0 | 57.700 | 288.63 | 1555.6 | 25.157 | 1300.3 |
| 9 | 11.7.2024 | 2100.0 | 57.891 | 288.93 | 1558.2 | 25.129 | 1300.3 |
| 10 | 12.7.2024 | 2100.0 | 58.027 | 289.20 | 1562.8 | 25.14 | 1318.2 |
| 11 | 15.7.2024 | 2100.0 | 57.971 | 289.16 | 1565.2 | 25.133 | 1330.7 |
| 12 | 16.7.2024 | 2100.0 | 58.172 | 289.01 | 1562.5 | 25.121 | 1325.0 |
| 13 | 17.7.2024 | 2100.0 | 58.537 | 289.43 | 1567.2 | 25.142 | 1341.9 |
| 14 | 18.7.2024 | 2100.0 | 58.374 | 289.22 | 1566.2 | 25.104 | 1341.7 |
| 15 | 22.72024 | 2100.0 | 57.843 | 288.75 | 1561.7 | 25.099 | 1340.6 |
| 16 | 23.7.2024 | 2100.0 | 57.971 | 288.70 | 1561.0 | 25.093 | 1346.5 |
| 17 | 24.7.2024 | 2100.0 | 58.067 | 288.57 | 1561.2 | 25.086 | 1355.9 |
| 18 | 25.7.2024 | 2100.0 | 58.035 | 290.57 | 1563.6 | 25.089 | 1375.2 |
| 19 | 26.7.2024 | 2100.0 | 58.236 | 289.58 | 1563.0 | 25.084 | 1361.5 |
| 20 | 29.7.2024 | 2100.0 | 58.455 | 289.31 | 1562.6 | 25.079 | 1366.6 |
| 21 | 30.7.2024 | 2100.0 | 58.390 | 289.66 | 1562.9 | 25.08 | 1357.5 |
| 22 | 31.7.2024 | 2100.0 | 58.881 | 290.67 | 1568.3 | 25.079 | 1324.9 |

Source: Central Bank of Myanmar

## ၂၀၂၄၊ ဇူလိုင်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC | ပဲစင်းငုံ RC | ပဲတီစိမ်း(ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2024 | 2024 | | (ထိပ်စ) | | |
| 1 | 1.7.2024 | 3312000 | 4472000 | 1837200-2094400 | 2602700 | - | 4366300 |
| 2 | 2.7.2024 | 3330000 | 4452000 | 1837200-2094400 | 2602700 | - | 4366300 |
| 3 | 3.7.2024 | 3330000 | 4480000 | 1837200-2094400 | 2602700 | - | 4366300 |
| 4 | 4.7.2024 | 3327000 | 4475000 | 1837200-2094400 | 2602700 | - | 4311200 |
| 5 | 5.7.2024 | 3292000 | 4447000 | 1837200-2094400 | 2602700 | - | 4311200 |
| 6 | 8.7.2024 | 3309000 | 4482000 | 1837200-2094400 | 2602700 | - | 4311200 |
| 7 | 9.7.2024 | 3309000 | 4460000 | 1837200-2042300 | 2602700 | - | 4259200 |
| 8 | 10.7.2024 | 3340000 | 4477000 | 1837200-2042300 | 2602700 | - | 4259200 |
| 9 | 11.7.2024 | 3345000 | 4457000 | 1837200-2042300 | 2602700 | - | 4259200 |
| 10 | 12.7.2024 | 3392000 | 4450000 | 1837200-2042300 | 2602700 | - | 4259200 |
| 11 | 15.7.2024 | 3355000 | 4455000 | 1837200-2042300 | 2602700 | - | 4259200 |
| 12 | 16.7.2024 | 3330000 | 4442000 | 1837200-2042300 | 2602700 | - | 4259200 |
| 13 | 17.7.2024 | 3334000 | 4430000 | 1837200-2042300 | 2602700 | - | 4259200 |
| 14 | 18.7.2024 | 3362000 | 4460000 | 1837200-2042300 | 2602700 | - | 4259200 |
| 15 | 22.72024 | 3345000 | 4442000 | 1837200-2042300 | 2602700 | - | 4259200 |
| 16 | 23.7.2024 | 3345000 | 4425000 | 1837200-2042300 | 2602700 | - | 4259200 |
| 17 | 24.7.2024 | 3330000 | 4390000 | 1837200-2042300 | 2602700 | - | 4259200 |
| 18 | 25.7.2024 | 3355000 | 4405000 | 1837200-2042300 | 2602700 | - | 4259200 |
| 19 | 26.7.2024 | 3355000 | 4347000 | 1837200-2042300 | 2602700 | - | 4259200 |
| 20 | 29.7.2024 | 3329000 | 4207000 | 1837200-2042300 | 2602700 | - | 4259200 |
| 21 | 30.7.2024 | 3326000 | 4200000 | 1837200-2042300 | 2602700 | - | 4204100 |
| 22 | 31.7.2024 | 3371000 | 4367000 | 1837200-2042300 | 2602700 | - | 4204100 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၄၊ ဇူလိုင်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 1.7.2024 | 3359000-3469200 | 2296500-2348500 | 2856800-2960900 | 2345500-2449600 | 857300-869600 |
| 2 | 2.7.2024 | 3359000-3469200 | 2296500-2400600 | 2856800-2960900 | 2345500-2400600 | 857300-869600 |
| 3 | 3.7.2024 | 3359000-3469200 | 2296500-2400600 | 2856800-2960900 | 2345500-2400600 | 857300-869600 |
| 4 | 4.7.2024 | 3359000-3469200 | 2345500-2400600 | 2856800-2960900 | 2345500-2400600 | 857300-869600 |
| 5 | 5.7.2024 | 3359000-3469200 | 2345500-2400600 | 2908900-2982300 | 2345500-2400600 | 857300-869600 |
| 6 | 8.7.2024 | 3359000-3469200 | 2345500-2400600 | 2856800-3013000 | 2345500-2400600 | 875700-888000 |
| 7 | 9.7.2024 | 3359000-3469200 | 2345500-2400600 | 2856800-3013000 | 2345500-2400600 | 875700-888000 |
| 8 | 10.7.2024 | 3359000-3469200 | 2345500-2400600 | 2856800-3013000 | 2345500-2449600 | 875700-888000 |
| 9 | 11.7.2024 | 3359000-3469200 | 2345500-2400600 | 2856800-3013000 | 2345500-2449600 | 875700-888000 |
| 10 | 12.7.2024 | 3359000-3469200 | 2345500-2400600 | 2856800-3013000 | 2345500-2449600 | 875700-888000 |
| 11 | 15.7.2024 | 3359000-3469200 | 2345500-2449600 | 2856800-3013000 | 2397500-3521200 | 875700-888000 |
| 12 | 16.7.2024 | 3359000-3469200 | 2345500-2449600 | 2856800-3013000 | 2397500-3521200 | 875700-888000 |
| 13 | 17.7.2024 | 3359000-3469200 | 2345500-2449600 | 2856800-3013000 | 2397500-3521200 | 875700-888000 |
| 14 | 18.7.2024 | 3359000-3469200 | 2345500-2449600 | 2856800-3013000 | 2397500-3521200 | 875700-888000 |
| 15 | 22.72024 | 3359000-3469200 | 2397500-2553700 | 2856800-3013000 | 2449600-2553700 | 875700-888000 |
| 16 | 23.7.2024 | 3359000-3469200 | 2449600-2553700 | 2856800-3013000 | 2498600-2602700 | 875700-888000 |
| 17 | 24.7.2024 | 3359000-3469200 | 2449600-2553700 | 2856800-3013000 | 2602700-2706800 | 875700-888000 |
| 18 | 25.7.2024 | 3359000-3469200 | 2449600-2553700 | 2856800-3013000 | 2550600-2602700 | 875700-888000 |
| 19 | 26.7.2024 | 3359000-3469200 | 2449600-2553700 | 2856800-3013000 | 2651600-2706800 | 875700-888000 |
| 20 | 29.7.2024 | 3359000-3469200 | 2449600-2553700 | 2856800-3013000 | 2703700-2755800 | 875700-888000 |
| 21 | 30.7.2024 | 3359000-3469200 | 2449600-2553700 | 2856800-3013000 | 2703700-2755800 | 881800-894100 |
| 22 | 31.7.2024 | 3359000-3469200 | 2449600-2553700 | 2856800-3013000 | 2755800-2859900 | 881800-894100 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၄၊ ဇူလိုင်လအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 1.7.2024 to 5.7.2024 | 8.7.2024 to 12.7 .2024 | 15.7.2024 to 19.7.2024 | 22.7 .2024 to 26.7.2024 | 29.7.2024 To 31.7.2024 |
|---|---|---|---|---|---|---|
| မတ်ပဲ (2023-24 Crop) | FAQ | 970-980 | 965-975 | 965-975 | 955-965 | 935-945 |
| | SQ | 1060-1070 | 1055-1065 | 1055-1065 | 1045-1055 | 1025-1035 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 1070-1090 | 1065-1085 | 1065-1085 | 1055-1075 | 1035-1055 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 1170-1190 | 1165-1185 | 1165-1185 | 1155-1175 | 1135-1155 |
| | အခွံပါအခြမ်း | 1070-1090 | 1065-1085 | 1065-1085 | 1055-1075 | 1035-1055 |
| ပဲတီစိမ်း (2023-24 Crop) | FAQ (အညာ) | 715-725 | 715-725 | 715-725 | 715-725 | 700-710 |
| | ရွှေဝါအကြီး(Size 3.5 mm &up) | 860-870 | 860-870 | 860-870 | 860-870 | 850-860 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 820-830 | 820-830 | 820-830 | 820-830 | 810-820 |
| | ရွှေဝါအသေး (Under 3.5 mm) | 750-760 | 750-760 | 750-760 | 750-760 | 740-750 |
| ပဲတီစိမ်း (2023 -24 Crop) | FAQ ပဲနောက် | 700-710 | 700-710 | 700-710 | 700-710 | 690-700 |
| | SQ ပဲနောက် | 950-960 | 950-960 | 950-960 | 950-960 | 950-960 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 980-1000 | 980-1000 | 980-1000 | 980-1000 | 960-980 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 800-820 | 800-820 | 830-850 | 830-850 | 810-830 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 760-780 | 760-780 | 760-780 | 760-780 | 740-760 |
| ပဲစင်းငုံ(2023 -24 Crop) | အနီ | 1330-1340 | 1290-1300 | 1270-1280 | 1270-1280 | 1220-1230 |
| ပဲစင်းငုံ (2023-24 Crop) | အဖြူ(စစ်ကိုင်း) | 1290-1310 | 1250-1260 | 1230-1240 | 1230-1240 | 1180-1190 |
| | အခွံချွတ်အခြမ်း | 1630-1655 | 1590-1600 | 1570-1580 | 1570-1580 | 1520-1530 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 900-910 | 875-885 | 860-870 | 860-870 | 860-870 |
| | အခွံချွတ်အခြမ်း | 1210-1230 | 1185-1205 | 1110-1130 | 1110-1130 | 1110-1130 |
| ပဲလွန်းဖြူ | FAQ | 760-770 | 775-785 | 785-795 | 785-795 | 785-795 |
| | SQ | 825-835 | 840-850 | 850-860 | 850-860 | 850-860 |
| | အခွံချွတ်အခြမ်း | 890-910 | 905-925 | 915-935 | 915-935 | 915-935 |
| ပဲလွန်းနီ | FAQ | 650-660 | 650-660 | 660-670 | 660-670 | 660-670 |
| ပဲထောပတ် | FAQ | 1425-1435 | 1410-1420 | 1410-1420 | 1410-1420 | 1390-1400 |
| | အခွံချွတ်အခြမ်း | 1450-1470 | 1435-1455 | 1435-1455 | 1435-1455 | 1415-1435 |
| ပြောင်းဆန် | | 260-270 | 260-270 | 260-270 | 260-270 | 265-275 |
| နှမ်းဖြူ | | 1800-1810 | 1770-1780 | 1780-1790 | 1830-1840 | 1830-1840 |
| နှမ်းနက်(စမုန်) | | 1920-1930 | 1960-1970 | 1980-1990 | 2220-2230 | 2220-2230 |
| နှမ်းညို | | 1420-1430 | 1395-1405 | 1415-1425 | 1460-1470 | 1480-1490 |
| နှမ်းနက်(ရိုးရိုး) | | - | - | - | 1560-1570 | 1560-1570 |
| မြေထောက်ပဲ(အနီ)FAQ | | 1055-1065 | 1055-1065 | 1035-1045 | 1035-1045 | 1020-1030 |
| မြေထောက်ပဲ(အနီ)SQ | | 1240-1250 | 1210-1220 | 1190-1200 | 1190-1200 | 1170-1180 |
| မြေထောက်ပဲ(အဖြူ) | | 1275-1285 | 1275-1285 | 1255-1265 | 1255-1265 | 1255-1265 |
| မြေထောက်ပဲ(အကြား)Light Speckled Kidney Beans | | 1055-1065 | 1055-1065 | 1055-1065 | 1035-1045 | 1035-1045 |
| ပဲယင်း(ဝါ) | | 520-530 | 520-530 | 520-530 | 520-530 | 520-530 |
| ပဲယင်း(နီ) | | 710-720 | 710-720 | 700-710 | 700-710 | 720-730 |
| ပဲကြီး | | 920-930 | 950-960 | 950-960 | 950-960 | 940-950 |
| ပဲကြီးအခွံချွတ်အခြမ်း | | - | - | - | 1080-1100 | 1060-1080 |
| Azuki (Small Red Bean) | | 1015-1025 | 1015-1025 | 1015-1025 | 1015-1025 | 1015-1025 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၄၊ ဇူလိုင်လအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်ဈေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 3.7.2024 to 9.7.2024 | 10.7.2024 to 16.7.2024 | 17.7.2024 to 23.7.2024 | 24.7.2024 to 30.7.2024 |
|---|---|---|---|---|---|
| 1 | Myanmar White Rice 5% Broken | 545-550 | 545-550 | 540-545 | 540-545 |
| 2 | Myanmar White Rice 5% Broken (Well Milled Sortexed) | 550-555 | 550-555 | 545-550 | 545-550 |
| 3 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 550-555 | 550-555 | 550-555 | 550-555 |
| 4 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 545-550 | 545-550 | 545-550 | 545-550 |
| 5 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 540-545 | 540-545 | 535-545 | 535-545 |
| 6 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 535-540 | 535-540 | 510-520 | 510-520 |
| 7 | Myanmar Long Grain White Rice (Emata)25% Broken(Reasonable Well Milled) | 510-515 | 510-515 | 500-510 | 500-510 |
| 8 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 555-565 | 555-565 | 550-555 | 550-555 |
| 9 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 545-555 | 545-555 | 545-550 | 545-550 |
| 10 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 540-545 | 540-545 | 535-545 | 535-545 |
| 11 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 535-545 | 535-545 | 510-520 | 510-520 |
| 12 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 550-555 | 550-555 | 550-555 | 550-555 |
| 13 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 545-550 | 545-550 | 545-550 | 545-550 |
| 14 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 540-545 | 540-545 | 535-545 | 535-545 |
| 15 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 535-540 | 535-540 | 510-520 | 510-520 |
| 16 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 550-555 | 550-555 | 550-555 | 550-555 |
| 17 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 545-550 | 545-550 | 545-550 | 545-550 |
| 18 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 540-545 | 540-545 | 535-545 | 535-545 |
| 19 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 535-540 | 535-540 | 510-520 | 510-520 |
| 20 | Myanmar White Rice (Nga Sein Yar Kyaw)25% Broken(Reasonably Well-Milled) | 510-515 | 510-515 | 500-510 | 500-510 |
| 21 | Myanmar Long Grain Fragrant Rice 5% Broken(Well Milled Double Polished Sortexed) | 590-600 | 590-600 | 590-600 | 590-600 |
| 22 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 550-555 | 550-555 | 550-555 | 550-555 |
| 23 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 545-550 | 545-550 | 545-550 | 545-550 |
| 24 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 540-545 | 540-545 | 535-545 | 535-545 |
| 25 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 535-545 | 535-545 | 510-520 | 510-520 |
| 26 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 635-640 | 635-640 | 645-655 | 645-655 |
| 27 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 630-640 | 630-640 | 640-645 | 640-645 |
| 28 | Myanmar Long Grain Parboiled Brown Rice 5% Broken (Well Milled Double Polished Sortexed) | 640-645 | 640-645 | 650-660 | 650-660 |
| 29 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 630-640 | 630-640 | 640-650 | 640-650 |
| 30 | Myanmar Glutinous Rice 5% Broken (Well Milled) | 565-575 | 565-575 | 565-575 | 565-575 |
| 31 | Myanmar Glutinous Rice 10 % Broken (Well Milled) | 555-565 | 555-565 | 555-565 | 555-565 |
| 32 | Myanmar Glutinous Rice 15 % Broken (Well Milled) | 545-555 | 545-555 | 545-555 | 545-555 |
| 33 | Myanmar Glutinous Rice 10 % Broken (Reasonable Well Milled) | 540-545 | 540-545 | 540-545 | 540-545 |
| 34 | Myanmar Brown Rice 10 % Broken | 465-475 | 465-475 | 465-475 | 465-475 |

**Source: MRF**

## ၂၀၂၄၊ ဇူလိုင်လအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USD/ gal) | Natural Gas USD/ MMBtu) | Heating Oil (USD/ gal) |
|---|---|---|---|---|---|---|
| 1 | 1.7.2024 | 81.95 | 85.41 | 252.86 | 2.57 | 255.42 |
| 2 | 2.7.2024 | 83.51 | 86.80 | 257.58 | 2.46 | 261.26 |
| 3 | 3.7.2024 | 83.23 | 86.72 | 257.69 | 2.45 | 263.40 |
| 4 | 4.7.2024 | 83.3 | 86.81 | 257.00 | 2.44 | 260.97 |
| 5 | 5.7.2024 | 83.69 | 87.11 | 257.99 | 2.36 | 261.28 |
| 6 | 8.7.2024 | 82.97 | 86.47 | 255.43 | 2.34 | 258.96 |
| 7 | 9.7.2024 | 82.10 | 85.53 | 253.17 | 2.38 | 257.31 |
| 8 | 10.7.2024 | 80.93 | 84.10 | 250.65 | 2.34 | 250.26 |
| 9 | 11.7.2024 | 82.78 | 85.77 | 251.81 | 2.34 | 253.23 |
| 10 | 12.7.2024 | 83.00 | 85.68 | 251.76 | 2.27 | 252.26 |
| 11 | 15.7.2024 | 82.41 | 85.16 | 250.47 | 2.27 | 250.53 |
| 12 | 16.7.2024 | 81.41 | 84.39 | 248.26 | 2.16 | 250.05 |
| 13 | 17.7.2024 | 80.71 | 83.68 | 246.38 | 2.18 | 246.3 |
| 14 | 18.7.2024 | 83.45 | 85.48 | 251.21 | 2.04 | 250.20 |
| 15 | 22.72024 | 80.61 | 83.20 | 246.21 | 2.16 | 243.30 |
| 16 | 23.7.2024 | 79.78 | 82.44 | 247.02 | 2.24 | 244.00 |
| 17 | 24.7.2024 | 77.36 | 81.42 | 243.17 | 2.15 | 241.83 |
| 18 | 25.7.2024 | 76.96 | 81.07 | 243.00 | 2.12 | 243.99 |
| 19 | 26.7.2024 | 78.29 | 82.39 | 247.70 | 2.06 | 247.50 |
| 20 | 29.7.2024 | 77.36 | 81.42 | 246.27 | 2.04 | 243.38 |
| 21 | 30.7.2024 | 75.48 | 79.45 | 240.71 | 1.91 | 236.39 |
| 22 | 31.7.2024 | 75.84 | 79.65 | 239.45 | 2.12 | 236.00 |

Source: Bloomberg Commodities

## ၂၀၂၄၊ ဇူလိုင်လအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

| No | Date | London | New York | Yangon (YGEA) |
|---|---|---|---|---|
| 1 | 1.7.2024 | 2328 | 2510 | N/A |
| 2 | 2.7.2024 | 2328 | 2332 | 4490.929 |
| 3 | 3.7.2024 | 2333 | 2336 | 4492.86 |
| 4 | 4.7.2024 | 2358 | 2356 | 4539.974 |
| 5 | 5.7.2024 | 2369 | 2510 | 4545.929 |
| 6 | 8.7.2024 | 2889 | 2510 | 4574.84 |
| 7 | 9.7.2024 | 2368 | 2374 | 4576.768 |
| 8 | 10.7.2024 | 2373 | 2377 | 4559.645 |
| 9 | 11.7.2024 | 2383 | 2387 | 4593.259 |
| 10 | 12.7.2024 | 2409 | 2410 | 4657.82 |
| 11 | 15.7.2024 | 2408 | 2510 | 4644.584 |
| 12 | 16.7.2024 | 2433 | 2439 | 4671.112 |
| 13 | 17.7.2024 | 2473 | 2477 | 4712.261 |
| 14 | 18.7.2024 | 2471 | 2476 | 4788.59 |
| 15 | 22.72024 | 2412 | 2416 | 4633.807 |
| 16 | 23.7.2024 | 2401 | 2405 | 4637.677 |
| 17 | 24.7.2024 | 2416 | 2423 | 4653.438 |
| 18 | 25.7.2024 | 2377 | 2382 | 4681.396 |
| 19 | 26.7.2024 | 2370 | 2376 | 4592.263 |
| 20 | 29.7.2024 | 2398 | 2402 | 4609.702 |
| 21 | 30.7.2024 | 2388 | 2394 | 4643.464 |
| 22 | 31.7.2024 | 2417 | 2421 | 4545.602 |

**Source: Bullionvault, e trade Myanmar**

မှတ်ချက်။ မန္တလေးရွှေဈေးသည် e trade Myanmar တွင် ဈေးနှုန်းတက်ခြင်းမရှိပါသောကြောင့် ဈေးနှုန်းရရှိချိန်တွင်ပြန်လည်ဖော်ပြပေးပါမည်